# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၂) ရက် ၊ ကြာသပတေးနေ့ ၊ (19-9-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၄၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေကြီးရေလျှံမှုသဘာဝဘေးဒဏ်ကြုံတွေ့ခဲ့ရသည့် တပ်ကုန်းတပ်နယ်အတွင်းရှိ တပ်ဌာနချုပ်များကို သွားရောက်ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များမှာကြား၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ကျချောင်းရေများအလုံးအရင်းဖြင့် စီးဆင်းခဲ့မှုကြောင့် ကျိုးကျပျက်စီးခဲ့သည့် မုန်ချောင်းကူးကွန်ကရစ်တံတားပျက်စီးမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရေကြီးရေလျှံမှုသဘာဝဘေးဒဏ်ကြုံတွေ့ခဲ့ရသည့်တပ်ကုန်းတပ်နယ်အတွင်းရှိ တပ်ဌာနချုပ်များကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် နယ်မြေခံတပ်ဌာနချုပ် ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံ၍ မမျှော်မှန်းနိုင်သောရုတ်တရက်ဖြစ်ပေါ်လာသည့် သဘာဝဘေးဒဏ်ကို ကြုံတွေ့ခဲ့ရသည့် အရာရှိစစ်သည်မိသားစုများ၏ အခက်အခဲများအား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးတို့အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ မိုးရွာသွန်းမှုများဖြစ်ပေါ်မည်ဟု ကြိုတင်သတိပေးချက်များရှိခဲ့သော်လည်း ယခုအတိုင်းအတာထိ မိုးသည်းထန်စွာရွာသွန်းမည်ဟု မှန်းဆမှုမရှိခဲ့ကြကြောင်း၊

စာမျက်နှာ ၁၉ ကော်လံ ၁



ရတနာပုံ
၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၉ ရက်
အယ်ဒီတာ့အာဘော်

# အနာဂတ်အတွက် နိုင်ငံ၏ကြေးမုံချပ်ကို လက်တွဲဖော်ဆောင်

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နောက်ဆုံးကောက်ယူခဲ့သည့် ၂၀၁၄ ပြည်လုံးကျွတ်သန်းခေါင်စာရင်းအပြီး ၁၀ နှစ်အကြာ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း နောက်တစ်ကြိမ်ကောက်ယူတော့မည်ဖြစ်ရာ ယနေ့ကစ၍ ရေတွက်ပါက သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်စတင်ရန် ရက်ပေါင်း ၁၁ ရက်သာ လိုအပ်တော့သည်ကို တွေ့ရပါသည်။

မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူမှုသမိုင်းကြောင်းအခြေအနေများကို လေ့လာကြည့်ပါက လွတ်လပ်ရေးမရမီကာလ ၁၈၇၂ ခုနှစ်၊ ၁၈၈၁ ခုနှစ်၊ ၁၈၉၁ ခုနှစ်၊ ၁၉၀၁ ခုနှစ်၊ ၁၉၁၁ ခုနှစ်၊ ၁၉၂၁ ခုနှစ်၊ ၁၉၃၁ ခုနှစ်၊ ၁၉၄၁ ခုနှစ်တို့တွင် ရှစ်ကြိမ်ကောက်ယူနိုင်ခဲ့သည်ကို တွေ့ရသည်။ လွတ်လပ်ရေးရပြီးနောက်တွင်လည်း ၁၉၅၃-၅၄ ခုနှစ်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်တို့တွင် သန်းခေါင်စာရင်းပြန်လည်ကောက်ယူနိုင်ခဲ့သည်။ ထို့ပြင် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကို ၂၀၁၉ ခုနှစ်တွင် အောင်မြင်စွာကောက်ယူနိုင်ခဲ့ပြီး နိုင်ငံတော်၏ လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များ၊ စာရင်းအင်းဆိုင်ရာအချက်အလက်များကို နိုင်ငံ၏အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအသုံးပြုမှုအတွက် နိုင်ငံ၏ကြေးမုံချပ်သဖွယ် များစွာအထောက်အကူဖြစ်ခဲ့ရပေသည်။

မိမိတို့နိုင်ငံ၏ ဆယ်နှစ်တစ်ကြိမ်ကောက်ယူသည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းနှင့်ပတ်သက်၍ ယခုနှစ် စက်တင်ဘာ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းအထိမ်းအမှတ် ပြည်သူသို့ ပြောကြားသည့်မိန့်ခွန်းတွင်"**၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်ကနေ ၁၅ ရက်ထိ ကောက်ယူမယ့် လူဦးရေနဲ့အိမ်အကြောင်းအရာသန်းခေါင်စာရင်းဟာ ပြည်တွင်းရှိ လူ့စွမ်းအားအရင်းအမြစ်တွေကိုအခြေခံပြီး ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နေတဲ့ အမျိုးသားရေးလုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ ဒီလုပ်ငန်းကြီးကို တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုတည်းနဲ့ဆောင်ရွက်လို့မရနိုင်ဘဲ နိုင်ငံတစ်ဝန်း နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးရဲ့ ညီညွတ်သောအင်အားနဲ့ အောင်မြင်အောင်ဆောင်ရွက်ပြီး ကမ္ဘာ့အလယ်တွင် နိုင်ငံ့စွမ်းအားကို ပြသရမှာလည်းဖြစ်ပါတယ်**"စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့ပါသည်။

ယခုသန်းခေါင်စာရင်းကောက်ယူခြင်းဖြင့်ရရှိလာသည့်အချက်အလက်များသည် နိုင်ငံတော်တွင် အစိုးရဌာနဆိုင်ရာများ၊ ပြည်သူများအားလုံးနှင့် တိုက်ရိုက်သက်ဆိုင်ပါသည်။ နိုင်ငံအတွင်းနေထိုင်သူ ပြည်သူတစ်ဦးချင်းစီမှ အဖွဲ့အစည်းအလိုက်၊ တစ်နိုင်ငံလုံးအတိုင်းအတာအရ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး၊ သဘာဝဘေးကျရောက်ပါက ကယ်ဆယ်ရေး စသည့်အခြားသောဘက်စုံ၊ ကဏ္ဍစုံအတွက် လိုအပ်သည့်အချက်အလက်များကို သန်းခေါင်စာရင်းကသာလျှင် အနီးစပ်ဆုံး၊ အတိကျဆုံး၊ အပြည့်စုံဆုံး မှန်ကန်စွာရရှိစေနိုင်သောကြောင့် နိုင်ငံတော်၏ ကြေးမုံချပ်သဖွယ် မရှိမဖြစ်များစွာအသုံးဝင်အရေးကြီးလှပေသည်။

ထို့ကြောင့် မကြာခင်ကာလအတွင်း ဆောင်ရွက်တော့မည့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်အောင်မြင်ရေးကို သက်ဆိုင်ရာအဖွဲ့အစည်းသာမက ပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းလက်တွဲပူးပေါင်းကူညီဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ပြည်သူများဘက်မှ ထိရောက်စွာပူးပေါင်းကူညီနိုင်သည့် အရေးအကြီးဆုံးအချက်မှာ စာရင်းကောက်များ၏မေးခွန်းများကို မှန်မှန်ကန်ကန်ပြည့်ပြည့်စုံစုံဖြေကြားပေးရုံမျှဖြင့် အဓိကကျသော ပူးပေါင်းပါဝင်ကူညီမှုကိုဖြစ်စေပါသည်။ ထိုမှ တိကျမှန်ကန်သော သန်းခေါင်စာရင်းရလဒ်များသည် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲချမှတ်ဆုံးဖြတ်ရာတွင် အောင်မြင်ချောမွေ့စေမည်ဖြစ်ရာ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးမှုအကျိုးအတွက် နိုင်ငံ့ကြေးမုံချပ်ထွက်ပေါ်လာရေး အခွင့်အရေးကြီး၌ နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူအပေါင်းက ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ပြည်ပကဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ထောပတ်ပဲအရောင်းအဝယ် ကောင်းမွန်လျက်ရှိ



**မန္တလေး စက်တင်ဘာ ၁၈**

ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ထောပတ်ပဲ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ထောပတ်ပဲကို ယခင်က ကုန်သည်များက ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း၊ ယခုလက်ရှိ မန္တလေးဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေသည့်အပြင် ပြည်ပနိုင်ငံများကလည်း ဝယ်ယူမှုများပြားလာကြောင်း သိရသည်။

"ထောပတ်ပဲက မန္တလေးဈေးကွက်အတွင်းမှာတော့ အဝယ်လိုက်တဲ့ ကုန်စည်ထဲမှာတစ်ခုအပါအဝင်ဖြစ်ပါတယ်။ အခုလတ်တလော ထောပတ်ပဲကို မန္တလေးဈေးကွက်ထဲမှာအရောင်းအဝယ်က တော်တော်လေးကောင်းလာပါတယ်။ တရုတ်နိုင်ငံဘက်ကလဲ ထောပတ်ပဲဝယ်ယူမှုပြန်ပြီး များလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း၌ ထောပတ်ပဲ အရောင်းအဝယ်ကောင်းမွန်ခြင်းကြောင့်ယနေ့တွင် ထောပတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၃၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ထောပတ်ပဲကို အဓိကစိုက်ပျိုးသည့်တိုင်းဒေသကြီးများမှာ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ဖြစ်ကြောင်း သိရသည်။

"ထောပတ်ပဲက ပြည်တွင်းဈေးကွက်ထဲမှာလဲ အရောင်းအဝယ်ကောင်းနေတယ်။ နောက်ပိုင်း ထောပတ်ပဲအရောင်းအဝယ် ဒီထက်ပိုပြီး ကောင်းမွန်လာမဲ့အနေအထားမှာရှိနေပြီး ပြည်ပနိုင်ငံကတွေကလဲ ဝယ်ယူမှုတွေ ပိုပြီးများလာနိုင်ပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း အသားစားကြက် ပိဿာချိန် ၆၆၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း အသားစားကြက် ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း အသားစားကြက် ပိဿာချိန် ၄၉၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း အသားစားကြက်ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်အသားစားကြက်များကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

''ပန်းတနော်မြို့ကနေ ရန်ကုန်ဈေးကွက်ကို အသားစားကြက်တွေ ပိဿာချိန်နဲ့တင်ပို့ရောင်းချနေတာပါ။ ဒီလိုတင်ပို့ရောင်းချနေရာမှာ ဩဂုတ်လအတွင်း အသားစားကြက် ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ အသားစားကြက်တွေ အရောင်းအဝယ် ကောင်းလာတာကြောင့် မွေးမြူတဲ့သူတွေအဆင်ပြေတာတွေ့ရပါတယ်''ဟု ပန်းတနော်မြို့နယ် မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် အခြားမွေးမြူရေးလုပ်ငန်းများနှင့်ယှဉ်တွဲပြီး အသားစားကြက်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါဒေသမှမွေးမြူထွက်ရှိလာသည့်အသားစားကြက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချနေကြောင်း၊ အဆိုပါ အသားစားကြက်များကို ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချမှု အားကောင်းလာသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ကားသမားများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံဟင်းသီးဟင်းရွက် ၃၉၀၂ ဧကစိုက်ပျိုးမည်

**မင်းကင်း စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၉၀၂ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၉၀၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်အောက်တိုဘာလမှစ၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၃၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကထက်ပိုစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းစတဲ့သီးနှံတွေစိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေပေးသွားမယ်"ဟု မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေသြဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲရေး အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂။
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဩဂုတ်လအတွင်း ပဲစင်းငုံ ၁၆ ပြည်ဝင် အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ကျောင်းကုန်း စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီးတွင်၊ ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဩဂုတ်လအတွင်း ပဲစင်းငုံ ၁၆ ပြည်ဝင် အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းက ပြောသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇူလိုင်လအတွင်းက ပဲစင်းငုံ ၁၆ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ ပဲစင်းငုံ ၁၆ ပြည်ဝင် အိတ် ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပဲစင်းငုံတွေ ပြည်ပစျေးကွက်ကိုတင်ပို့နေရတာကြောင့် အရောင်းအဝယ် ကောင်းလာတာပါ။ ကျောင်းကုန်းမြို့နယ် ထွက်ရှိတဲ့ ပဲစင်းငုံတွေကို ရန်ကုန်စျေးကွက်မှတစ်ဆင့် အခြားစျေးကွက်ကို ပြန်လည် တင်ပို့ရောင်းချနေပါတယ်။ ဩဂုတ်လထဲမှာပဲစင်းငုံ ၁၆ ပြည်ဝင် အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်"ဟု ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းက ပြောပြသည်။

အဆိုပါ ဒေသထွက် ပဲစင်းငုံများကို ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ပဲစင်းငုံ ၁၆ ပြည်ဝင် တစ်အိတ်လျှင်ငွေကျပ် ၁၀၅၀၀၀ ထိ ပေါက်စျေးရှိကြောင်း ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းထံမှ သိရသည်။ **ကျော်ကျော်လင်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်နေ ဦးအောင်မင်း-ဒေါ်မြင့်မြင့်ကြည် မိသားစုက ဦးကံဆယ်-ဒေါ်သိန်းတင်တို့အားရည်စူး၍ ဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်နှင့် ဆေးရုံ အုပ် ဒေါက်တာဦးတင်ဝင်း၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏတို့က လက်ခံရယူစဉ်။

# ဝမ်းတွင်းမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးခဲ့သော လမ်းတာပေါင်များနှင့် တံတားချဉ်းကပ်လမ်းများ ချင်းမြေဖို့ခြင်းလုပ်ငန်း ပြီးစီး



**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်အတွင်း စက်တင်ဘာလ ဒုတိယပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးသွားသော လမ်းတာပေါင်များနှင့် တံတားချဉ်းကပ်လမ်းများကို စက်တင်ဘာ ၁၆ ရက်တွင် ချင်းမြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်အတွင်း သော်တာဝင်း ဆောက်လုပ်ရေးကုမ္ပဏီက B.O.T စနစ်ဖြင့် တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်-တောင်ငူ-မန္တလေးလမ်း မိုင် (၃၄၉/၆-၃၅၀/၄)အတွင်း ရေတိုက်စားမှုကြောင့် လမ်းတာပေါင်များပျက်စီးခြင်း၊ တံတားချဉ်းကပ်လမ်းများ ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းတာပေါင်များနှင့် တံတားချဉ်းကပ်လမ်းများကို ယာဉ်သွားလာမှု အဆင်ပြေစေရန်အတွက် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် လမ်းဦးစီးဌာနနှင့် သော်တာဝင်း ဆောက်လုပ်ရေးကုမ္ပဏီတို့က စက်တင်ဘာ ၁၆ ရက်တွင် ချင်းမြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ (၁၅၂)

# လှိုင်းဘွဲ့မြို့နယ် ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လှိုင်းဘွဲ့ စက်တင်ဘာ ၁၈**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားကုန်းကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း ပထမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၃၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၈၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း လှိုင်းဘွဲ့ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုသက်**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာသီးနှံ ၁၂၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာသီးနှံ ၁၂၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာသီးနှံ ၁၂၃၆၆ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၂၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ နေကြာသီးနှံ ၁၂၃၆၆ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၂၂၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပမှတင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေးဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုကမြေပဲနဲ့ နှမ်းတွေထက်ပိုများပါတယ်" နေကြာကို ဆောင်းမှာအများဆုံးစိုက်ကြတာပါ"ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးမြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် နေကြာသီးနှံစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောစျေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးစီမံထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးမြို့နယ်ဦးစီးမှူး ဦးဇော်ဦးထံမှ သိရသည်။

(၂၀၆)



# သိခ်ဗိုလ်မြို့ဟောင်း

ဗိုလ်ရှိတ်(ရတနာပူရ)

**❖ မှန်နန်းရာဇဝင်တော်ကြီး၌ သိခ်ဗိုလ်၏ အကြောင်းနှင့်ဆက်စပ်ကြည့်လျှင် စော်ဘွားကြီး၏သားငယ် သိခ်ဗိုလ်သည် အစ်ကိုဖြစ်သူနှင့်မသင့်သဖြင့် ထွက်ပြေးတိမ်းရှောင်လာခဲ့ရာ မြင်စိုင်းအရပ်သို့ရောက်သည်ဟုဆိုထားသည်။ ထိုသို့ မြင်စိုင်းအရပ်သို့ထွက်ပြေးတိမ်းရှောင်လာစဉ် သိခ်ဗိုလ်မြို့ကိုတည်၍စိုးစံခဲ့သည်ဟုယူဆရသည်။ သိခ်ဗိုလ်တည်၍စိုးစံခဲ့ခြင်းကြောင့် သိခ်ဗိုလ်၏အမည်ကိုအစွဲပြုပြီး သိခ်ဗိုလ်မြို့ဟောင်းဟုခေါ်ကြခြင်းဖြစ်မည်ဟုထင်သည်။ ထို့ကြောင့်လည်း မီးသွေးဘုတ်ကျေးရွာ၊ ကျွဲနဖားတောင်ကျေးရွာတို့မှဒေသခံတို့က သိခ်ဗိုလ်မြို့ဟောင်း၊ သိခ်ဗိုလ်တောဟု အစဉ်အဆက်ခေါ်လာခဲ့ကြခြင်းဖြစ်မည်ထင်သည်။ ❖**

ဆရာမင်းဘူးအောင်ကြိုင် ရေးသားပြုစုခဲ့သော "အနော်ရထာမင်းကြီး၏ ကင်းတပ်၄၃မြို့"ဟူသော စာအုပ်တွင် ရှဥ့်မတက်မြို့ဟောင်းအကြောင်းကို ရေးသားရာ၌ ရှဥ့်မတက်မြို့ဟောင်း၏ အနောက်တောင်ဘက်တွင် ဖိုခုံလောက်ဆိုင်မြို့ရိုးသုံးခုရှိသည်ဟုရေးသားထားသည်။ ဖိုခုံလောက်ဆိုင်မြို့ သုံးမြို့မှာ သိန်းတရာဗိုလ်မြို့၊ ပဝက်မြို့၊ မြို့ကုန်းမြို့တို့ဖြစ်ကြောင်း ဖော်ပြထားသည်။ လယ်တွင်းဒေသရှိ မြို့ဟောင်းများအကြောင်းကို ရှာဖွေဖော်ထုတ်ပြုစုရန် ကွင်းဆင်းလေ့လာနေချိန်ဖြစ်သဖြင့် ရှဥ့်မတက်မြို့ဟောင်းရောက်လျှင် အဆိုပါမြို့ဟောင်းသုံးခုကို လေ့လာရန်စီစဉ်ထားသည်။

တစ်နေ့တွင် ရှဥ့်မတက်မြို့ဟောင်းကို ကွင်းဆင်းလေ့လာခဲ့သည်။ ရှဥ့်မတက်မြို့ဟောင်းမှာ စဥ့်ကိုင်မြို့၏အရှေ့မြောက်ထောင့် ဒုဋ္ဌဝတီမြစ်၏တောင်ဘက်ကမ်းတွင်ရှိသည်။ အနော်ရထာမင်း၏မိဖုရားစောမွန်လှတည်ခဲ့သည့် ရွှေစာရံဘုရားနှင့်တောင်ဘက်ကမ်း၊ မြောက်ဘက်ကမ်းတည်ရှိနေသည်။ ရှဥ့်မတက်မြို့ဟောင်းသည် မီးသွေးဘုတ်ရွာအနောက်ဘက်၌တည်ရှိသည်။ ရှဥ့်မတက်မြို့ဟောင်းသို့ရောက်ရှိသောအခါတွင် မီးသွေးဘုတ်ကျေးရွာမှ ဒေသခံများကို ဆရာမင်းဘူးအောင်ကြိုင် ညွှန်းဆိုထားသည့် သိန်းတရာဗိုလ်မြို့ဟောင်းအကြောင်းကို စုံစမ်းမေးမြန်းခဲ့သည်။ သို့သော် ဒေသခံအများစုက သိန်းတရာဗိုလ်မြို့ဟောင်းဟူ၍မရှိကြောင်း၊ သူတို့ရွာအရှေ့ဘက်တွင် သိခ်ဗိုလ်မြို့ဟောင်းသာရှိကြောင်းပြောပြသည်။ ဆရာမင်းဘူးအောင်ကြိုင်သည် သိခ်ဗိုလ်မြို့ဟောင်းကို သိန်းတရာဗိုလ်မြို့ဟောင်းဟု မှားယွင်းစွာမှတ်တမ်းတင်ခဲ့ခြင်းပေလော တွေးတောရပေသည်။ ဆရာတမ္ပဝတီဦးဝင်းမောင်ကလည်း သိခ်ဗိုလ်မြို့ဟောင်းသာအမှန်ဖြစ်သည်ဟု ကွင်းဆင်းလေ့လာစဉ်ကပြောဖူးသည်။

သိခ်ဗိုလ်မြို့ဟောင်းနေရာသို့ မီးသွေးဘုတ်ရွာမှ ဒေသခံတစ်ဦး၏အကူအညီဖြင့် သွားရောက်လေ့လာခဲ့သည်။ သိခ်ဗိုလ် မြို့ဟောင်းသည် မီးသွေးဘုတ်ရွာ၏ အရှေ့ဘက် တစ်မိုင်ခန့်အကွာ၌ရှိသည်။ မီးသွေးဘုတ်ရွာမှ အရှေ့သို့သွားလိုက်လျှင် တောင်မြောက်ဖောက်လုပ်ထားသော ခရိုင်ချင်းဆက်လမ်းကို တွေ့ရမည်ဖြစ်သည်။ ခရိုင်ချင်းဆက်လမ်းကိုကျော်လိုက်သည်နှင့် တောင်မြောက်ဆောက်လုပ်ထားသော မြောင်းပေါင်ကြီးကို ထပ်မံတွေ့ရမည်ဖြစ်သည်။ မြောင်းပေါင်ကြီးနှင့် ခရိုင်ချင်းဆက်ကားလမ်းမှာ မျဉ်းပြိုင်ကဲ့သို့ရှိ၏။ မြောင်းပေါင်ကြီး၏ အရှေ့ဘက်တွင် ရွာသာယာနှင့်ကျွဲနဖားတောင်ရွာသို့သွားသော ကျေးလက်လမ်းကို ရောက်ရှိမည်ဖြစ်သည်။ အဆိုပါကျေးလက်လမ်းအတိုင်း အရှေ့သို့သွားလိုက်လျှင် ကျွဲနဖားတောင်ရွာနှင့် ရွာသာယာသို့သွားသော လမ်းဆုံနေရာကိုရောက်မည်ဖြစ်သည်။ လမ်းဆုံနေရာမှ ရွာသာယာရွာဘက်သို့သွားသောလမ်းအတိုင်း အနည်းငယ်သွားလိုက်သည်နှင့် လမ်းမြောက်ဘက်တွင် သိခ်ဗိုလ်မြို့ဟောင်းနေရာကို တွေ့ရမည်ဖြစ်သည်။

**ပတ်ဝန်းကျင်အနေအထား**

သိခ်ဗိုလ်မြို့ဟောင်းနေရာတွင် ဒုဋ္ဌဝတီမြစ်သည် ရှဥ့်မတက်မြို့ဟောင်းနေရာကဲ့သို့ အရှေ့အနောက်စီးဆင်းမနေဘဲ တောင်မြောက်ခပ်ယွန်းယွန်းလေးစီးဆင်းနေသည်။ မြစ်မှာ ကွေ့ကောက်နေသောကြောင့် ထိုသို့ဖြစ်နေခြင်းဖြစ်သည်။ မြို့မြောက်ဘက်တွင် ဒုဋ္ဌဝတီမြစ်ကြီးရှိသည်။ အရှေ့ဘက်တွင် ကျွဲနဖားတောင်တန်းကြီးကို တွေ့ရမည်ဖြစ်သည်။ မြို့ဟောင်းသည် ဒုဋ္ဌဝတီမြစ်ကွေ့ကောက်နေသည့်အနေအထားလိုက်ပြီး ရှဥ့်မတက်မြို့ဟောင်းကဲ့သို့ ရှေ့နောက်တည့်တည့်မရှိဘဲ တောင်မြောက်ခပ်ယွန်းယွန်းရှိနေသည်။ ဒေသခံတို့က သိခ်ဗိုလ်မြို့ဟောင်းနေရာကို သိခ်ဗိုလ်တောဟူ၍ခေါ်ကြသည်။

**တည်နေရာ**

သိခ်ဗိုလ်မြို့ဟောင်းသည် စဥ့်ကိုင်မြို့နယ်အတွင်း၌ တည်ရှိသည်။ စဥ့်ကိုင်မြို့၏ အရှေ့မြောက်အစွန်းတွင်တည်ရှိ၍ စဥ့်ကိုင်မြို့နယ်အတွင်း၌ရှိသော ရှေးဟောင်းမြို့ဟောင်းများတွင် သိခ်ဗိုလ်မြို့ဟောင်းသည် အရှေ့မြောက်အစွန်ဆုံးတွင်ရှိသော မြို့ဟောင်းဟုဆိုရပေမည်။ သိခ်ဗိုလ်မြို့ဟောင်းအရှေ့ဘက်တွင် ကျွဲနဖားတောင်ကြီးသာရှိပေတော့သည်။ မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၄၉ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၁၄ မိနစ်ကြား၌ရှိသည်။

**မြို့ပုံစံနှင့်အကျယ်အဝန်း**

သိခ်ဗိုလ်မြို့ဟောင်းပုံစံသည် မည်သည့်ပုံစံဖြစ်သည်ကို ကွဲကွဲပြားပြားသိရန် မလွယ်ကူပေ။ မြင်းခွာပုံစံဖြစ်မည်လော၊ လေးထောင့်ပုံစံဖြစ်မည်လော တိကျစွာပြောရန်ခက်ခဲသည်။ အဘယ်ကြောင့်ဆိုသော် မြို့ဟောင်းနေရာသည် အခြားမြို့ဟောင်းများကဲ့သို့ မြို့ရိုးရာကို ထင်ရှားစွာမတွေ့ရသောကြောင့်ဖြစ်သည်။ သို့သော်လည်း တောင်ဘက်မြို့ရိုးမှာ အဖြောင့်ပုံစံဟုယူဆရသည်။ တောင်ဘက်မြို့ရိုးကပ်လျက်တွင် မြစ်ဆိပ်သို့သွားသော လှည်းလမ်းရှိသည်။ လှည်းလမ်းမှာ သွားပါများသဖြင့် နိမ့်ကျနေသောကြောင့် လှည်းလမ်းမြောက်ဘက်ရှိ မြို့ရိုးကိုရေးရေးမျှမြင်ရသည်။ မြို့ရိုးမှာ အဖြောင့်မြို့ရိုးဖြစ်သည်။ ဤမြို့ရိုးသာ အဖြောင့်မြို့ရိုးဟု သိရပြီး ကျန်မြို့ရိုးသုံးမျက်နှာ၏အနေအထားမှာ မည်သို့ရှိမှန်းမသိပေ။ မြို့ရိုးပတ်ပတ်လည်ကို ကွင်းဆင်းကြည့်ရှုရာ မြို့ရိုးမှာ လေးထောင့်ပုံမြို့ရိုးပင်ဖြစ်မည်ဟု ခန့်မှန်းရသည်။ သေချာတူးဖော်မှုပြုလုပ်ပြီးမှသာ မြို့ရိုးပုံစံကို တိကျစွာပြောနိုင်မည်ဖြစ်သည်။

မြို့ရိုးနေရာတွင် အုတ်ကျိုးအစအနများစွာတွေ့ရသည်။ လယ်လုပ်ကိုင်လာခဲ့သည့်မှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် အုတ်များမှာ အကျိုးအပဲ့သာများပြီး အုတ်အရွယ်အစားကိုလည်း တိုင်းတာ၍မရခဲ့ပါ။ မြို့အကျယ်အဝန်းမှာ ခန့်မှန်းခြေခုနစ်ဧကခန့်ရှိမည်ထင်သည်။ ဤတိုင်းတာမှုမှာ မြို့ရိုးတစ်လျှောက်တိုင်းတာမှုကို ဆိုခြင်းမဟုတ်ပါ။ အုတ်ကျိုးအစအနတွေ့ရသမျှ ကွင်းပြင်ကျယ်ကို တိုင်းတာခြင်းသာဖြစ်သည်။

**သမိုင်းခြေရာရှာဖွေခြင်း**

သိခ်ဗိုလ်မြို့ဟောင်းအကြောင်းကိုသိလိုသဖြင့် ရာဇဝင်တော်ကြီးများကို ရှာဖွေဖတ်ရှုမိပါသည်။ သိခ်ဗိုလ်မြို့၏အကြောင်းကို မတွေ့ရပါ။ မြို့ဟောင်းများ၏အကျယ်အဝန်းကို အဓိကဖော်ပြသော နန်းစဉ်စာရင်းချုပ်ကြီး၊ ဇာတာတော်ပုံရာဇဝင်၊ ဇမ္ဗူကွန်ချာကျမ်းတို့ကို ကြည့်ရာတွင်လည်း သိခ်ဗိုလ်မြို့ဟောင်းအကြောင်းကိုမတွေ့ရပါ။ နောက်ပညာရှင်များပြုစုထားသော သိခ်ဗိုလ်မြို့ဟောင်းသမိုင်းရှိမည်လားဟူသောအတွေးဖြင့် ရှာဖွေရာတွင်လည်း သိခ်ဗိုလ်မြို့ဟောင်းအကြောင်းကို မတွေ့ရပါ။ ဤမြို့ဟောင်းသည် တိမ်မြုပ်နေသော မြို့ဟောင်းတစ်ခုဟု ဆိုရပေသည်။ သိခ်ဗိုလ်မြို့၏ သမိုင်းခြေရာသည် တိမ်မြုပ်လှပေသည်။

**သိခ်ဗိုလ်တည်ခဲ့သလော**

ဤတွင်စဉ်းစားမိသည်မှာ သိခ်ဗိုလ်ဟူသော အမည်သည် ပင်လယ်၊ မြင်စိုင်း၊မက္ခရာ မြို့သုံးမြို့ကို တည်၍စိုးစံခဲ့သော ပုဂံခေတ်နှောင်းပိုင်းတွင် ထင်ရှားသည့် မင်းညီနောင်သုံးဦး၏ဖခင် သိခ်ဗိုလ်နှင့် ဆက်စပ်နေမည်လောဟု တွေးမိခြင်းဖြစ်သည်။ အသင်္ခယာ၊ ရာဇသင်္ကြံ၊ သီဟသူမင်းညီနောင်သုံးပါး၏ ဖခင်အမည်မှာ သိခ်ဗိုလ်ဖြစ်သည်။ သိခ်ဗိုလ်တည်ခဲ့သောကြောင့် သိခ်ဗိုလ်မြို့ဟု ခေါ်ခဲ့ကြသည်ဟု ယူဆရသည်။ သိခ်ဗိုလ်၏အကြောင်းကို မှန်နန်းရာဇဝင်တော်ကြီး၌ "အခါတပါး ဘိန္နကမြို့ကိုအစိုးရသော စော်ဘွားကြီးတွင် သားတော်နှစ်ပါးရှိသည်။ စော်ဘွားကြီးမရှိ၍ သားတော်အကြီး ဘိန္နကမြို့ကို မင်းပြုတော်မူလျှင် ညီတော်အငယ် သိခ်ဗိုလ်နှင့်မကြည်ရှိသဖြင့် ညီတော်ကိုဖမ်းသတ်မည်ပြုရာတွင် ညီတော်သိခ်ဗိုလ်သည် အလုပ်အကျွေးစုံရာနှင့် ဘိန္နကမြို့ကထွက်၍ အစဉ်အတိုင်းပြေးခဲ့လျှင် မြန်မာနိုင်ငံဖြစ်သော ပြေ့ာတို့နေရာ မြင်စိုင်းသို့ ရောက်လာ၏။ မြင်စိုင်းအရပ်တွင် အသည်သူကြွယ် သမီးနှင့်အိမ်ထောင်ဖြစ်လေ၏။ အသင်္ခယာ၊ ရာဇသင်္ကြံ၊ သီဟသူဟူသော သားသုံးယောက်နှင့် သမီးတစ်ယောက်ကိုမြင်၏" ဟူ၍ ဖော်ပြထားသည်။

မှန်နန်းရာဇဝင်တော်ကြီး၌ သိခ်ဗိုလ်၏ အကြောင်းနှင့်ဆက်စပ်ကြည့်လျှင် စော်ဘွားကြီး၏ သားငယ် သိခ်ဗိုလ်သည် အစ်ကိုဖြစ်သူနှင့်မသင့်သဖြင့် ထွက်ပြေးတိမ်းရှောင်လာခဲ့ရာ မြင်စိုင်းအရပ်သို့ ရောက်သည်ဟုဆိုထားသည်။ ထိုသို့မြင်စိုင်းအရပ်သို့ ထွက်ပြေးတိမ်းရှောင်လာစဉ် သိခ်ဗိုလ်မြို့ကိုတည်၍ စိုးစံခဲ့သည်ဟု ယူဆရသည်။ သိခ်ဗိုလ်တည်၍ စိုးစံခဲ့ခြင်းကြောင့် သိခ်ဗိုလ်၏အမည်ကိုအစွဲပြုပြီး သိခ်ဗိုလ်မြို့ဟောင်းဟု ခေါ်ကြခြင်းဖြစ်မည်ဟုထင်သည်။ ထို့ကြောင့်လည်း မီးသွေးဘုတ်ကျေးရွာ၊ ကျွဲနဖားတောင်ကျေးရွာတို့မှဒေသခံတို့က သိခ်ဗိုလ်မြို့ဟောင်း၊ သိခ်ဗိုလ်တောဟု အစဉ်အဆက် ခေါ်လာခဲ့ကြခြင်းဖြစ်မည်ထင်သည်။

သိခ်ဗိုလ်မြို့နှင့်မြင်စိုင်းမြို့နေရာတို့မှာ ဝေးလှသည်မဟုတ်ပါ။ သိခ်ဗိုလ်သည် ဘိန္နကမှထွက်ပြေးလာပြီး သိခ်ဗိုလ်မြို့ကိုတည်၍စိုးစံစဉ် မြင်စိုင်းအရပ်ရှိ အသည်သူကြွယ်သမီးနှင့်အကြောင်းပါခဲ့ခြင်းဖြစ်သည်။ သိခ်ဗိုလ်၏သားသုံးဦးတွင် သီဟသူသည် ပင်းယမြို့ကိုတည်ခဲ့သော မင်းတစ်ပါးပင်ဖြစ်သည်။

**ဘိန္နကမြို့**

ဤတွင် သိခ်ဗိုလ်မင်းသားနေထိုင်ခဲ့ရာ ဘိန္နကမြို့အကြောင်းကို ဖော်ပြလိုပါသေး၏။ ဘိန္နကမြို့သည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်အတွင်း ပျော်ဘွယ်မြို့၏ အရှေ့ဘက် ၁၂ မိုင်ခန့်အကွာ၌တည်ရှိသည်။ ရှမ်းရိုးမတောင်ခြေရင်း စမုံမြစ်၏အရှေ့ဘက်ကမ်း၌တည်ရှိ၍ မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၃၆ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၁ မိနစ်၌သာရှိသည်။ ဘိန္နကမြို့ဟောင်းသည် ယခင်ကတိမ်မြုပ်နေသော မြို့ဟောင်းတစ်ခုဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်တွင် ဆရာကြီးဦးမောင်မောင်တင် ဦးဆောင်သောအဖွဲ့က ဘိန္နကမြို့ရှိကြောင်းကို ဖော်ထုတ်တင်ပြလာခဲ့ကြသည်။ ထို့နောက် ရှေးဟောင်းသုတေသနဌာနက တူးဖော်လေ့လာသောအခါတွင် ဘိန္နကမြို့ဟောင်းသည် ပျူမြို့ဟောင်းကြီးဖြစ်ကြောင်း ဖော်ထုတ်တင်ပြလာနိုင်ခဲ့သည်။

မှန်နန်းရာဇဝင်ကြီးအလိုအရ ဘိန္နကမင်းဆက်များသည် တကောင်းမင်းဆက် အဘိရာဇာမှ ဆင်းသက်လာသည်ဟုသိရသည်။ တကောင်းမင်းအဘိရာဇာမှ ဆင်းသက်လာသော တကောင်းမင်းဆက်များထဲမှ နောက်ဆုံးမင်းတစ်ပါးသည် ဘိန္နကရာဇာမင်းဖြစ်သည်။ ဘိန္နကရာဇာမင်းလက်ထက်တွင် တကောင်းမြို့ကြီးပျက်စီးသောကြောင့် မလည်အရပ်၌ မြို့တည်၍နေ၏။ ဘိန္နကရာဇာမင်းမရှိသောအခါတွင် ဗိုလ်ပါအလုံးအရင်းတို့သည် အုပ်စုသုံးစုကွဲသွားသည်။ အုပ်စုသုံးစုတွင် တစ်အုပ်စုသည် ရှမ်း ၁၉ခရိုင်ကို တည်ထောင်၍နေ၏။ ဘိန္နကရာဇ်မင်းမျိုးဟု အမည်တွင်သည်။ ဘိန္နကမြို့ဟောင်းသည် ရှမ်း ၁၉ မြို့ အဝင်မြို့တစ်မြို့ဖြစ်နေသည်။ ဘိန္နကရာဇ်မင်းမျိုးအဆက်အနွယ်တို့က တည်ခဲ့သဖြင့် ဘိန္နကမြို့ဟောင်းဟု အမည်တွင်သည်။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၄၂၉ ဧက စိုက်ပျိုးပြီးစီး



**ကျုံပျော် စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၄၂၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၄၂၉ ဧကကို ယခုနှစ် ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဟင်းသီးဟင်းရွက်များ စိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းတိုးတက်ရေး၊ အရည်အသွေးကောင်းဟင်းသီးဟင်းရွက်များ ထွက်ရှိလာစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့်တောင်သူများပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီမှာ ကျုံပျော်မြို့နယ်အနေနဲ့ ဟင်းသီးဟင်းရွက်သီးနှံဧက ၁၄၀၀ ကျော်ထိစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ လက်ရှိ လျာထားဧကအားလုံး စိုက်ပျိုးထားပြီဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်တွေ လျာထားချက်အတိုင်းစိုက်ပျိုး နိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့ ဟင်းသီးဟင်းရွက်တွေမှာ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့၊ ဈေးကွက်ဝင် ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးနိုင်စေဖို့ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံတွေမစိုက်မီ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းတွေက တောင်သူအသိပညာပေး လုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးထားပါတယ်။ ဒီနှစ် ဟင်းသီးဟင်းရွက်တွေကို ဒေသနဲ့ကိုက်ညီပြီး ဈေးကွက်ရှိတဲ့ ဟင်းသီးဟင်းရွက်တွေကို အများဆုံးစိုက်ပျိုးထားပါတယ်'' ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၄၂၉ ဧက စိုက်ပျိုးရာတွင် ငရုတ်၊ ပန်းဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်းသီး၊ ဘူး၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါးသီး၊ ပဲပုစွန် စသည့်သီးနှံများကို စိုက်ပျိုးထားကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၄ မှအဆက်

ထိုဘိန္နကမြို့မှ သိခ်ဗိုလ်သည် အစ်ကိုဖြစ်သူ၏ရန်စနက်ကြောင့် ထွက်ပြေးခဲ့ရာမှ ကျောက်ဆည်လွင်ပြင်ဒေသသို့ရောက်ရှိကာ သိခ်ဗိုလ်မြို့ကိုတည်ခဲ့သည်ဟု ဆိုရမည်ဖြစ်ပေသည်။ ဤမှာ သိခ်ဗိုလ်မြို့ဟောင်းကို ဘိန္နကစော်ဘွားကြီး၏သားငယ် သိခ်ဗိုလ်က တည်ခဲ့ခြင်းသာဖြစ်နိုင်သည်ဟု ရာဇဝင်ကြီးများ၊ ကိုယ်တိုင်ကွင်းဆင်းလေ့လာချက်များကို အထောက်အထားပြုကာ တင်ပြခဲ့ခြင်းဖြစ်ပေသည်။

**ဆရာကြီးသိပ္ပံမောင်ဝ၏မှတ်တမ်း**

ဆရာကြီးသိပ္ပံမောင်ဝ၏မှတ်တမ်းတွင် သိခ်ဗိုလ်မြို့ဟောင်းအကြောင်းကိုတွေ့ရပါသည်။ ဆရာကြီးသိပ္ပံမောင်ဝသည် ကျောက်ဆည်မြို့၌ အမှုထမ်းစဉ် နယ်မြေလုံခြုံရေးအတွက် ဒုဋ္ဌဝတီမြစ်ရိုးတစ်လျှောက်လှည့်လည်၍စစ်ဆေးဆောင်ရွက်မှုများပြုလုပ်ခဲ့သည်။ ထိုအကြောင်းကို ရဲရမန်းဟူသောစာတမ်း၌ ရေးသားဖော်ပြထား၏။ ထိုစာတမ်းတွင် ဒုဋ္ဌဝတီမြစ်တောင်ဘက်ကမ်း၌ရှိသော သိခ်ဗိုလ်မြို့အကြောင်းကို “သိဒ်ါဘို(ဝါ)သိန်းခါဖို”ဟူသော ခေါင်းစဉ်ငယ်ဖြင့် မှတ်တမ်းတင်ထား၏။

ဆရာကြီးသိပ္ပံမောင်ဝတွေ့ခဲ့ရစဉ်က သိခ်ဗိုလ်မြို့၊ သိခ်ဗိုလ်မြို့ရိုးသည် တစ်ဖက်လျှင် အလျားပေ ၁၅၀ ခန့်ရှည်လျားပြီး မြို့ရိုးမှာ မြို့ရိုးယောင်ယောင် တောင်ကုန်းကလေးအဖြစ်သာ တွေ့မြင်ခဲ့ရသည်ဟု ဆိုထားသော်လည်း ယခုအခါ မြို့ရိုးယောင်ယောင်မျှကိုပင် မတွေ့ရတော့ပါ။ တောင်ဘက်မြို့ရိုးသာလျှင် ရေးရေးမျှတွေ့ရသည်။ သို့သော် ဤနေရာသည် သိခ်ဗိုလ်မြို့ဟောင်းနေရာဖြစ်သည်ဟု အမှတ်အသားကျန်နေခြင်းကပင်တော်သေးသည်ဟု ဆိုရပေမည်။ ဆရာကြီးသိပ္ပံမောင်ဝ၏မှတ်တမ်းတွင် မြို့ရိုးတစ်ဖက်လျှင် ပေ ၁၅၀ ခန့်ရှိမည်ဟု ဆိုထားသဖြင့် သိခ်ဗိုလ်မြို့မှာ လေးထောင့်ပုံစံသာဖြစ်သည်ဟု ဆိုနိုင်ပေသည်။

## ခြင်ရန်သတိပြု မိုးဥတုဝယ်

- ခြင်ရန်ကိုသတိပြု
မိုးဥတုခုချိန်ခါ၊
ခြင်ကိုက်မခံရစေရေး
ချင့်တွေးကြပါ၊
ခြင်ပေါက်ပွားနိုင်မည့်နေရာ
ရှာကြံကာရှင်းလင်းပြု၊
ခြင်ရန်ကိုကာကွယ်ခြင်း
ဆောင်ကြဉ်းယခု။

- ခြင်ကိုက်ခံရပါက
ဖျားနာသည်မှစကာလေ၊
သွေးလွန်တုပ်ကွေးဖြစ်ပွား
ကုစားခက်ပေ၊
ရောဂါဖြစ်ပွားကာလေ
ဝေဒနာမခံစားရစေရေး၊
ရေအိုး ရေခွက် ရေအိုင်တွေ
အမြဲမသွေဖုံးသွန်လဲစစ်မှု
ပြုကြစို့လေး။ ။

**အင်ကြင်းသူ(နေပြည်တော်)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# အရှေ့ဘက်ကမ်းရိုးတန်းသို့ တာတိုပစ်ဒုံးကျည်များ မြောက်ကိုရီးယား စမ်းသပ်ပစ်လွှတ်

**ပြုံယမ်း စက်တင်ဘာ ၁၈**

မြောက်ကိုရီးယား နိုင်ငံသည် ယနေ့တွင် အရှေ့ဘက်ကမ်းရိုးတန်းရေပြင်အတွင်းသို့ တာတိုပစ်ဘလစ်စတစ်ဒုံးကျည်များစမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ တာတိုပစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်မှုသည် မြောက်ကိုရီးယားနိုင်ငံက ရက်သတ္တပတ်တာ ကာလအတွင်း ဒုတိယအကြိမ်အဖြစ် ပြုလုပ်ခဲ့သည့် တာတိုပစ်ဒုံးကျည်စမ်းသပ်မှုဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏ လျှို့ဝှက်ယူရေနီယမ်လောင်စာသန့်စင်ရေး စက်ရုံကို ပထမဆုံးအကြိမ်ထုတ်ဖော်ပြသခဲ့ပြီးနောက် တာတိုပစ်ဒုံးကျည်များ ထပ်မံပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံသည် ယနေ့တွင် ပြုံယမ်းမြို့ မြောက်ဘက် ကေချွန်ဒေသမှတစ်ဆင့် အရှေ့ဘက်ကမ်းရိုးတန်း ရေပြင်အတွင်းသို့ တာတိုပစ်ဒုံးကျည်များပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားနှင့် ဂျပန်စစ်ဘက်တို့က အတည်ပြုထားသည်။

အဆိုပါ တာတိုပစ်ဒုံးကျည်များသည် အရှေ့မြောက်ဘက်စူးစူးသို့ အကွာအဝေး မိုင်ပေါင်း ၂၄၉ မိုင်အကွာထိ ပျံသန်းခဲ့ကြောင်း တောင်ကိုရီးယားနှင့် ဂျပန်စစ်ဘက်တို့က သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယား၏ ယနေ့ဒုံးကျည်စမ်းသပ် ပစ်လွှတ်မှုသည် ကိုရီးယားကျွန်းဆွယ် တည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးရာရောက်သည့်လုပ်ရပ်အဖြစ် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့က ဝေဖန်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ထိုင်ဝမ်ရေလက်ကြားကို ဖြတ်ကျော်ပျံသန်းခဲ့သည့် အမေရိကန်လေယာဉ်ကို တရုတ်စစ်လေယာဉ်များစောင့်ကြည့်




**ပေကျင်း စက်တင်ဘာ ၁၈**

တရုတ်(တိုင်ပေ)နှင့် တရုတ်ပြည်မကြီးအား ပိုင်းခြားထားသည့် ထိုင်ဝမ်ရေလက်ကြားအား စက်တင်ဘာ ၁၇ ရက်တွင် ဖြတ်ကျော်ပျံသန်းခဲ့သော အမေရိကန်စစ်ဘက်ကင်းထောက်လေယာဉ်တစ်စင်းကို တရုတ်စစ်လေယာဉ်များက ခြေရာခံစောင့်ကြည့်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁၇ ရက်တွင် ထိုင်ဝမ်ရေလက်ကြားအား ဖြတ်ကျော်ခဲ့သည့် စစ်လေယာဉ်မှာ အမေရိကန်ရေတပ်မှ ပီ-၈အေ ပိုဆီဒွန်အမျိုးအစားကင်းထောက်လေယာဉ်တစ်စင်း ဖြစ်ကြောင်း တရုတ်စစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါအမေရိကန်ကင်းထောက်လေယာဉ်ကို တရုတ်စစ်လေယာဉ်များက ခြေရာခံစောင့်ကြည့်ပျံသန်း၍ ဥပဒေနှင့်အညီ ကိုင်တွယ်ခဲ့ကြောင်း တရုတ်စစ်ဘက်သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

တရုတ်စစ်ဘက်၏ အဆိုပါ သတင်းထုတ်ပြန်ချက်နှင့်ပတ်သက်၍ အမေရိကန်ရေတပ်က တစ်စုံတစ်ရာတုံ့ပြန်မှု မရှိသေးကြောင်း သိရသည်။

တရုတ်(တိုင်ပေ)ကို ပြည်မကြီးခွဲထွက်နယ်မြေအဖြစ် သတ်မှတ်ထားသည့် တရုတ်အစိုးရသည် အခြားနိုင်ငံများမှစစ်သင်္ဘောများ၊ စစ်လေယာဉ်များ ထိုင်ဝမ်ရေလက်ကြား၌ ကင်းလှည့်မှုများကို ပြင်းထန်စွာကန့်ကွက်လေ့ရှိသည်။

စက်တင်ဘာ ၁၃ ရက်ကလည်း ဂျာမနီလေတပ်မှ စစ်သင်္ဘောနှစ်စီး ထိုင်ဝမ်ရေလက်ကြားကို ဖြတ်သန်းခဲ့ရာ တရုတ်အစိုးရက ပြင်းထန်စွာ ဝေဖန်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# အိန္ဒိယနိုင်ငံ ဂျမ္မူးနှင့်ကက်ရှ်မီးယားဒေသ၌ လွှတ်တော်ရွေးကောက်ပွဲ ပထမအဆင့်ကျင်းပ



**ဒေလီ စက်တင်ဘာ ၁၈**

အိန္ဒိယနိုင်ငံ ဂျမ္မူးနှင့်ကက်ရှ်မီးယားဒေသ၌ ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ပထမအဆင့်ကို ယနေ့တွင်စတင်ကျင်းပခဲ့ရာ မဲဆန္ဒရှင်ပြည်သူများ ပါဝင်မဲပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ရွေးကောက်ပွဲသည် ဂျမ္မူးနှင့် ကက်ရှ်မီးယားဒေသ၏ အထူးကိုယ်ပိုင် အုပ်ချုပ်ခွင့်ကို အိန္ဒိယဖက်ဒရယ်အစိုးရက ၂၀၁၉ ခုနှစ်တွင် ရုပ်သိမ်းခဲ့ပြီးနောက်ပိုင်း ပထမဆုံးကျင်းပသည့်ရွေးကောက်ပွဲဖြစ်သည်။

ဂျမ္မူးနှင့် ကက်ရှ်မီးယားဒေသလွှတ်တော် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူကိုးသန်းတို့က ဂျမ္မူးနှင့် ကက်ရှ်မီးယားလွှတ်တော်အမတ် ၉၀ တို့ကို မဲပေးရွေးချယ်ရမည်ဖြစ်သည်။

ဂျမ္မူးနှင့် ကက်ရှ်မီးယား လွှတ်တော်ရွေးကောက်ပွဲများကို အဆင့်သုံးဆင့်ခွဲ၍ ကျင်းပမည်ဖြစ်ပြီး အောက်တိုဘာ ၈ ရက်တွင် ဆန္ဒမဲလက်မှတ်များ စတင်ရေတွက်မည်ဖြစ်သည်။

ဂျမ္မူးနှင့် ကက်ရှ်မီးယားဒေသသည် နှစ်ပေါင်းများစွာ ခွဲထွက်ရေး ဝါဒီများ၏ပုန်ကန်မှုများဖြစ်ပွားခဲ့သည့် နယ်မြေဖြစ်သည်။

ထို့နည်းတူ ဂျမ္မူးနှင့် ကက်ရှ်မီးယားဒေသအစိတ်အပိုင်းများကို တရုတ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့ကလည်း တောင်းဆိုထားရာ ယင်းဒေသမှာ အိန္ဒိယအစိုးရအတွက် မဟာဗျူဟာအရ ပိုင်ဆိုင်ခွင့် တောင်းဆိုထားကြကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# နျူကလီးယားစမ်းသပ်ဖောက်ခွဲမှုများ ပြန်လည်စတင်ရန် ရုရှားအသင့်ရှိသည်ဟု ဒုတိယရေကြောင်းဗိုလ်ချုပ်ကြီးပြောကြား

**မော်စကို စက်တင်ဘာ ၁၈**

အစိုးရအဖွဲ့က ညွှန်ကြားခဲ့ပါက နျူကလီးယားစမ်းသပ်ဖောက်ခွဲမှုများ ပြန်လည်စတင်ရန် ရုရှားနျူကလီးယားစမ်းသပ်ဖောက်ခွဲရေးစခန်း အကြီးအကဲ ဒုတိယရေကြောင်း ဗိုလ်ချုပ်ကြီး အန်ဒရီဆီနစ်ဆိုင်က စက်တင်ဘာ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

ရုရှား ပြည်တွင်းမီဒီယာများနှင့် ပြုလုပ်ခဲ့သည့်တွေ့ဆုံမေးမြန်းခန်း ပြုလုပ်စဉ် နိုဗာယာဇမ်လျာ နျူကလီးယားစမ်းသပ်ရေးစခန်း အကြီးအကဲအန်ဒရီဆီနစ်ဆိုင်က အဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

မိမိတို့အနေဖြင့် ရုရှားအစိုးရ၏ ညွှန်ကြားချက်ရရှိချိန်တွင် နျူကလီးယားစမ်းသပ်ဖောက်ခွဲမှုများ ပြန်လည်စတင်ရန် အသင့်အနေအထားရှိကြောင်း ဒုတိယရေကြောင်း ဗိုလ်ချုပ်ကြီး အန်ဒရီဆီနစ်ဆိုင်က ထုတ်ဖော်ပြောကြားခဲ့သည်။

အာတိတ် သမုဒ္ဒရာဒေသ၌ တည်ရှိသည့် နိုဗာယာဇမ်လျာ နျူကလီးယား စမ်းသပ်ဖောက်ခွဲရေးစခန်းတွင် နျူကလီးယား စမ်းသပ်ဖောက်ခွဲမှု အကြိမ်ပေါင်း ၂၀၀ ကျော်ကို ဆိုဗီယက်ပြည်ထောင်စုက ပြုလုပ်ခဲ့သည်။

အဆိုပါနျူကလီးယားစမ်းသပ်ဖောက်ခွဲမှုများထဲတွင်၁၉၆၁ ခုနှစ်က ပြုလုပ်ခဲ့သည့် ကမ္ဘာ့အားအပြင်းဆုံးနျူကလီးယားဗုံးစမ်းသပ်ဖောက်ခွဲမှုလည်းပါဝင်ခဲ့သည်။

သို့သော် ရုရှားနိုင်ငံသည် ၁၉၉၀ ပြည့်နှစ်မှစ၍ နျူကလီးယား စမ်းသပ်ဖောက်ခွဲမှုများ ပြုလုပ်မှု မရှိတော့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ဂျပန်ဝန်ကြီးချုပ်သစ်ရွေးချယ်ပွဲ အောက်တိုဘာ ၁ ရက်တွင်ကျင်းပမည်

**တိုကျို စက်တင်ဘာ ၁၈**

လက်ရှိအာဏာရ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီသည် ပါတီခေါင်းဆောင်သစ် မဲခွဲရေးဆွဲပွဲပြီးဆုံးချိန် အောက်တိုဘာ ၁ ရက်တွင် ဂျပန်အောက်လွှတ်တော်က ဝန်ကြီးချုပ်သစ်ကို မဲခွဲရွေးချယ်ပေးမည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

လစ်ဘရယ် ဒီမိုကရက်တစ်ပါတီသည် ပါတီခေါင်းဆောင်သစ်ရွေးချယ်ပွဲကို စက်တင်ဘာ ၂၇ ရက်တွင်ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်သစ်မဲခွဲရွေးချယ်ပွဲတွင် ဂျပန်လွှတ်တော်အမတ်ကိုးဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

လစ်ဘရယ် ဒီမိုကရက်တစ်ပါတီသည် ဂျပန်အောက်လွှတ်တော်ကိုအမတ်နေရာအများစုဖြင့်ထိန်းချုပ်ထားရာ ပါတီခေါင်းဆောင်သစ်မဲခွဲရွေးချယ်ပွဲ၌ အနိုင်ရသူသည် ဂျပန်ဝန်ကြီးချုပ်ရာထူးကိုရရှိရန်သေချာသလောက်ရှိသည်။



ပါတီခေါင်းဆောင်သစ်ရွေးချယ်ပွဲပြီးဆုံးပြီးနောက် အောက်တိုဘာ ၁ ရက်တွင် အောက်လွှတ်တော်အမတ်များက ဝန်ကြီးချုပ်သစ်ကို တရားဝင် ရွေးချယ်တင်မြှောက်မည်ဖြစ်သည်။

လစ်ဘရယ် ဒီမိုကရက်တစ်ပါတီခေါင်းဆောင်သစ်ရွေးချယ်ပွဲ၌ လက်ရှိဝန်ကြီးချုပ် ဖူမီယိုကီရှီဒါ ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ဘဲ ယခုလကုန်ပိုင်းတွင်ရာထူးမှ နုတ်ထွက်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## နန်စီဂရေ့စ်ရိုမန်အာကာသရေဒီယိုတယ်လီစကုပ်ကို ကမ္ဘာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးမည့် အာကာသသယ်ပို့ရေးယာဉ်တည်ဆောက်မှုလုပ်ငန်း ပြီးစီး



**ဝါရှင်တန် စက်တင်ဘာ ၁၈**

နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်ကို ကမ္ဘာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးမည့် အာကာသ သယ်ပို့ရေးယာဉ် တည်ဆောက်မှုလုပ်ငန်းကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က အပြီးသတ် တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း စက်တင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

အဆိုပါ အာကာသ သယ်ယူရေးယာဉ်သည် နန်စီဂရေ့စ်ရိုမန် အာကာသ ရေဒီယိုတယ်လီစကုပ်ကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးမည့်အပြင် ၎င်းအာကာသရေဒီယိုတယ်လီစကုပ်၏ စူးစမ်းလေ့လာရေးလုပ်ငန်းများကိုလည်း အကူအညီပေးမည်ဖြစ်ကြောင်း နာဆာ တာဝန်ရှိသူများက ပြောကြားသည်။

နာဆာအဖွဲ့သည် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်ကို ပို့ဆောင်ပေးမည့် အာကာသ သယ်ပို့ရေးယာဉ်ကို ရှစ်နှစ်ကြာ အချိန်ယူတည်ဆောက်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသသယ်ပို့ရေးယာဉ်သည် အရွယ်အစားအားဖြင့် အချင်း ၁၃ ပေ၊ အမြင့် ၆ ဒသမ ၅ ပေရှိပြီး အလေးချိန် ပေါင် ၈၄၀၀ ရှိကြောင်း သိရသည်။

နာဆာအဖွဲ့သည် နန်စီဂရေ့စ်ရိုမန်အာကာသ ရေဒီယိုတယ်လီစကုပ်ကို ၂၀၂၇ ခုနှစ် မေလတွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

လွှတ်တင်ပြီးချိန်တွင် နန်စီဂရေ့စ်ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာမြေနှင့် မိုင်တစ်သန်းခန့်အကွာတွင်နေရာယူ၍ စကြဝဠာစူးစမ်းလေ့လာရေးလုပ်ငန်းများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ဥရောပအာကာသအေဂျင်စီ၏ ဂယ်လီလီယို တည်နေရာနှင့် လမ်းပြဂြိုဟ်တုနှစ်စင်းကို Space- X ကုမ္ပဏီက အောင်မြင်စွာလွှတ်တင်

**ဝါရှင်တန် စက်တင်ဘာ ၁၈**

ဥရောပအာကာသအေဂျင်စီ၏ ဂယ်လီလီယို တည်နေရာနှင့် လမ်းပြဂြိုဟ်တုနှစ်စင်းကို Space-X ကုမ္ပဏီက စက်တင်ဘာ ၁၇ ရက်တွင် အောင်မြင်စွာလွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ဂယ်လီလီယို ဂြိုဟ်တုနှစ်စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ဒုံးယာဉ်သည် အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး ၃ ဒသမ ၅ နာရီခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် ဂယ်လီလီယို ဂြိုဟ်တုနှစ်စင်းကို ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။



Space-X ကုမ္ပဏီသည် ယခုနှစ် ဧပြီလကလည်း ဂယ်လီလီယို ဂြိုဟ်တုနှစ်စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီက ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၁၄၄၃၀ အကွာ ပတ်လမ်းပေါ်၌ တည်ဆောက်နေသည့် ဂယ်လီလီယို ဂြိုဟ်တုကွန်ရက်သည် တည်နေရာနှင့် လမ်းကြောင်းပြ ဂြိုဟ်တုကွန်ရက်စနစ်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ဂျပန်နိုင်ငံအခြေစိုက် အိုင်စပေ့စ်အာကာသနည်းပညာကုမ္ပဏီက ဒုတိယမြောက်လဆင်းယာဉ်ကို ယခုနှစ် ဒီဇင်ဘာလတွင် လွှတ်တင်ရန် စီစဉ်ထား

**တိုကျို စက်တင်ဘာ ၁၈**

ဂျပန်နိုင်ငံအခြေစိုက် အိုင်စပေ့စ် အာကာသနည်းပညာ ကုမ္ပဏီသည် ၎င်း၏ဒုတိယမြောက် လဆင်းယာဉ်ကို ယခုနှစ် ဒီဇင်ဘာလတွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း စက်တင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

Resilience ဟူ၍ အမည်ပေးထားသော အဆိုပါလဆင်းယာဉ်ကို ယခုနှစ် ဒီဇင်ဘာလအတွင်း အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ရန် အိုင်စပေ့စ် ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Resilience လဆင်းယာဉ်သည် လမျက်နှာပြင်လေ့လာရေးယာဉ်ငယ်တစ်စင်းကိုပါ သယ်ဆောင်သွားမည်ဖြစ်သည်ဟု အိုင်စပေ့စ်ကုမ္ပဏီက ကြေညာထားကြောင်း သိရသည်။

လွှတ်တင်ပြီးပါက Resilience လဆင်းယာဉ်သည် မာရီဖရီဂိုရိုက်စ် အမည်ရှိ လမျက်နှာပြင်ဒေသ၌ ဆင်းသက်ရန် စီစဉ်ထားကြောင်း သိရသည်။

အိုင်စပေ့စ်ကုမ္ပဏီသည် ၂၀၂၃ ခုနှစ် ဧပြီလတွင် ဟာကူတို-အာရ် အမည်ရှိ လဆင်းယာဉ်ကို လွှတ်တင်ခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## မီလာနိုးမားအရေပြားကင်ဆာလူနာများကို ခုခံအားစနစ်ဆေးနှစ်မျိုးပေါင်းကုထုံးဖြင့် ဘဝသက်တမ်း ဆန့်ထုတ်ပေးနိုင်

**နယူးယောက် စက်တင်ဘာ ၁၈**

ကင်ဆာဆဲလ်များ ပျံ့နှံ့နေသည့် မီလာနိုးမား အရေပြားကင်ဆာရောဂါလူနာများ၏ဘဝသက်တမ်းကို ခုခံအားစနစ် ဆေးနှစ်မျိုးပေါင်းကုထုံးဖြင့် ဆန့်ထုတ်ပေးနိုင်ကြောင်း စက်တင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

၂၀၁၁ ခုနှစ်တွင် မီလာနိုးမား အရေပြားကင်ဆာလူနာများသည် ရောဂါ စစ်ဆေးတွေ့ရှိပြီးနောက် ပျမ်းမျှအားဖြင့် ခြောက်လအတွင်း အသက်ဆုံးပါးကြရသည်။

၂၀၂၄ ခုနှစ်တွင်မူ Nivolumab နှင့် Ipilimumab အမည်ရှိ ခုခံအားစနစ် ဆေးနှစ်မျိုး ပေါင်းစပ်ထားသည့်ကုထုံးကြောင့် မီလာနိုးမား အရေပြားကင်ဆာ လူနာများ အသက်ရှင်နိုင်ခွင့် ကာလမှာ ခြောက်နှစ်ထိရှိလာကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Nivolumab နှင့် Ipilimumab နှစ်မျိုးပေါင်းကုထုံးကြောင့် မီလာနိုးမားအရေပြားကင်ဆာလူနာများ အသက်ရှင်နိုင်မည့် ပျမ်းမျှသက်တမ်းမှာ ခြောက်နှစ်ကျော်ထိရှိလာသည်ဟု အမေရိကန်သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

အဆိုပါ ဆေးနှစ်မျိုးသည် ကင်ဆာဆဲလ်များကို မဖျက်ဆီးရန် ခုခံအားစနစ်ကို ပိတ်ပင်ထားသည့်ဆဲလ်အဆင့်ဇီဝယန္တရားစနစ်တစ်ခုကို ထိန်းချုပ်ပေးနိုင်သည်။

အမေရိကန် သုတေသနပညာရှင်များသည် နိုင်ငံပေါင်း ၂၁ နိုင်ငံတို့မှ မီလာနိုးမား အရေပြားကင်ဆာ လူနာ ၉၄၅ ဦးကို အချိန်ယူစမ်းသပ်ကုသပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## Ozempic ကဲ့သို့ GLP-1 အုပ်စုဝင်ဆေးများက အသည်းခြောက်ရောဂါဖြစ်နိုင်မှုကို တားဆီးနိုင်

**နယူးယောက် စက်တင်ဘာ ၁၈**

Ozempic ကဲ့သို့ GLP-1 အုပ်စုဝင်ဆေးများသည် ဆီးချိုရောဂါနှင့်ဆက်စပ်နေသည့် အသည်းခြောက်ရောဂါ (Liver Cirrhosis) ဖြစ်ပွားနိုင်မှုကို တားဆီးနိုင်ဖွယ်ရှိကြောင်း စက်တင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

ဆီးချိုရောဂါ၊ အဝလွန်မှုပြဿနာတို့နှင့် ဆက်စပ်နေသော အသည်းအဆီဖုံးမှုပြဿနာသည် အသည်းခြောက်ရောဂါအဖြစ်သို့ အလွယ်တကူပြောင်းလဲသွားနိုင်ကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ ဘေလားဆေးကောလိပ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Ozempic ကဲ့သို့ GLP-1 အုပ်စုဝင်ဆေးများသည် ဆီးချိုနှင့်ဆက်စပ်နေသည့် အသည်းခြောက်ရောဂါ ဖြစ်လာနိုင်မှုကို တားဆီးပေးနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဆီးချိုရောဂါနှင့် အသည်းအဆီဖုံးမှုပြဿနာများရှိနေသူ လူပေါင်း ၃၂၀၀၀ တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ GLP-1 ဆေးများ သုံးစွဲသူလူနာများသည် မသုံးစွဲသူလူနာများထက် အသည်းခြောက်ရောဂါပေါ်လာနိုင်ခြေ ၁၄ ရာခိုင်နှုန်း ပိုနည်းပါးသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**



နိုင်ငံတကာ
**အားကစားသတင်းများ**

# ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုးအများဆုံး အင်္ဂလန်ကစားသမားအဖြစ် ဟယ်ရီကိန်းရပ်တည်

**ဘာလင် စက်တင်ဘာ ၁၈**

ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁) အဖြစ်ကစားခဲ့သည့် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဒိုင်နမိုဇာဂရက်အသင်းတို့ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းက ကိုးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး တိုက်စစ်မှူး ဟယ်ရီကိန်းက အသင်းအတွက် သွင်းဂိုး လေးဂိုးထိ သွင်းယူနိုင်ခဲ့သောကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုးအများဆုံး အင်္ဂလန်ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် အင်္ဂလန်ကစားသမားများတွင် မှတ်တမ်းကောင်းများရရှိထားသည့် တိုက်စစ်မှူး ရွန်းနီ၏ စံချိန်များကို ကျော်ဖြတ်နိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ် မတ်လက အင်္ဂလန်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် လက်ရွေးစင်အသင်းတွင် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ်လည်းကောင်း၊ ၂၀၂၃ ခုနှစ် မေလတွင် စပါးအသင်းနှင့် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ပရီးမီးယားလိဂ် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ်လည်းကောင်း ရပ်တည်နိုင်ခဲ့ပြီး ရွန်းနီ၏စံချိန်ကို ကျော်ဖြတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဟယ်ရီကိန်းသည် ချန်ပီယံလိဂ် ပြိုင်ပွဲတွင်လည်း သွင်းဂိုးလေးဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် သွင်းဂိုး ၃၀ ဖြင့် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသည့် ရွန်းနီ၏စံချိန်ကို ထပ်မံကျော်ဖြတ်ခဲ့သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဂိုးသွင်းအများဆုံး အင်္ဂလန်ကစားသမားများမှာ ဟယ်ရီကိန်းက သွင်းဂိုး ၃၃ ဂိုးဖြင့် အဆင့်(၁)၊ ရွန်းနီက သွင်းဂိုး ၃၀ ဖြင့် အဆင့်(၂)၊ စတားလင်းက သွင်းဂိုး ၂၇ ဂိုးဖြင့် အဆင့်(၃)၊ ပေါစခိုးက သွင်းဂိုး ၂၄ ဂိုးဖြင့် အဆင့်(၄)၊ လမ်းပတ်က သွင်းဂိုး ၂၃ ဂိုးဖြင့် အဆင့်(၅)၊ ဂျာရတ်က သွင်းဂိုး ၂၁ ဂိုးဖြင့် အဆင့်(၆)၊ အန်ဒီကိုးလ်က သွင်းဂိုး ၁၈ ဂိုးဖြင့် အဆင့်(၇)နေရာတို့တွင် အစဉ်လိုက် ရပ်တည်နေကြောင်း သိရသည်။

Ref : Opta Analyst
Trs : ML



## အားကစားသတင်းအတိုအထွာများ

- ဘိုင်ယန်မြူးနစ်အသင်းက ဒိုင်နမိုဇာဂရက်အသင်းကို ကိုးဂိုး နှစ်ဂိုးဖြင့်အနိုင်ရခဲ့သည့်ပွဲစဉ်၌ ပါဝင်ကစားခဲ့သည့် သောမတ်မူလာသည် ကလပ်အသင်းတစ်သင်းတည်းဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၅၂ ပွဲကစားခဲ့သည့် ကစားသမားအဖြစ်မှတ်တမ်းဝင်ခဲ့ပြီး ၎င်းနောက်တွင် ဘာစီလိုနာကစားသမားဟောင်း ဇာဗီက ၁၅၁ ပွဲဖြင့် ဒုတိယ၊ ရီးရဲလ်မက်ဒရစ်ကစားသမားဟောင်း ကာစီးလက်စ်က ပွဲ ၁၅၀ ဖြင့် တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။
- မန်ယူအသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်ရရှိထားသည့် တိုက်စစ်မှူး မာရှယ်သည် ဂရိကလပ် အေအီးကေအေအသင်းသို့ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။
- မန်စီးတီးအသင်းက စာချုပ်သက်တမ်း သုံးနှစ်ကျန်ရှိသေးသည့် ကွင်းလယ်ကစားသမား ရိုဒရီကို ဆက်လက်ထိန်းသိမ်းရန်အတွက် သက်တမ်းတိုးရန် ဆွေးနွေးနေကြောင်းသိရသည်။

ML

# ကွာရာဘောင်းဖလားပြိုင်ပွဲ၌ ပင်နယ်တီအများဆုံးကန်သွင်းခဲ့သည့်ပွဲစဉ်အဖြစ် ပရက်စတန်နှင့် ဖူလ်ဟမ်အသင်းတို့ မှတ်တမ်းဝင်



**လန်ဒန် စက်တင်ဘာ ၁၈**

ကွာရာဘောင်းဖလား တတိယအဆင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ပရက်စတန်အသင်းနှင့် ဖူလ်ဟမ်အသင်းတို့ပွဲစဉ်တွင် ပွဲချိန်အတွင်း တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သဖြင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ နှစ်သင်းပေါင်း ၃၄ ကြိမ်ထိ ကန်သွင်းခဲ့ပြီး ပရက်စတန်အသင်းက ၁၆ ဂိုး ၁၅ ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ဖလားသမိုင်းတွင် ပင်နယ်တီအများဆုံး ကန်သွင်းခဲ့သည့်ပွဲစဉ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါပွဲစဉ်၌ အိမ်ရှင်ပရက်စတန်အသင်းက ပွဲချိန် ၃၁ မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ဖူလ်ဟမ်အသင်းက ချေပဂိုးရရှိရေးအစွမ်းကုန်ကြိုးပမ်းခဲ့ရာ ပွဲချိန် ၆၁ မိနစ်တွင် နယ်လ်ဆန်က ချေပဂိုးသွင်းယူနိုင်ခဲ့သဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရသည်။

ပင်နယ်တီ အဆုံးအဖြတ်တွင် ဖူလ်ဟမ်အသင်းက စတင်ကန်သွင်းခွင့်ရခဲ့ပြီး ပင်နယ်တီ ၁၇ ကြိမ်တွင် နှစ်ကြိမ်လွဲချော်ခဲ့သော်လည်း ပရက်စတန်အသင်းက ပင်နယ်တီ ၁၇ ကြိမ်တွင် တစ်ကြိမ်သာလွဲချော်ခဲ့ရာ ၁၆ ဂိုး ၁၅ ဂိုးရလဒ်ဖြင့်အနိုင်ရခဲ့ပြီး စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ပြီး ဖလားသမိုင်းတွင် ပင်နယ်တီအများဆုံးကန်သွင်းခဲ့ရသည့်ပွဲစဉ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

တတိယအဆင့်ပွဲစဉ်များအပြီးတွင် ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် ဘရန့်ဖို့ဒ်က လေတန်အသင်းကို သုံးဂိုး တစ်ဂိုး၊ ဆောက်သမ်တန်အသင်းက အဲဗာတန်ကို ပင်နယ်တီအဆုံးအဖြတ်ဖြင့်လည်းကောင်း၊ ပဲလေ့စ်အသင်းက ကျူပီအာကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ မန်ယူအသင်းက ဘန်စလေကို ခုနစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရခဲ့ပြီး စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

Ref : ESPN
Trs : ML

# နည်းပြဒီရော့ဆီကို ရာထူးမှထုတ်ပယ်ကြောင်း ရိုးမားအသင်းထုတ်ပြန်ကြေညာ

**ရောမ စက်တင်ဘာ ၁၈**

ရိုးမားအသင်းသည် ယခုနှစ် ဘောလုံးရာသီ စီးရီးအေပြိုင်ပွဲ လေးပွဲကစားအပြီးတွင် နိုင်ပွဲ ပျောက်ဆုံးခဲ့သည့် နည်းပြဒီရော့ဆီကို ရာထူးမှထုတ်ပယ်ခဲ့သည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

နည်းပြဒီရော့ဆီသည် ဇန်နဝါရီလက နည်းပြမော်ရင်ဟို ထွက်ခွာခဲ့ပြီးနောက် ရိုးမားအသင်း ယာယီနည်းပြတာဝန်ကိုရယူခဲ့ပြီး အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက ပြီးခဲ့သည့် ဇူလိုင်လက ၂၀၂၇ ခုနှစ်ထိ စာချုပ် ချုပ်ဆိုခဲ့သည်။

သို့သော် ဒီရော့ဆီသည် ရာသီသစ်စတင်ချိန်တွင် စီးရီးအေပြိုင်ပွဲ လေးပွဲကစားခဲ့ရာ ကက်ဂလီယာရီအသင်းကို ဂိုးမရှိသရေ၊ အမ်ပိုလီအသင်းကို နှစ်ဂိုး တစ်ဂိုး၊ ဂျူဗင်တပ်အသင်းကို ဂိုးမရှိသရေနှင့် ဂျီနိုအာအသင်းတို့ကို တစ်ဂိုးစီ သရေသာကစားနိုင်ခဲ့ပြီး နိုင်ပွဲ ပျောက်ဆုံးခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက လမ်းခွဲရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ရိုးမားအသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် ၁၉၇၄-၁၉၇၅၊ ၁၉၈၄-၁၉၈၅၊ ၂၀၁၀-၂၀၁၁ ဘောလုံးရာသီတို့တွင် စီးရီးအေပြိုင်ပွဲ လေးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့သည့် မှတ်တမ်းဆိုးကိုပိုင်ဆိုင်ခဲ့ပြီးနောက် ယခုနည်းပြဒီရော့ဆီလက်ထက်တွင် စတုတ္ထမြောက် လေးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။

အသက် ၄၁ နှစ်ရှိ နည်းပြဒီရော့ဆီသည် ရိုးမားအသင်းကို ပြိုင်ပွဲစုံ ပွဲ ၃၀ တာဝန်ယူခဲ့ရာတွင် ၁၄ ပွဲနိုင်၊ ကိုးပွဲသရေ၊ ခုနစ်ပွဲရှုံး ရလဒ်သာရရှိခဲ့ကြောင်း သိရသည်။

Ref : Fotmob
Trs : ML

# Korea Open တင်းနစ်ပြိုင်ပွဲကွာတားဖိုင်နယ်သို့ ကော့စယူတက်ရောက်

**ဆိုးလ် စက်တင်ဘာ ၁၈**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင်ကျင်းပနေသည့် Korea Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန်တင်းနစ်မယ် ဟိသာဝက်ဆင်နှင့် ယူကရိန်းတင်းနစ်မယ် ကော့စယူတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကော့စယူက (၆-၂၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

လက်ရှိ ကမ္ဘာ့အဆင့်(၁၈) နေရာတွင်ရပ်တည်နေသည့် ကော့စယူသည် ဗြိတိန်နာမည်ကြီး တင်းနစ်မယ် ဟိသာဝက်ဆင်ကို တစ်ဖက်သတ် ဖိအားပေးကစားနိုင်ခဲ့ပြီး ပြတ်သားသည့်ရလဒ်များဖြင့် အနိုင်ရရှိခဲ့သည်။

ကော့စယူ၏ ထူးခြားချက်မှာ စပေးဘောအားပြင်းထန်ပြီး ပြိုင်ဘက်ကစားသမားများအတွက် ထိန်းရခက်သည့် စပေးဘောမျိုးဖြစ်၍ ၎င်း၏အားသာချက်ကို အကောင်းဆုံးအသုံးချကာ ဟိသာဝက်ဆင်အားပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဟိသာဝက်ဆင်နှင့် ကော့စယူတို့ပွဲစဉ်သည် ပွဲကစားချိန်တစ်နာရီ ၁၅ မိနစ်သာကြာမြင့်ခဲ့ပြီး ဟိသာဝက်ဆင်အတွက် ယခုနှစ်အတွင်း အဆိုးရွားဆုံး စွမ်းဆောင်ရည်ဖြစ်ခဲ့သည်။

ကော့စယူသည် ကွာတားဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်မယ် ဒီယာနာရှနိုက်ဒါနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ပြီး ဒီယာနာရှနိုက်ဒါသည်လည်း ပြိုင်ပွဲတွင် နိုင်ခြေအဆင့်(၄)အဖြစ် သတ်မှတ်ခြင်းခံထားရသည့် ကစားသမားတစ်ဦးဖြစ်ပြီး ကော့စယူနှင့် ဒီယာနာရှနိုက်ဒါတို့၏ ပွဲစဉ်သည် ခန့်မှန်းရခက်သည့် ပွဲစဉ်တစ်ပွဲဖြစ်လာနိုင်သည်။




ကော့စယူက "ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့လို့ဝမ်းသာဂုဏ်ယူပါတယ်။ ဟိသာဟာယှဉ်ပြိုင်ရခက်တဲ့ ပြိုင်ဘက်ကောင်းတစ်ယောက်ဖြစ်ပါတယ်။ သူ့ကို ဒီလိုရလဒ်မျိုးနဲ့ အနိုင်ရရှိဖို့က မလွယ်ကူပါဘူး။ အခု ကျွန်မ အကောင်းဆုံး လုပ်ပြနိုင်ခဲ့တယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# ရန်ကုန်တိုင်းဒေသကြီးအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး အားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပခဲ့သည်။



အဆိုပါအခမ်းအနားသို့ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီ နာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီမှ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားဆယ်ကော်မတီများမှ အဖွဲ့ဝင်များ၊ အဖွဲ့ချုပ်များမှဥက္ကဋ္ဌများနှင့်အတူ ဖိတ်ကြားထားသူများ၊ အုပ်ချုပ်သူ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြကြောင်း သိရသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက မြန်မာ့သိုင်း၊ တိုက်ကွမ်ဒို၊ Fitness Dance၊ ကျွမ်းဘား အားကစားသမားများ သရုပ်ပြမှုများကိုကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုငွေများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်အကြို ရန်ကုန်တိုင်းဒေသကြီးအားကစားပွဲတော်တွင်ကျင်းပသည့် အားကစားနည်းများဖြစ်သော ဘောလုံး၊ ဖူဆယ်၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ ရိုးရာခြင်းလုံး၊ ဂေါက်သီး၊ ခရစ်ကက်၊ စားပွဲတင်တင်းနစ်၊ ဘော်လီဘော၊ တင်းနစ်၊ ရေကူး၊ ပြေးခုန်ပစ်၊ ကာယဗလနှင့်ကာယကြံ့ခိုင်မှု၊ ဘီလီယက်နှင့်စနူကာ၊ လက်ဝှေ့၊ ဂျူဒို၊ ကရာတေး၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း၊ ဗိုဗီနမ်၊ အလေးမ၊ ဝုရှုးနှင့် မသန်စွမ်းအားကစားပြိုင်ပွဲများ အပါအဝင် အားကစားနည်း ၂၄ နည်းကို ထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# နေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၄)တွင် ရခိုင်ယူနိုက်တက်အသင်းက ရှမ်းယူနိုက်တက်အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ

ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် နေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၄)အဖြစ် ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်းတွင် ရခိုင်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရခိုင်ယူနိုက်တက်အသင်းက လေးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၁၂ မိနစ်တွင် ဆော်ဇင်နိုင်က ရခိုင်ယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် ရခိုင်ယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ချေပဂိုးနှင့်အနိုင်ဂိုးများအတွက် ပြန်လည်ဖိအားပေးရန် ကြိုးပမ်းခဲ့သော်လည်း ပွဲချိန် ၄၈ မိနစ်တွင် ဆန်းဝင်းကျော်၊ ပွဲချိန် ၅၅မိနစ်တွင် ဆော်ဇင်နိုင်နှင့်ပွဲချိန် မိနစ် ၉၀ တွင် မြင့်မြတ်သူရတို့က ရခိုင်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများ ထပ်မံသွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ရခိုင်ယူနိုက်တက်အသင်းက ရှမ်းယူနိုက်တက်အသင်းကို အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရခိုင်ယူနိုက်တက်အသင်းနှင့် အတူ အကောင်းဆုံးလက်စွမ်းပြသနိုင်ခဲ့သည့် ဂိုးသမား မျိုးပိုင်ဦးက ဆွတ်ခူးနိုင်ခဲ့ကြောင်းသိရသည်။

STA

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)တွင် ရန်ကုန်ယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိ



ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)အဖြစ် ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ စလင်းအားကစားကွင်းတွင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများရှိခဲ့သော်လည်း ရန်ကုန်ယူနိုက်တက်အသင်းက ဂိုးကန်သွင်းခွင့်ပိုမိုရရှိခဲ့ပြီး ပွဲချိန် ၂၄ မိနစ်တွင် ယွန်းဝတီလှိုင်နှင့် ပွဲချိန် ၃၇ မိနစ်တွင် ဇင်မိုးပြည့်တို့က ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများသွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် သစ္စာအားမာန်အသင်း၏ ချေပဂိုးများအတွက် ပြန်လည် ဖိအားပေးမှုများကြောင့် ပိုမို အကြိတ်အနယ်ရှိလာခဲ့သော်လည်း ပွဲချိန် ၆၂ မိနစ်တွင် ပန်းအိန္ဒြာက ရန်ကုန်ယူနိုက်တက်အသင်းအတွက် တတိယဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အဆိုပါပွဲစဉ်၏ အကောင်းဆုံး ကစားသမားဆုကို ရန်ကုန်ယူနိုက်တက်အသင်းမှ ယွန်းဝတီလှိုင်က ဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)အဖြစ် စက်တင်ဘာ ၁၉ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း၌ ရွှေဝတီအသင်းနှင့် ISPEအသင်း၊ ညနေ ၃နာရီတွင် စလင်းအားကစားကွင်း၌ YREOအသင်းနှင့် မြဝတီအသင်းတို့ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီဥက္ကဋ္ဌ ရာထူးအတွက် ခုနစ်ဦး ယှဉ်ပြိုင်မည်

လော်ဆန်းနီ စက်တင်ဘာ ၁၈

ဆွစ်ဇာလန်နိုင်ငံ လော်ဆန်းနီမြို့အခြေစိုက်သည့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ(IOC) ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေသည့် ဂျာမနီလူမျိုး သောမတ်စ်ဘတ်ချ်သည် ၂၀၂၅ ခုနှစ်တွင် ရာထူးမှ အနားယူတော့မည်ဖြစ်သည့်အတွက် ၂၀၂၅ ခုနှစ် မတ်လ၌ ရွေးကောက်ပွဲပြုလုပ်ပေးသွားမည်ဖြစ်ကြောင်းသောမတ်စ်ဘတ်ချ်က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

သောမတ်စ်ဘတ်ချ်၏ နေရာအတွက် ဝင်ရောက်အရွေးခံမည့် ဥက္ကဋ္ဌလောင်း ခုနစ်ဦးထိရှိနေပြီး ယင်းခုနစ်ဦးမှာ ကမ္ဘာ့ပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဆီဘက်စတီယန်၊ မိလျံနာတစ်ဦးဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ အဖွဲ့ဝင်အသစ်ဖြစ်သူ ဂျိုဟန်၊ ဇင်ဘာဘွေ အားကစားဝန်ကြီး ကိုဗင်ထရီ၊ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ(IOC) ဒုတိယဥက္ကဋ္ဌ အန်တိုနီယို၊ အပြည်ပြည်ဆိုင်ရာ စက်ဘီးစီးပြိုင်ပွဲအဖွဲ့ချုပ် ဥက္ကဋ္ဌ လပ်ပါတီအန်၊ ဂျော်ဒန်မင်းသား ဖိဆယ်အယ်လ်ဟူစိန်နှင့် အပြည်ပြည်ဆိုင်ရာ ကျွမ်းဘားဖက်ဒရေးရှင်းဥက္ကဋ္ဌ မိုရီနာရီတို့ဖြစ်သည်။

အသက် ၇၀ နှစ်ရှိ သောမတ်စ်ဘတ်ချ်သည် ရွေးကောက်ခံမည့် ဥက္ကဋ္ဌလောင်းခုနစ်ဦးနှင့် ပတ်သက်ပြီးတစ်စုံတစ်ရာမှတ်ချက်ပြုထားခြင်းမရှိသော်လည်း ၎င်းအနေဖြင့် အသက်အရွယ်ကြောင့် ရာထူးမှ အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ရွေးကောက်ပွဲကိုလည်း ဂရိနိုင်ငံအေသင်မြို့တွင် ကျင်းပသွားမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ(IOC)၌ အဖွဲ့ဝင် ၁၁၁ ဦးရှိနေကာ ကမ္ဘာ့ပြေးခုန်ပစ်အားကစားလောကကိုစီမံခန့်ခွဲနေသည့် အဖွဲ့အစည်းလည်းဖြစ်သည်။

ရွေးကောက်ပွဲစနစ်အရ အနိုင်ရရှိသူက ရှစ်နှစ်တာကာလထိ ဥက္ကဋ္ဌတာဝန်ကိုထမ်းဆောင်သွားရမည်ဖြစ်ပြီး ဒုတိယအကြိမ် ရွေးကောက်ခံရပါက လေးနှစ်ထပ်မံ၍ တာဝန်ထမ်းဆောင်နိုင်သည့် မူဝါဒချမှတ်ထားကြောင်း သိရသည်။

Ref : RT
Trs : AZL

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၄) ပွဲကြိုသုံးသပ်ချက်

STA

**အော့စ်ဘတ်** Vs **မိန့်ဇ်**

ကစားမည့်ရက်/အချိန် (၂၁-၉-၂၀၂၄ နံနက် ၀၁:၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

မိန့်ဇ် ၁ - ၀ အော့စ်ဘတ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| အော့စ်ဘတ် | - | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(နိုင်) |
| မိန့်ဇ် | - | ဝေး(သရေ) | ဝေး(ရှုံး) | အိမ်(ရှုံး) |

နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းနှစ်ပွဲဆက် နိုင်ပွဲရယူထားတဲ့ အော့စ်ဘတ်အသင်းရဲ့ခြေစွမ်းပိုင်းက တည်ငြိမ်မှုရှိနေလို့ မိန့်ဇ်အသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ မိန့်ဇ်အသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးတဲ့ထိ ရှုံးကန်နေရလို့ အခုအဝေးကွင်းပွဲစဉ်မှာလဲ ဂိုးရဖို့ခက်ခဲပါလိမ့်မယ်။ ဒါကြောင့် အိမ်ကွင်းကစားပုံကောင်းမွန်တဲ့ အော့စ်ဘတ်အသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - အော့စ်ဘတ် ၁ - ၀ မိန့်ဇ်

## ပြင်သစ်လီဂူး ပွဲစဉ် (၅) ပွဲကြိုသုံးသပ်ချက်

STA

**နိုက်** Vs **စိန့်အီတိန်း**

ကစားမည့်ရက်/အချိန် (၂၁-၉-၂၀၂၄ နံနက် ၀၁:၁၅နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

နိုက် ၄ - ၂ စိန့်အီတိန်း

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| နိုက် | - | အိမ်(သရေ) | ဝေး(နိုင်) | ဝေး(ရှုံး) |
| စိန့်အီတိန်း | - | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(နိုင်) |

အိမ်ကွင်းဆိုရင်အသင်းလိုက်ကစားပုံမာကျောတဲ့ နိုက်အသင်းဟာ စိန့်အီတိန်းအသင်းကို ဖိအားပေးကစားနိုင်မှာပါ။ နိုက်အသင်းဟာ အိမ်ကွင်းဆိုရင် စိန့်အီတိန်းအသင်းကိုအမြဲအသာရရှိလေ့ရှိပါတယ်။ စိန့်အီတိန်းအသင်းရဲ့ လက်ရှိအဝေးကွင်းခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရှုံးကန်နေရပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ဖိအားပေးကစားလာမဲ့ နိုက်အသင်းကိုပဲအားပေးရမှာပါ။

ခန့်မှန်းရလဒ် - နိုက် ၂ - ၁ စိန့်အီတိန်း

# ကြိုဆိုပါသည် သားကောင်းဇာနည်

**နွေကုံကော်(မြို့လှ)**

အချိန်ကား ၂၀၂၄ ခုနှစ် စက်တင်ဘာ ၉ ရက် ည ၈ နာရီခွဲနီးစွန်း။ ကွန်ပျူတာကိုဖွင့်လျက် စာရေးသူသည် ည ၈ နာရီ သတင်းနားထောင်နေမိသည်။ ည ၈ နာရီတိုင်း သတင်းနားထောင်လေ့ရှိသည်ကား စာရေးသူ၏အကျင့် သို့မဟုတ် မိမိဘာသာပြဋ္ဌာန်းထားသော တာဝန်တစ်ခုပင်ဖြစ်သည်။ ကွန်ပျူတာကိုဖွင့်ရခြင်းအကြောင်းရင်းကား အထက်ဌာနက ပေးအပ်လာသည့် တာဝန်တစ်ခုကို ထမ်းဆောင်ရန်အတွက် စာစီစာရိုက်ရန်ဖွင့်ခြင်းပင်ဖြစ်သည်။ ထိုအချိန် သတင်းနားထောင်စဉ် ပြည်သူ့စစ်မှုထမ်း သင်တန်းတက်ရောက်သောသင်တန်းသားများဆီမှ နိုင်ငံတော်ကာကွယ်ရေး၊ ပြည်သူ့စစ်မှုထမ်း တာဝန်ထမ်းဆောင်ရေးတို့နှင့်ပတ်သက်၍ ခံယူချက်များအကြောင်းပြောကြားကြသည့် ရင်ဖွင့်သံအသီးသီးကိုနားဆင်မိရာမှ လုပ်လက်စအလုပ်ကိုရပ်လျက် ဤစာစုကို ရေးဖြစ်ခဲ့သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၅) ကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ထပ်မံဖွင့်လှစ်နိုင်ခဲ့သည်။ နိုင်ငံတစ်ဝန်းရှိသင်တန်းဖွင့်ပွဲအသီးသီးမှ နုပျိုသစ်လွင်သော သင်တန်းသားများ၏ ရင်ဖွင့်သံများကိုကြားရသည့်အခိုက် စာရေးသူ၏ အတိတ်ကာလကိုသတိရမိလိုက်သည်။ လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခု၊ တိတိကျကျဆိုရလျှင် ၂၀၀၄ ခုနှစ်တွင် စာရေးသူသည်လည်း တပ်မတော်အရိပ်သို့ ဝင်ရောက်ခိုလှုံခဲ့သည်။ ထိုစဉ်က စာရေးသူ၏ ဖခင်ဖြစ်သူက စာရေးသူကို ဥပဒေဘွဲ့ယူကာ ရှေ့နေတစ်ဦးဖြစ်စေလိုခဲ့သည်။ ဦးလေးဖြစ်သူကလည်း စာရေးသူကို ရိုးရိုးဘွဲ့တစ်ခုဖြင့် တပ်မတော်သား မဟုတ်သော နိုင်ငံ့ဝန်ထမ်းတစ်ဦးလုပ်ရန် အကြံပေးခဲ့သည်။ သို့သော်ဖခင်ဖြစ်သူ၏ ဆန္ဒနှင့် ဦးလေးတို့၏ တိုက်တွန်းချက်များကို လျစ်လျူရှုကာ တပ်မတော်သားဘဝကို စာရေးသူရွေးချယ်ခဲ့သည်။ မှတ်မိနေပါသေးသည်။ ရန်ကုန်တွင် သွားရောက် ဖြေဆိုခဲ့ရသည့် ဗိုလ်လောင်းရွေးချယ်ရေးကာလတွင် စိတ်ပညာနှင့်ပတ်သက်၍ မေးသည့် တာဝန်ရှိလူကြီးတစ်ဦးက စာရေးသူကိုမေး၏။

“ မင်းကို လစာမပေးဘူးဆိုရင်ရောကွာ”

“ ယူနီဖောင်းဝတ်ရရင် ကျေနပ်ပါပြီ”

အဆိုပါ လူတွေ့စစ်ဆေးသည့် တာဝန်ရှိလူကြီးက စာရေးသူကို မည်သည့်အတွက်ကြောင့် စစ်မှုထမ်းလိုသနည်းဟုမေး၏။ ထိုအခါ စာရေးသူက ဝါသနာပါလို့ပါဟု ဖြေလိုက်သည်။ ထိုအဖြေကိုကြားသည့် အရာရှိကြီးက “စစ်ဗိုလ်ဖြစ်ခွင့်ပေးမယ်။ ဒါပေမဲ့ လစာမပေးရင်ကော”ဟု ထပ်မံမေးခွန်းထုတ်လာသည်။ စာရေးသူလည်း စိတ်ထဲရှိသည့်အတိုင်း တွေဝေမနေဘဲ “ယူနီဖောင်းဝတ်ရရင် ကျေနပ်ပါပြီ” ဟူ၍ ဖြေလိုက်သည်။ တကယ်တော့ ထိုသို့မေးလျှင် ထိုသို့ဖြေပါဟူ၍ မည်သူကမှ သင်ကြားပေးခြင်းမရှိခဲ့ပါ။ စာရေးသူစိတ်ထဲခံစားမိသည့်အတိုင်း ဖြေခဲ့မိခြင်းဖြစ်သည်။ ယနေ့ထိတိုင်လည်း ထိုအတိုင်းခံယူဆဲဖြစ်သည်။ စာရေးသူ ၁၀ တန်းကျောင်းသားဘဝတွင် ထိုစဉ်က စစ်တက္ကသိုလ်ကျောင်းဆင်းစ အရာရှိဒုတိယဗိုလ်လေးများကို အားကျမိခဲ့သည်။ ထိုမတိုင်မီက နိုင်ငံ့အကြီးအကဲတစ်ဦး၏ လှုပ်ရှားမှု၊ ဆံပင်ပုံစံများကို သဘောကျခဲ့ကာ တပ်မတော်သားတစ်ဦးဖြစ်လိုခဲ့သည်။

စာရေးသူတို့ ၁၀ တန်းကျောင်းသားဘဝတွင် အထက်တန်းကျောင်းသို့ လုပ်အားပေးလူမှုဝန်ထမ်းတာဝန်လာရောက်ထမ်းဆောင်ကြသောနယ်မြေခံတပ်မှ အရာရှိငယ်လေးများ၏ ဦးဆောင်မှု၊ တက်ကြွမှု တည်ကြည်ခံ့ညားမှုတို့ကိုအားကျမိခဲ့ရင်း စစ်ဗိုလ်စစ်သားကြီးဖြစ်ချင်ခဲ့သည်။ ထိုအချိန်ကပင် ကျောင်းစာကြည့်တိုက်မှဗိုလ်မှူးကြီးသောင်းဝေဦး၏ စစ်ဝတ္ထုများ၊ အတ္ထုပ္ပတ္တိများကို ဖတ်ခဲ့ရသည်မို့ စစ်သားဘဝကိုပို၍ခုံမင်ခဲ့သည်။ ဤသို့ဖြင့် ၁၀ တန်းအောင်ချိန်တွင် ဘာမှစဉ်းစားမနေတော့ဘဲ စစ်တက္ကသိုလ်တက်ရန် စိတ်ပိုင်းဖြတ်ခဲ့သည်။ ဗိုလ်လောင်းဘဝသည် မလွယ်ကူလှပေ။ တိတိကျကျဆိုရသော် တပ်မတော်သားတစ်ဦး၏ဘဝသည်ကား မလွယ်ကူလှပါချေ။ စာရေးသူတို့ ဗိုလ်လောင်းတက်စဉ်က နည်းပြများနှင့် ရှေ့စီနီယာများပြောလေ့ရှိသောစကားသည်ကား “လူတိုင်းယောကျ်ားမဖြစ်နိုင်၊ ယောကျ်ားဖြစ်ခဲ့လျှင်လည်း လူတိုင်းစစ်သားမဖြစ်နိုင်”ဟူ၍ဖြစ်သည်။ မှန်ပါသည်။ လူ့ဘဝသည် ရခဲလှ၏ဟုမြတ်စွာဘုရားရှင်က ဟောကြားခဲ့၏။ ထိုရခဲလှသောလူ့ဘဝတွင် ယောကျ်ားဘဝကိုရရန် ပို၍ခဲယဉ်းပေသည်။ ကံကြမ္မာ၏ မျက်နှာသာပေးချက်အရ စာရေးသူ တပ်မတော်သားတစ်ဦး ဖြစ်ခွင့်ရခဲ့သည်။

ဆယ်ကျော်သက်ကျောင်းသားဘဝတွင် ဖတ်ခဲ့ရသည့် ဗိုလ်မှူးကြီးသောင်းဝေဦး၏ တပ်မတော်သားဘဝအတွေ့အကြုံစာ၊ ရသစာပေများ၊ ငယ်စဉ်ကတည်းက ကြည့်ရှုခဲ့ရသည့် ဝေလည်းမွှေးကြွေလည်းမွှေး၊ အချစ်တစ်ပွဲစစ်ပွဲတစ်ရာ၊ အသက်ကိုနှင်း၍ စသောဇာတ်ကားများမှသည် ဆရာမြသန်းစံ၊ ဆရာတင်သန်းဦးတို့၏ ဇာတ်ကားများ၊ တေးသီချင်းများကြောင့် တပ်မတော်သားဘဝကို ပိုမိုခုံမင်ခဲ့မိသည်။ လုပ်ငန်းခွင်ဝင်ရောက်ပြီးနောက်ပိုင်း ဖတ်ခဲ့ရသည့် တပ်မတော်သားစာဆိုစစ်သည်များ၏ အတ္ထုပ္ပတ္တိစာပေများသည်လည်း လိုက်နာစောင့်ထိန်းအပ်ဖွယ် ကျင့်ဝတ်ကောင်းများကို လမ်းညွှန်ခဲ့သည်။ ထိုစာပေများ၊ တေးသီချင်းများမှတစ်ဆင့် တပ်မတော်သားကောင်းတို့ လိုက်နာစောင့်ထိန်းအပ်ဖွယ် ကျင့်ဝတ်နီတိများကို ရရှိခဲ့သည်မှာ အမှန်ပင်ဖြစ်ခဲ့သည်။ ဆိုရသော်တပ်မတော်သည် အစဉ်အလာကောင်းများနှင့် ရှင်သန်ပေါက်ဖွားရပ်တည်ခဲ့သောအဖွဲ့အစည်းတစ်ခုပင်ဖြစ်ကြောင်း အသက်အရွယ်ရလာသည်နှင့်အမျှ သုံးသပ်ဆင်ခြင်နိုင်ခဲ့သည်။ သို့သော် ထိုအဖွဲ့အစည်းအတွင်းတွင် မတစ်ထောင်သားသမီးများပါဝင်လာသောကြောင့် အဖုအထစ်လေးများလည်းရှိတတ်ကြသည်။ ဤသည်မှာလောကဓမ္မတာပင်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ခဲ့သည့် ဗမာ့လွတ်လပ်ရေးတပ်မတော်ကာလမှာပင် ထိုအဖြစ်များရှိခဲ့သည်။ သို့သော်မြန်မာ့တပ်မတော်သည် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ချိန်မှစ၍ တိုင်းပြည်အကျိုး၊ လူထုအကျိုးနှင့်ပတ်သက်လာလျှင် မိမိတို့၏ ကိုယ်ကျိုးကိုစွန့်လွှတ်ခဲ့၏။ ကိုယ်ကျိုးနှင့်ယှဉ်လာလျှင် တိုင်းပြည်အကျိုးကိုသာ ရှေ့တန်းတင်ခဲ့ကြ၏။ လူငယ်ပီပီ၊ ပုထုဇဉ်လူသားပီပီ ရံဖန်ရံခါ စိတ်၏ခေါ်ဆောင်ရာနောက် လိုက်ပါခဲ့တတ်ကြသော်လည်း တိုင်းပြည်အကျိုး၊ လူထုအကျိုးနှင့်ယှဉ်လာလျှင် ဆင်ခြင်တုံတရားအပြည့်ဖြင့် ကိုယ်ကျိုးစွန့်ခဲ့ကြသည်မှာ တပ်မတော်သားများပင် ဖြစ်ကြသည်။ ထိုဖြစ်စဉ်များအတွက် သမိုင်းသက်သေကောင်းများသည် မြန်မာ့သမိုင်းစာမျက်နှာတွင် အခိုင်အမာ မော်ကွန်းထိုးလျက်ရှိနေကြ၏။

**❖မြန်မာ့တပ်မတော်သည် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ချိန်မှစ၍ တိုင်းပြည်အကျိုး၊ လူထုအကျိုးနှင့်ပတ်သက်လာလျှင် မိမိတို့၏ ကိုယ်ကျိုးကိုစွန့်လွှတ်ခဲ့၏။ ကိုယ်ကျိုးနှင့်ယှဉ်လာလျှင် တိုင်းပြည်အကျိုးကိုသာရှေ့တန်းတင်ခဲ့ကြ၏။ လူငယ်ပီပီ၊ ပုထုဇဉ်လူသားပီပီ ရံဖန်ရံခါ စိတ်၏ခေါ်ဆောင်ရာနောက် လိုက်ပါခဲ့တတ်ကြသော်လည်း တိုင်းပြည်အကျိုး၊ လူထုအကျိုးနှင့်ယှဉ်လာလျှင် ဆင်ခြင်တုံတရား အပြည့်ဖြင့် ကိုယ်ကျိုးစွန့်ခဲ့ကြသည်မှာ တပ်မတော်သားများပင် ဖြစ်ကြသည်။ ❖**

စာရေးသူထက် နိုင်ငံချစ်စိတ်၊ တပ်မတော်ချစ်စိတ် ပြင်းပြသောတပ်မတော်သားများသည် ရှေးယခင်ကာလကတည်းက ရှိခဲ့၏။ ဆေးတက္ကသိုလ်တက်ခွင့်မိသည့်တိုင် တပ်မတော်သားဘဝကို ရွေးချယ်ခဲ့သော နိုင်ငံ့သားကောင်းများ၊ မိဘဆွေမျိုးသားချင်းများနှင့် ချစ်ခင်သူတို့၏ဆန္ဒကိုမျက်ကွယ်ပြုလျက် တပ်မတော်ရင်ခွင်ခိုလှုံခဲ့ကြသူများ မြန်မာ့သမိုင်းစဉ်ထက် မနည်းခဲ့ကြပါ။ ထိုသူတို့ကို လေးလေးစားစားဦးထိပ်လက်တင် အလေးပြုမိပါသည်။ ယနေ့ကာလတိုင်အောင်လည်း မျိုးဆက်သစ်လူငယ်များသည် ထိုသို့သောယုံကြည်ချက်၊ ခံယူချက်များရှိသည့်အတွက် စာရေးသူအနေဖြင့် အတိုင်းအတာမရှိ လေးစားမိသည်။ တိုင်းပြည်ကာကွယ်ရေးအတွက် ယုံကြည်ချက်၊ခံယူချက်ကောင်းများရှိသည့် မျိုးဆက်သစ်ပြည်သူ့စစ်မှုထမ်း တပ်မတော်သားကောင်းများအတွက် ဂုဏ်ယူလေးစားစိတ်များ တဖွားဖွားဖြစ်ပေါ်မိသည်။ မည်သည့်ခေတ်ကာလအခြေအနေတွင်မဆို နိုင်ငံ့ရေးရာအဖြာဖြာသည် “ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းရေးကျယ်” ဟူသည့်အတိုင်း ခန့်မှန်းနှိုင်းဆရခက်ခဲလှသည်။ သို့သော် မည်သို့ပင် ခန့်မှန်းနှိုင်းဆရခက်ခဲပါစေ ကာကွယ်ရန်နည်းလမ်းများရှိစမြဲဖြစ်၏။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိနေသည့်အတွက် မမျှော်မှန်းနိုင်သော ပြည်တွင်း၊ ပြည်ပစိန်ခေါ်မှုများအတွက် စစ်မှန်သော ပြည့်အင်အားကို အခိုင်အမာ တည်ဆောက်ထားနိုင်မည်ဆိုလျှင် ဘေးအန္တရာယ်အတားအဆီးမျိုးစုံကို ကျော်ဖြတ်နိုင်မည်မှာ အမှန်ပင်ဖြစ်သည်။

စာရေးသူအနေဖြင့် မိမိရှေ့ စီနီယာတပ်မတော်သားများကိုအားကျအတုယူလျက် နိုင်ငံချစ်စိတ်နှင့် နိုင်ငံကာကွယ်ရေးလုပ်ငန်းများကို လက်ဆင့်ကမ်းတာဝန်ယူခဲ့သည်။ တတ်စွမ်းသရွေ့ နိုင်ရာဝန်ထမ်းကာ နိုင်ငံ့သားကောင်းအဖြစ်ရပ်တည်ခဲ့သည်။ ယနေ့ဆိုလျှင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန် တာဝန်သိစိတ်ဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေကိုလေးစားလိုက်နာလျက် သမိုင်းပေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန် တပ်မတော်သို့ ဝင်ရောက်အမှုထမ်းလာကြသော မျိုးဆက်သစ်သားကောင်းဇာနည်များ၏ စိတ်ဓာတ်နှင့် ခံယူချက်အပေါ် စာရေးသူသည် စီနီယာတစ်ဦးအနေဖြင့် များစွာဝမ်းမြောက် ဝမ်းသာပီတိဖြစ်မိသည်။ လေးစားဂုဏ်ယူမိသည်။

ထို့ပြင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့်အတူ မိမိသဘောဆန္ဒအလျောက် ပြည်သူ့စစ်မှုထမ်းဆောင်ရန် တပ်မတော်သို့ ဝင်ရောက်လာသူများကို လေးစားဂုဏ်ယူစိတ်နှင့်အတူ အနာဂတ်၏ သားကောင်းရတနာများအဖြစ် အသိအမှတ်ပြုမိသည်။ လှိုက်လှဲဝမ်းသာစွာကြိုဆိုမိသည်။ တစ်ဆက်တည်းမှာပဲ သားကောင်းဇာနည်များအဖြစ် နှလုံးသားတွင် မှတ်တမ်းတင်မိသည်။ ထိုမှတ်တမ်းနှင့်အတူ တိုင်းပြည်တာဝန်များကို အပြောမဟုတ် အလုပ်သက်သေတို့ဖြင့် ထမ်းဆောင်ကြတော့မည့် သားကောင်းဇာနည်များကို ဦးညွှတ်အလေးပြုလိုက်မိပါတော့သည်။

## ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၃၈၇၆ ဧက စိုက်ပျိုးမည်

ကျွန်းလှ စက်တင်ဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၁၃၈၇၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၃၈၇၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစ၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြေပဲ ၁၃၈၇၆ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ မြေပဲကို မိုးမှာထက် ဆောင်းမှာပဲ အများဆုံးစိုက်ပျိုးကြတာဖြစ်ပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်နှင့်ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

# ရွှေမင်းသမီး ရုပ်ရှင်ဇာတ်ကားကို Channel K Myanmar YouTube Channel မှ ထုတ်လွှင့်ပြသမည်




ရန်ကုန် စက်တင်ဘာ ၁၈

ရွှေမင်းသမီး ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာလ နောက်ဆုံးပတ်တွင် Channel K Myanmar YouTube Channel မှ ထုတ်လွှင့်ပြသ သွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင် စိုးပြည့်သဇင်က ပြောပြ၍ သိရသည်။

ရွှေမင်းသမီး ရုပ်ရှင်ဇာတ်ကားကို Channel K Myanmar You-Tube Channel တွင် အပိုင်းနှစ်ပိုင်းခွဲကာ ထုတ်လွှင့်ပေးသွားမည်ဖြစ်ပြီး အဆိုပါ ရုပ်ရှင်ဇာတ်ကားသည် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလက ရုံတင်ပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကို သရုပ်ဆောင် စိုးပြည့်သဇင်နှင့် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို သရုပ်ဆောင် မေသန္တာဦးက ရရှိခဲ့ကြောင်း သိရသည်။

“၂၀၂၀ ပြည့်နှစ်က ရုံတင်ခဲ့ပြီးတော့ အောင်မြင်ခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားပါ။ ဒီရုပ်ရှင်တစ်ကားတည်းကပဲ အကောင်းဆုံး အမျိုးသမီး ဇာတ်ပို့ဆုကော၊ဇာတ်ဆောင်ဆုပါ ရခဲ့တဲ့အတွက် ထူးခြားမှုရှိတဲ့ ဇာတ်ကား ဖြစ်ပါတယ်။ Channel K Myanmar YouTube Channel ကနေ နှစ်ပိုင်းခွဲပြီးတော့ ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်”ဟု သရုပ်ဆောင် စိုးပြည့်သဇင်က ပြောပြသည်။

ရွှေမင်းသမီး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို နှလုံးသားက ရေးသားထားကာ မိုးနီလွင်က ဇာတ်ညွှန်းရေးထားပြီး ဒါရိုက်တာ မီးပွားက တာဝန်ယူရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ အဆိုပါရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ပြေတီဦး၊ ဇင်ဝိုင်း၊ ကျော်ကျော်ဗို၊ ကောင်းပြည့်၊ စိုးပြည့်သဇင်၊ ချိုပြုံး၊ မေသန္တာဦးနှင့်အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Onslaught ဇာတ်ကားတွင် မင်းသမီး အက်ဒရီယာအာဂျိုနာ ပါဝင်ဖွယ်ရှိ

နယူးယောက် စက်တင်ဘာ ၁၈

A 24 ရုပ်ရှင်ကုမ္ပဏီ၏ On-slaught ဇာတ်ကား၌ ပွဲတိုရီကို မင်းသမီး အက်ဒရီယာအာဂျိုနာ ပါဝင် သရုပ်ဆောင်ဖွယ်ရှိကြောင်း စက်တင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် အက်ဒရီယာအာဂျိုနာသည် Onslaught ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် A 24 ရုပ်ရှင်ကုမ္ပဏီနှင့် အပြီးသတ် ဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။

လက်ရှိအချိန်တွင် Onslaught ဇာတ်ကား၏ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို A 24 ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Onslaught ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို ယခုနှစ်နှစ်ကုန်ပိုင်းတွင် နယူးမက္ကဆီကိုပြည်နယ်၌ စတင်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် Onslaught ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို A 24 ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO



# ဗဟန်းမြို့နယ် အနုပညာခန်းမတွင် ပုဂံအလှ၏ ရသစုံပုံရိပ်များဓာတ်ပုံပြပွဲ ပြုလုပ်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ အနုပညာခန်းမတွင် ပုဂံအလှ၏ ရသစုံပုံရိပ်များဓာတ်ပုံပြပွဲပြုလုပ်လျက်ရှိကြောင်း အဆိုပါ ဓာတ်ပုံပြပွဲကိုစီစဉ်သူ ဓာတ်ပုံ မောင်မောင်မြင့်က ပြောပြ၍ သိရသည်။

ပုဂံအလှ၏ ရသစုံပုံရိပ်များ ဓာတ်ပုံပြပွဲကို စက်တင်ဘာ ၁၇ ရက်မှ စက်တင်ဘာ ၂၄ ရက်ထိ ကျင်းပပြုလုပ်နေခြင်းဖြစ်ပြီး ပြပွဲတွင် ထင်ရှားသည့် ဓာတ်ပုံဆရာ ငါးဦး၏ ပုဂံမြင်ကွင်း ဓာတ်ပုံပေါင်း ၁၅၀ ကျော် ပါဝင်ပြသထားကြောင်း သိရသည်။

“အခုဒီဓာတ်ပုံပြပွဲမှာ အတူတူပြကြတဲ့ ဓာတ်ပုံဆရာတွေကလဲ ပုဂံမှာ နာမည်ရှိတဲ့ ဌာနေဓာတ်ပုံဆရာတွေ ဖြစ်တယ်။ သူတို့တွေလဲ ရန်ကုန်မှာတစ်ခါမှ ပြပွဲမလုပ်ဖူးသေးတဲ့ အခါကျတော့ ပြပွဲလုပ်ဖြစ်သွားတာပါ။ သူတို့ဆိုတာကလဲ ဓာတ်ပုံလောကမှာ ပရော်ဖက်ရှင်နယ်တွေပါ။ နိုင်ငံတကာဆုတွေလဲ ယူဖူးတဲ့သူတွေပါ။ အားလုံး ဓာတ်ပုံဆရာ ငါးယောက်ရဲ့ဓာတ်ပုံ



အကြီး၊ အသေးအရွယ်စုံ ၁၅၀ ကျော်လောက်ရှိပါမယ်။ ပုဂံကို မရောက်ဖူးသူတွေလဲ အနှံ့ရောက်သွားအောင် ရောက်ဖူးသူတွေလဲ ပုဂံရောက်သလိုဖြစ်အောင် ပုဂံအလှ၊ ပုဂံ နေ့၊ ည မြင်ကွင်းတွေကို အတော်လေးစုံအောင်စုစည်းတင်ပြထားပါတယ်”ဟု စီစဉ်သူ ဓာတ်ပုံ မောင်မောင်မြင့်က ပြောပြသည်။

အဆိုပါဓာတ်ပုံပြပွဲတွင် ပုဂံဌာနေ ဓာတ်ပုံဆရာများဖြစ်သည့် ဓာတ်ပုံ မောင်မောင်မြင့်၊ ဓာတ်ပုံ နိုင်ထွန်းဝင်း (ပုဂံ)၊ ဓာတ်ပုံ ရှိုင်းကို၊ ဓာတ်ပုံအောင်ဒင်၊ ဓာတ်ပုံ ပုဂံချစ်သူတို့၏ ဓာတ်ပုံများကို ပြသ ရောင်းချလျက်ရှိကြောင်း သိရသည်။

ASH

# ၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲအတွက် Dahomey ဇာတ်ကားကို ဆီနီဂေါနိုင်ငံ ရွေးချယ်

နယူးယောက် စက်တင်ဘာ ၁၈

၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲ အကောင်းဆုံး နိုင်ငံတကာရုပ်ရှင်ဇာတ်ကားဆုအတွက် Dahomey ဇာတ်ကားကို ဆီနီဂေါနိုင်ငံက ရွေးချယ်တင်သွင်းထားကြောင်း စက်တင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။




ပြင်သစ်နိုင်ငံ ဆီနီဂေါဒါရိုက်တာ မာတီဒီအော့ ရိုက်ကူးထားသော Dahomey ဇာတ်ကားသည် ဂျာမနီနိုင်ငံ ဘာလင်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်၌ ရွှေဝက်ဝံဆုရရှိထားသော ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားသည် ၁၉ ရာစုခေတ်အတွင်း အာဖရိကတိုက် ဒါဟိုမေးဘုရင့်နိုင်ငံမှ ပြင်သစ်တပ်များ တူးဖော်သွားသည့် အာဖရိကယဉ်ကျေးမှုအမွေအနှစ် ရတနာ ပစ္စည်းပြန်လည်ရရှိခဲ့မှုကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

လက်ရှိအချိန်တွင် Dahomey ဇာတ်ကားကို ကနေဒါနိုင်ငံ တိုရွန်တိုနိုင်ငံတကာရုပ်ရှင်ပွဲတော်နှင့်အမေရိကန်နိုင်ငံ နယူးယောက်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တို့၌ ဆက်လက်ပြသရန် ထုတ်လုပ်သူများက စီစဉ်ထားသည်။

၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲအကောင်းဆုံးနိုင်ငံတကာ ဇာတ်ကားဆုအတွက် ပြိုင်ပွဲဝင် ဇာတ်ကားများကို ယခုနှစ် နိုဝင်ဘာ ၁၄ ရက် နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး ၉၇ ကြိမ်မြောက် အော်စကာရုပ်ရှင်ဆုပေးပွဲကို ၂၀၂၅ ခုနှစ် မတ် ၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

Ref : Xinhua News
Trs : KKO

# Ghosts of Hiroshima ဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးမည်

နယူးယောက် စက်တင်ဘာ ၁၈

ကမ္ဘာကျော်ဒါရိုက်တာ ဂျိမ်းကင်မရွန်သည် Ghosts of Hiroshima အမည်ရှိ ဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၇ ရက်သတင်းများအရ သိရသည်။

Ghosts of Hiroshima ဝတ္ထုသည် စာရေးဆရာ ချားပယ်လီဂရီနို ရေးသားထားသည့် ဝတ္ထုဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဒါရိုက်တာ ဂျိမ်းကင်မရွန်သည် Ghosts of Hiroshima စာအုပ်အား ရုပ်ရှင်ရိုက်ကူးခွင့်ကို စာရေးဆရာ ချားပယ်လီဂရီနိုထံမှ ရရှိထားပြီဖြစ်ကြောင်း သိရသည်။

Ghosts of Hiroshima ဝတ္ထုသည် ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်နိုင်ငံအပေါ် ကြဲချခဲ့သော အဏုမြူဗုံးနှစ်လုံး၏ရန်မှ လွတ်မြောက်ခဲ့သော ဂျပန်အင်ဂျင်နီယာတစ်ဦး၏ အတွေ့အကြုံများကို ရေးဖွဲ့ထားသော ဝတ္ထုဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဒါရိုက်တာ ဂျိမ်းကင်မရွန်သည် Avatars : Fire and Ash ဇာတ်ကားကို ရိုက်ကူးနေဆဲဖြစ်သည်။

၎င်းဇာတ်ကားကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ရုံတင်ပြသရန် ၂၀ ရာစုရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO





# SAC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects military headquarters in Tatkon Station facing impacts of natural disasters, give necessary guidance, presents relief supplies





Senior General Min Aung Hlaing inspects situation of damage caused by floods within Tatkon Station area.

**Nay Pyi Taw September 18**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing this morning, accompanied by member of the SAC Chief of the General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Vice-Admiral Htein Win, senior Tatmadaw officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command and officials, inspected military headquarters in Tatkon Station which faced batter impacts of flash flood, gave necessary instructions and presented relief supplies.

At the hall of the local military headquarters, the Senior General met with officers, other ranks and families. On the occasion, the Senior General explained the purpose of his tour to fulfill the needs of officers, other ranks and families who have faced impacts of unexpected natural disaster and manage rehabilitation tasks. Although weather forecast bore certainty of raining but anyone did not guess heavy rains. Persistent torrential rains triggered high speed of flow of water from the torrential creeks, and it caused loss and damage along the waterway. Mining process also causes landslides whereas floating of heavy logs and pieces stockpiled in the rafts officially allowed to be extracted occurred worse loss and damage. Necessary aid will be presented to the people for loss and damage.

In undertaking rehabilitation tasks, officials need to clear up debris and blockade along the route in floods at first. And then, the second prioritized one is to arrange water and power supply and more rehabilitation tasks must be done. It is necessary to arrange convenience of families in basic needs and to buy basic foodstuffs at reduced prices. Taking lessons from recent incident, systematic research must be conducted to construct building in a far distance from possible waterways from flash flood.

The Senior General asked Tatmadaw members and families attending the meeting about their experiences in flash flood and difficulties and attended to their needs. The Senior General presented foodstuffs and clothes for families through Tatmadaw members and families.

The Senior General then cordially comforted Tatmadaw members receiving medical treatments for their injuries suffered in the recent flash flood triggered by heavy rains at the clinic of the military headquarters, and presented foodstuffs.

In inspecting the Monchaung reinforced concrete damaged in high speed of water from hilly regions, the Senior General heard reports by officials. They said that water current bore large trees and rocks which hit the bridge. In his response, the Senior General gave necessary guidance and viewed rescue and relief measures.

The Senior General viewed round the damaged family housings of the local military headquarters and cordially greeted families.

The Senior General inspected clearing of silt and sanitation tasks at the basic education high school affected by the flash flood. The school in-charge and teachers reported on flash flood measures and progress of clearing debris. After hearing the reports, the Senior General instructed them to soonest open the school for teaching students.

The Senior General viewed round loss and damage at roads, bridges and buildings in the flash flood at the military station and gave necessary guidance to officials.





Senior General Min Aung Hlaing inspects situation of damage to a school caused by flooding.

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing visits flood victims at Mingala Byuha Sasana Beikman relief camp in Pyinmana, gives words of encouragement and aid


Senior General Min Aung Hlaing speaks at the ceremony to present relief supplies to flood victims.

**Nay Pyi Taw September 18**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by Joint SAC Secretary General Ye Win Oo, union ministers, the Nay Pyi Taw council chair, senior military officers from Office of Commander-in-Chief and officials, visited flood victims at Mingala Byuha Sasana Beikman relief camp in Pyinmana this morning and gave words of encouragement and presented aid.

In his words of encouragement, the Senior General said the present one is the largest among the rain-fed natural disasters that hit Myanmar all along history. He observed the floods from helicopter during the return trip from Bagan-NyaungU, and sawthe view of mountain water driving away trees and logs. He looked around the vicinity of Tatkon and saw large-scale destruction caused by strong current of downhill water. The Senior General expressed sadness over the loss of life and property. He said natural disaster cannot be avoided, but preparatory measures can be taken, and with collective efforts and zeal and perseverance, disaster-hit areas must be upgraded after restoring the situation through relief and rehabilitation activities. Without being depressed, efforts should be made to restore the situation. The State will play a leader role in the rehabilitation of destroyed areas. Officials are improving road transportation to reach damaged wards and villages. Guidance has already given to restore the situation within six months. Likewise crops, especially rice, pulses and sesame fields and other crops were destroyed. It will be difficult for farmers to grow rice after the floods recede. Anyhow, the State will provide assistance to the best of its ability for resuming agricultural undertakings. Efforts will be made to grow summer paddy as a replacement of the lost monsoon paddy fields. This year's heavy rains had filled dams to the brim. So, summer paddy will get enough irrigation water. As farmed animals were also killed, assistance will be provided to the most possible degree to restart farming activities. Systematic farming ensures better benefits.


Senior General Min Aung Hlaing presents cash assistance for flood victims.


Locals receive bottled water.

He said **"A natural disaster cannot be avoided. I feel so sorry. The belongings you lost are also the State's losses. Roads, bridges, buildings, factories, power stations, communication facilities that were destroyed too are the losses of the State. You also lost your property. When I ask, "What could you salvage?" The answers were "Only the cloths I am wearing now." "As possible as I could." "I could take together with me only the basket I always brought to the market daily." "Nothing." "I was so excited and afraid that I had no idea what I was salvaging." "Fortunately, I could bring my children." The Senior General continued to say, "In some places, children were swept away by floods. I feel so sad. The government will help you all to reach the original situation again. Ministry of Social Welfare, Relief and Resettlement is providing compensation for death. Medical aid is also given to the injured and the government is now calculating the value of destroyed houses. It is calculating compensation for total loss, partial loss, total loss of a hut, normal house, one-storey house, two-storey house. The government will provide compensation to the most possible. The compensation program should be suitable to the relevant place. Efforts are being made to reopen schools at the end of this month. Schools that closed due various reasons must open on weekends after Thidingyt (festival of lights). Before the Buddhist lent there will be classes on Sundays. Children might have to attend classes at least on Sundays. Examination questions will be based on the courses the students have learned. We made programs for the schools that were closed to open during the remaining period of the academic year. So, parents should send their children back to the school. Knowledge and education will be much beneficial for them in the future. It will be supportive of their life. If not, they will face hardships one day. Adults are not fit to learn school education. We reap what we have sown. But we must support our children to excel us in the future. They must be more advanced than us. It is the work of ideal parents."**

In speaking words of comfort to help flood victims overcome natural disasters relentlessly and about measures taken for rehabilitation tasks, the Senior General said,

*See Page 14*


A local receives foodstuffs.

*From Page 13*

**"I commiserate with flood victims for their troubles and I am sad for all. The government will offer as much assistance as possible. Not only our country and our Asia but also European countries have to face floods. They are caused by nature. As natural disasters occur in the entire world, I would like to say that we will be able to overcome problems by relentlessly facing them with the people's will, perseverance, diligence and efforts. I would like to urge all to continue to strengthen ourselves with relentless perseverance and diligence. Strengthen yourselves here. When you go back to your homes, we will provide appropriate assistance for living and food. We will not let you go back home without any assistance. We will arrange everything for you.**

Then, the Senior General presented cash assistance and foodstuffs for flood victims to their representatives.

Afterward, the joint secretary of the SAC, union ministers for Health and for Social Welfare, Relief and Resettlement, the chairman of Nay Pyi Taw Council and senior officers from the Office of the Commander-in-Chief of Defence Services presented relief items and foodstuffs for flood victims.

Then, the Senior General asked about the difficulties faced by flood victims and a representative of them said he wanted to express thanks for the visit of the head of state to provide assistance and to speak words of comfort to flood victims. He said he was thankful to hear the further measures to be carried out and everything, including living conditions, food and healthcare, is comfortable at the flood shelter thanks to arrangements of responsible officials.

Then, the Senior General and party inspected the health-care clinic of the Ministry of Health for flood victims and gave necessary instructions on reports of the officials.

Afterward, the Senior General met with officials at the parlour of Mingalar Byuhar Sasana Beikman and said it is necessary to collect statistics for damage caused by the floods as soon as possible and to set amounts of assistance based on percentage of damage of dwelling including brick houses, wooden house and huts, which were completely or partially damaged. Similarly, cash assistance must be offered to the deaths caused by floods by the government, regions and states and respective ministries. Those who were injured will be offered assistance based on seriousness of their injuries. It is necessary to collect statistics and set amounts of cash assistance to provide flood victims as soon as possible and measures must be taken to provide assistance to the injured. The government is thankful and glad to learn that well-wishers and organizations are offering assistance and food to flood victims as much as they can. However, flood victims do not receive equal assistance due to travel distances and have to consume foodstuffs that should not be eaten together donated by different donors. They also suffer food poisoning due to lack of cleanliness in transporting foodstuffs. Therefore, it is necessary to form supervisory teams for donations in flood shelters. By doing so unnecessary problems can be prevented and it is necessary to explain the situation to well-wishers and donors.

Then, the Senior General cordially spoke words of comfort to flood victims in the shelter. 100

# Sagaing Township finishes cultivation of more than 30,000 acres of green gram this monsoon

**Sagaing September 18**

Statistics of Sagaing Township Agriculture Department of Sagaing Region mentioned that a total of 38,018 acres of green gram has been planted in the township this monsoon.

In 2024-25 monsoon season, authorities earmarked 354 acres of pre-monsoon green gram and 34,194 acres of monsoon green gram, totalling 45,548 acres. Stating from May this year, local farmers have planted 321 acres of pre-monsoon green gram and 37,697 acres of monsoon green gram, totalling 38,018 acres.

U Zaw Oo, Head of Sagaing Township Agriculture Department stated: “This monsoon, we planned to grow more than 45,000 acres of green gram but local farmers have planted 38,000 acres. They are striving for meeting the target cultivation. We have plans to expand sown acreage of green gram and will educate local farmers to use quality strains of crops for boosting per-acre yield.

This year, the township department helped local farmers to use quality strains of crops and agricultural techniques, prevent pests and systematically broadcast fertilizers to boost per-acre yield.

Township Agriculture Department cooperates with local farmers in distribution of quality strains of crops and inputs to local farmers. 206

# 8 killed, over 2,800 wounded in pager explosions in Lebanon

**Beirut September 18**

Eight people were killed, and over 2,800 others, including Hezbollah members, were wounded on Tuesday in different areas of Lebanon as their pagers exploded, said Lebanese Health Minister Firas Abiad.

Elnashra news website reported that the son of Hezbollah parliamentarian Ali Ammar was among those killed, and Iranian Ambassador to Lebanon Mojtaba Amani was among the injured.

Israeli military targeted the batteries of these pagers, leading to their explosions, said the report, adding the injured were being transferred to hospitals.

In a statement, Hezbollah said it is conducting security and scientific investigations to identify the reasons behind these explosions, adding that the group is "at the highest level of readiness to defend Lebanon and its people."

In a separate statement, the Shiite group blamed Israel for "this criminal attack," vowing to retaliate.

Lebanese Prime Minister Najib Mikati urged the mobilization of all departments of the Public Health Ministry to follow up on medical care for the wounded.

The ministry's Emergency Operations Center issued an urgent statement requesting all hospitals across Lebanon to be on high alert and enhance preparedness to meet the massive need for emergency health services.

Xinhua

# 30 civilians killed in wave of violence in north Mexico's Sinaloa state

**Mexico City September 18**

At least 30 civilians have been killed since a wave of violence hit northwest Mexico's Sinaloa state on Sept. 9, Defense Minister Luis Cresencio Sandoval said Tuesday.

During President Andres Manuel Lopez Obrador's usual daily press conference, Sandoval said the federal government was reinforcing security in the area to clamp down on the violence, which has also claimed the lives of two soldiers.

Authorities have arrested at least 30 suspects belonging to criminal organizations and seized 115 firearms, he said.

The recent spate of violence erupted following clashes between rival drug-trafficking groups, including one headed by Ismael "Mayo" Zambada and another led by "Los Chapitos," sons of jailed Mexican drug kingpin Joaquin "El Chapo" Guzman.

Zambada, a longtime associate of "El Chapo," was arrested on July 25 in the United States, sparking clashes between the two main factions of the Sinaloa Cartel, according to authorities.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျပန်နိုင်ငံက ဝေဟင်ဆီဖြည့်လေယာဉ် ကိုးစင်း ဝယ်ယူရန်တောင်းဆိုမှုကို အမေရိကန်နိုင်ငံ သဘောတူခဲ့



အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဂျပန်နိုင်ငံ၏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံ တန်ဖိုးရှိ ဝေဟင်ဆီဖြည့်လေယာဉ် ကိုးစင်း ဝယ်ယူရန် တောင်းဆိုခဲ့မှုအပေါ် သဘောတူခဲ့ကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကာကွယ်ရေး လုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (DSCA) ၏ ကြေညာချက်အရ ဂျပန်နိုင်ငံသည် နောက်ထပ် KC-46A ဝေဟင်ဆီဖြည့်လေယာဉ် ကိုးစင်း၊ တာဘိုဖန်အင်ဂျင် ၁၈ လုံး၊ ရေဒါသတိပေးလှိုင်းဖမ်းစက် ၁၆ လုံးနှင့် အနီအောက်ရောင်ခြည် တန်ပြန်လုပ်ဆောင်မှုဆိုင်ရာ ကိရိယာ ၃၃ ခုတို့ကို ဝယ်ယူရန် တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်းဆိုချက်တွင် ဒုံးကျည်သတိပေးအာရုံခံကိရိယာများ၊ ရန်သူ၊ မိတ်ဆွေ စိစစ်ခွဲခြားရေး Transponder စက်များနှင့် လေယာဉ်တွင် ပေါင်းစည်းတပ်ဆင်အသုံးပြုရမည့် ဆက်သွယ်ရေးစက်များလည်း ပါဝင်ကြောင်း သိရသည်။ ဖြစ်နိုင်ခြေရှိသော သဘောတူညီချက်တွင် အပိုပစ္စည်းများ၊ တပ်ဖွဲ့ဝင်များ လေ့ကျင့်သင်တန်းပေးရေး၊ လေ့ကျင့်ရေးစက်ပစ္စည်းကိရိယာများ၊ အင်ဂျင်နီယာလုပ်ငန်းစဉ်နှင့် အုပ်ချုပ်ထောက်ပံ့ရေးဝန်ဆောင်မှုပေးခြင်းတို့လည်း ထည့်သွင်းနိုင်ဖွယ်ရှိနေသည်။ အပြီးသတ် သဘောတူညီ လက်မှတ်ရေးထိုးပြီးပါက ဂျပန်နိုင်ငံသည် KC-46A ဝေဟင်ဆီဖြည့်လေယာဉ်အုပ်ကို စုစုပေါင်း ၁၅ စင်းထိ ဝယ်ယူဖြည့်တင်းသွားရန် စီစဉ်ထားသည်။ လက်ရှိတွင် လေးစင်းပိုင်ဆိုင်ထားပြီး ယခုကိုးစင်း ထပ်မံဝယ်ယူရန် အဆိုပြုခဲ့ကာ နောက်ထပ် လေယာဉ် နှစ်စင်းကိုလည်း မှာယူထားပြီးဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံ၏ ဝေဟင်ဆီဖြည့်လေယာဉ် ဝယ်ယူဖြည့်တင်းမှုတွင် အမေရိကန်နိုင်ငံမှ Boeing၊ Pratt & Whitney၊ RTX နှင့် Northrop Grumman ကုမ္ပဏီတို့သည် ဝယ်ယူရေးသဘောတူညီချက်အတွက် အဓိကအကောင်အထည်ဖော်ဆောင်ရွက်ပေးရမည့် ကန်ထရိုက်တာကုမ္ပဏီများ ဖြစ်ကြသည်။

KC-46A ဝေဟင်ဆီဖြည့်လေယာဉ်သည် လောင်စာဆီပမာဏ ပေါင် ၂၁၂၀၀၀ (၉၆၁၆၁ ကီလိုဂရမ်) သယ်ဆောင်နိုင်ပြီး တောင်ပံပုံသေတပ်(Fixed-Wing) လေယာဉ်အများစုကို ဆီဖြည့်ပေးနိုင်မည်ဖြစ်သည်။ လေထဲတွင် ပျံသန်းနေစဉ် အဆင်ပြေချောမွေ့စွာ ဆီဖြည့်ပေးနိုင်ရန်အတွက် Fly by Wire ထိန်းကျောင်းရေးစနစ်ဖြင့် မောင်းနှင်လုပ်ဆောင်သည့် ဆီဖြည့်စနစ်ကို အသုံးပြုထားသည်။ စစ်မြေပြင်အခြေအနေများတွင် ရည်မှန်းချက်တာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်ရန်အတွက် ခေတ်မီအဆင့်မြင့် Self-Protection System များ တပ်ဆင်အသုံးပြုထားကြောင်း သိရသည်။

DSCA ၏ အဆိုအရ ဂျပန်၏ KC-46A ဝေဟင်ဆီဖြည့်လေယာဉ်များ တိုးချဲ့ဝယ်ယူခြင်းသည် အင်ဒို-ပစိဖိတ်ဒေသရှိ အဓိကအရေးပါသည့် မဟာမိတ်နိုင်ငံတစ်ခု၏လုံခြုံရေးကို အားကောင်းစေခြင်းဖြင့် အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေး ရည်မှန်းချက်များကို ပံ့ပိုးပေးသွားနိုင်မည်ဟု မျှော်မှန်းထားသည်။ ၎င်းသည် ဂျပန်နိုင်ငံ၏ လေကြောင်းဆီဖြည့်တင်းမှုနှင့် သယ်ယူပို့ဆောင်ရေးစွမ်းရည်ကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်ပြီး လက်ရှိနှင့် အနာဂတ်တွင် ပေါ်ပေါက်လာနိုင်ဖွယ်ရှိသည့် ခြိမ်းခြောက်မှုများကို ပြတ်သားစွာဟန့်တားရန် အထောက်အကူဖြစ်စေမည်ဖြစ်သည်။

**Japan Cleared to Buy Nine Additional KC-46A Tanker Aircraft for $4.1B ကို ဘာသာပြန်ဆိုထားပါသည်။**

## အာမေးနီးယားက အိန္ဒိယထုတ် Astra ဒုံးကျည်များဝယ်ယူရေး၊ Su-30 တိုက်လေယာဉ်များအဆင့်မြှင့်တင်ရေး ဆွေးနွေးခဲ့

အာမေးနီးယားနိုင်ငံသည် နိုင်ငံ၏ စစ်ရေးစွမ်းရည်မြှင့်တင်ရန် အိန္ဒိယနိုင်ငံသို့ရောက်ရှိလာပြီး အိန္ဒိယထုတ် Astra ဝေဟင်မှဝေဟင်ပစ် ဒုံးကျည်များဝယ်ယူရေးနှင့် Su-30 တိုက်လေယာဉ်များကို အဆင့်မြှင့်တင်မှုများ ပြုလုပ်နိုင်ရေး အဓိကထားဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း The Print သတင်းဌာနမှထုတ်ပြန်ချက်များကိုကိုးကား၍ Army Recognition သတင်းဌာနက စက်တင်ဘာ ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံထုတ် မြင်ကွင်းလွန်(BVR) တိုက်ပွဲဝင်နိုင်စွမ်းရှိသော Astra ဝေဟင်မှဝေဟင်ပစ် ဒုံးကျည်များအပါအဝင် ကျော်ကြားသော ဒုံးကျည်များဝယ်ယူရန် အာမေးနီးယားနိုင်ငံအစိုးရသည် လေ့လာလျက်ရှိသည်ဟု သိရသည်။

အာမေးနီးယားနိုင်ငံသည် နိုင်ငံ၏ လေကြောင်းရန် ကာကွယ်ရေးစနစ်များကို အင်အားဖြည့်တင်းရန် စိတ်အားထက်သန်လျက်ရှိရာ ရန်သူ့လေယာဉ်များကို အဝေးမှတိုက်ခိုက်ချေမှုန်းနိုင်ရန် ဒီဇိုင်းထုတ်ထားသည့် Astra တာဝေးပစ်-ဝေဟင်မှဝေဟင် ပစ်ဒုံးကျည်ကို ခေတ်မီ လေကြောင်းစွမ်းအားအဆင့်မြှင့်တင်ရေးအနေဖြင့် ဝယ်ယူဖြည့်တင်းရန် ကြိုးပမ်းလာခဲ့ခြင်းလည်းဖြစ်သည်။

အိန္ဒိယနိုင်ငံကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (DRDO) မှ ထုတ်လုပ်ထားသည့် Astra ဒုံးကျည်သည် တိုက်ပွဲဝင်တိကျမှု၊ တာဝေးပစ်စွမ်းရည်များနှင့်အတူ Sukhoi Su-30MKI နှင့် Tejas တိုက်လေယာဉ်များကဲ့သို့ အိန္ဒိယလေတပ်ရှိ တိုက်လေယာဉ်များတွင် တပ်ဆင် အသုံးပြုလျက်ရှိသည်။ အကွာအဝေး ကီလိုမီတာ ၁၁၀ ထိပစ်မှတ်များကို တိုက်ပွဲဝင်နိုင်စွမ်းရှိသော ဒုံးကျည်သည် တိုက်ခိုက်ရေးအခြေအနေများတွင် တိုက်ခိုက်ဖျက်ဆီးနိုင်မှု မြင့်မားကောင်းမွန်စေရန်အတွက် Active Radar Homing Seeker (အာရုံခံကိရိယာ) တပ်ဆင်ပေးထားသည်။

အထူးသဖြင့် အာမေးနီးယားနိုင်ငံအတွက် ဒေသတွင်းလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရသောကြောင့် Astra ဝေဟင်မှဝေဟင်ပစ် ဒုံးကျည်သည် လေကြောင်းစွမ်းအားနှင့် လေကြောင်းရန် ကာကွယ်ရေးစွမ်းအားများ အဆင့်မြှင့်တင်နိုင်မည်ဖြစ်သည်။

အာမေးနီးယားနိုင်ငံသည် ဒုံးကျည်ဝယ်ယူရေးအပြင် လေတပ်ရှိ Sukhoi-30 (Su-30) တိုက်လေယာဉ်များကို အဆင့်မြှင့်တင်ရန်အတွက်လည်း စိတ်ဝင်စားလျက်ရှိသည်။ The Print သတင်းဌာန၏ အဆိုအရ အာမေးနီးယားနိုင်ငံသည် Su-30 တိုက်လေယာဉ်များ၏ တိုက်ပွဲဝင်ထိရောက်မှုနှင့် စစ်ဆင်နိုင်သည့်အကွာအဝေးကို မြှင့်တင်ရန်အတွက် အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် စဉ်းစားနေခြင်းဖြစ်သည်။ Su-30MKI တိုက်လေယာဉ်အမြောက်အမြားပိုင်ဆိုင်ထားသည့် အိန္ဒိယနိုင်ငံသည် အထူးသဖြင့် ခေတ်မီလေကြောင်းနည်းပညာနှင့် လက်နက်စနစ်များပေါင်းစပ်ရာတွင် ဤလေယာဉ်များကို အဆင့်မြှင့်တင်ခြင်းနှင့် စိတ်ကြိုက်ပြင်ဆင်ခြင်းတွင် အတွေ့အကြုံများစွာရှိကြောင်း သိရသည်။



Su-30 သည် အင်ဂျင်နှစ်လုံးတပ်၊ ဘက်စုံသုံးလေကြောင်းသာလွန်ကောင်းမွန်သောတိုက်လေယာဉ်ဖြစ်ပြီး အဆင့်မြှင့်တင်မှုများသည် အာမေးနီးယားနိုင်ငံ၏ လေကြောင်းစွမ်းအားကို သိသိသာသာ မြှင့်တင်ပေးနိုင်သည်။ အဆင့်မြှင့်တင်ခြင်းတွင် ရေဒါစနစ်များ၊ အီလက်ထရွန်နစ်စစ်ဆင်ရေးစွမ်းရည်များ အဆင့်မြှင့်တင်ခြင်းနှင့် ဝေဟင်မှ မြေပြင်၊ဝေဟင်မှ ဝေဟင်ပစ် လက်နက်အသစ်များပေါင်းစပ်အသုံးပြုခြင်းတို့ ပါဝင်နိုင်သည်။

Astra ဝေဟင်ပစ် ဒုံးကျည်များကို ဝယ်ယူရန်နှင့် Su-30 တိုက်လေယာဉ်များ အဆင့်မြှင့်တင်ခြင်းတွင် အာမေးနီးယား၏ စိတ်ဝင်စားမှုသည် အဇာဘိုင်ဂျန်နိုင်ငံ၏ အဆင့်မြင့်လေကြောင်းပိုင်ဆိုင်မှုများနှင့် ဒရုန်းများကိုတန်ပြန်ရန် လိုအပ်ခြင်းကြောင့် တွန်းအားဖြစ်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Armenia Seeks Procurement of Indian Astra Missiles and Su-30 Fighter Jet Upgrades. ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာသာသနာ့ဗိမာန် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများကို အားပေးစကားပြောကြားစဉ်။

☆ ကျောဖုံးမှအဆက်

ရဟတ်ယာဉ်ဖြင့် ရေကြီးမှုဖြစ်ပေါ်ခဲ့သည့် နေရာများသို့ကြည့်ရှုခဲ့ရာ တောင်ကျချောင်းရေများကြောင့် သစ်ပင်နှင့်သစ်တုံးကြီးများ ရေနှင့်အတူ မျောပါလာခဲ့သည်ကိုတွေ့ခဲ့ရကြောင်း၊ ယနေ့နံနက်ပိုင်းတွင်လည်း တပ်ကုန်းမြို့အနီးတစ်ဝိုက်သို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျချောင်းရေများမှာ အလုံးအရင်းလိုက်ဖြင့် စီးဆင်းခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ကြောင်း။

မိမိအနေဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် အသက်အိုးအိမ်စည်းစိမ်များပျက်စီးဆုံးရှုံးခဲ့ရမှုအပေါ် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ရှောင်ရှား၍မရသော်လည်း ကြိုတင်ကာကွယ်မှုကိစ္စရပ်များကို လုပ်ဆောင်နိုင်သကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးပါက ကယ်ဆယ်ရေးလုပ်ငန်းများဖြင့် မူလအခြေအနေများပြန်ရောက်စေရန်နှင့် ပိုမိုကောင်းမွန်စေရန် မိမိတို့အားလုံး၏ လုံ့လ၊ ဝီရိယများဖြင့် ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊စိတ်ဓာတ်ကျနေ၍မရဘဲ မူလအခြေအနေပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးခဲ့သည့်နေရာများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်က ဦးဆောင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

**သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ရှောင်ရှား၍မရသော်လည်း ကြိုတင်ကာကွယ်မှုကိစ္စရပ်များကို လုပ်ဆောင်နိုင်သကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးပါက ကယ်ဆယ်ရေးလုပ်ငန်းများဖြင့် မူလအခြေအနေများပြန်ရောက်စေရန်နှင့် ပိုမိုကောင်းမွန်စေရန် မိမိတို့အားလုံး၏ လုံ့လ၊ ဝီရိယများဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်၊ပျက်စီးဆုံးရှုံးခဲ့သည့်နေရာများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်ကဦးဆောင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်. . .**

ပျက်စီးဆုံးရှုံးခဲ့သည့်ရပ်ကွက်၊ကျေးရွာများသို့သွားရောက်နိုင်ရေး လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်စေရန်အတွက် တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း၊အချိန်ကာလအားဖြင့် အများဆုံး ခြောက်လတာကာလအတွင်း မူလအခြေအနေ ပြန်လည်ရောက်ရှိအောင်ဆောင်ရွက်နိုင်ရန် ပြောကြားထားပြီးဖြစ်ကြောင်း။

အလားတူ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်း အထူးသဖြင့် စပါးစိုက်ခင်း၊ ပဲစိုက်ခင်း၊ နှမ်းစိုက်ခင်းများနှင့် အခြားသီးနှံစိုက်ခင်းများ ပျက်စီးခဲ့ကြောင်း၊ စပါးစိုက်ပျိုးသူ တောင်သူများအနေဖြင့် ရေပြန်ကျချိန်တွင် စပါးတစ်သီးပြန်လည်စိုက်ပျိုးရန်အတွက် ခက်ခဲသွားကြောင်း၊ မည်သို့ပင်ဖြစ်စေ စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်က တတ်နိုင်သမျှပံ့ပိုးပေးသွားမည် ဖြစ်ကြောင်း၊ နွေသီးနှံများကို အပြည့် ပြန်လည်စိုက်ပျိုးပြီး မိုးရာသီတွင် ပျက်စီးသွားသည့်သီးနှံများကို ဖြည့်စွက်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ယခုနှစ်အတွင်း မိုးရွာသွန်းမှုများ ပြားသဖြင့် ဆည်၊ တာတမံများအတွင်း ရေများပြည့်ဝစွာ ဝင်ရောက်လျက်ရှိသောကြောင့် လာမည့်နွေရာသီအတွက် စိုက်ပျိုးရေကို အပြည့်အဝရရှိစေမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းဖွင့်လှစ်၍ ဆောင်ရွက်ပေးထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

မွေးမြူရေးများနှင့် ပတ်သက်၍လည်း မွေးမြူထားသည့် တိရစ္ဆာန်များသေဆုံးခဲ့မှုများရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ပြန်လည် ဆောင်ရွက်နိုင်ရန်အတွက်လည်း အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ချိန်တွင်လည်း စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် အကျိုးကျေးဇူးများကို ပိုမိုရရှိခံစားနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် "သဘာဝဘေးအန္တရာယ်ဆိုတာက ရှောင်ရှားလို့မရဘူးပေါ့ဗျာ၊ တကယ်တော့စိတ်မကောင်းဘူးပေါ့လေ၊ နိုင်ငံတော်ဆုံးရှုံးမှုဆိုတဲ့ဟာထဲမှာလည်း ခင်ဗျားတို့ရဲ့ပိုင်ဆိုင်မှုများပါသလို၊ နိုင်ငံတော်ကတည်ဆောက်ထားတဲ့လမ်းတို့၊တံတားတို့အဆောက်အအုံတွေ၊ စက်ရုံအလုပ်ရုံတွေ၊လျှပ်စစ်ဓာတ်ပေးဝေရေးလုပ်ငန်းတွေ၊ ဆက်သွယ်ရေးလုပ်ငန်း၊ ဒါတွေလည်း နိုင်ငံတော်ကဆုံးရှုံးသွားတာပဲ၊ ခင်ဗျားတို့လည်း ခင်ဗျားတို့ပိုင်ဆိုင်မှုတွေ ဆုံးရှုံးသွားတာပဲ၊ ခုနကကျွန်တော်မေးတယ်၊ ဘာတွေရခဲ့လဲဆိုတော့ အဝတ်တစ်ထည်ကိုယ်တစ်ခုတည်းလို့ ဖြေတဲ့သူလည်းပါတယ်၊ တချို့လည်း ရတဲ့ဟာတွေကောက်ဆွဲလာရတာတွေပါတယ်၊ တချို့လည်းနောက်ဆုံးတော့သွားနေကျဈေးခြင်းလေးပါလာတယ်၊ ဘာပစ္စည်းမှမပါဘူး၊ လူကအဲ့အချိန်မှာ ထူပူနေကြပြီကိုး၊ ဆွဲမိဆွဲရာဆွဲလာတာပေါ့၊ တော်သေးတယ်၊ ကလေးတွေပါလာလို့၊ ကျွန်တော်တို့ဟိုဘက်မှာဆို ကလေးတွေပါသွားတာရှိပါတယ်၊ စိတ်လည်းမကောင်းပါဘူး၊ အတတ်နိုင်ဆုံး ခင်ဗျားတို့မူလအခြေအနေအတိုင်းဖြစ်အောင်တော့ ကျွန်တော်တို့ကူညီပေးပါမယ်၊ သေဆုံးမှုအတွက်လည်း လူမှုဝန်ထမ်း ဝန်ကြီးဌာနကနေပြီးတော့ လျော်ကြေးတွေပေးတယ်၊ နောက်ဒဏ်ရာရတဲ့သူတွေကိုလည်း၊ နောက်တစ်ခါဆေးကုသမှုအတွက် ထောက်ပံ့ကြေးတွေပေးသလို၊ ပျက်စီးသွားတဲ့အဆောက်အအုံတွေအတွက်လည်း အခုကျွန်တော်တို့တွက်နေပါတယ်၊ လုံးဝပျက်သွားတဲ့အိမ်တွေဆိုရင် ဘယ်လိုပေးမလဲ၊ တစ်စိတ်တစ်ပိုင်းပျက်သွားတဲ့အိမ်တွေဆိုရင် ဘယ်လိုပေးမလဲ၊ လုံးဝပျက်သွားတဲ့အိမ်မှာမှ တဲဆိုရင် ဘယ်လောက်ပေးမလဲ၊ ရိုးရိုးအိမ်ဆိုရင် ဘယ်လောက်ပေးမလဲ၊ တစ်ထပ်အိမ်ဆိုရင် ဘယ်လောက်ပေးမလဲ၊ နှစ်ထပ်အိမ်ဆိုရင် ဘယ်လောက်ပေးမလဲ၊တတ်နိုင်သလောက် ကျွန်တော်တို့ပေးပါမယ်၊ဖြစ်နိုင်သလောက် ဒေသနဲ့ကိုက်ညီတဲ့ဟာမျိုးတော့ ကျွန်တော်တို့စဉ်းစားပါတယ်၊ နောက်ကျောင်းနဲ့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မင်္ဂလာဗျူဟာသာသနဒ့ဗိမာန် ဧည့်ခန်းမဆောင်၌ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။

ပတ်သက်တာပေါ့၊ ဒီလကုန်ထိ ကျောင်းတွေဖွင့်ဖို့ကြိုးစားနေပါတယ်၊အကြောင်းကြောင်းကြောင့် ကျောင်းတွေပိတ်ရတယ်ဆိုရင်လည်း စနေ၊တနင်္ဂနွေမှာအစားထိုးပြန်တက်ဖို့၊ သီတင်းကျွတ်ပြီးသွားရင်တော့ စနေ၊တနင်္ဂနွေဖြစ်မှာပေါ့၊ဝါမကျွတ်ခင်ကတော့ တနင်္ဂနွေပိတ်ရက်ရှိတယ်၊ ဒီတနင်္ဂနွေပိတ်ရက်ကိုတော့ ကလေးတွေကျောင်းတက်ကောင်းတက်ရလိမ့်မယ်၊သို့သော်စာမေးပွဲဖြေရမယ့်အချိန်မှာ သူသင်ပြီးတဲ့ဘာသာရပ်အတိုင်းပဲ ကျွန်တော်တို့စာမေးပွဲစစ်ပေးပါမယ်၊ ကျန်တဲ့အချိန်တွေမှာတော့ ကျောင်းတော့ပြန်တက်ရမယ်လို့ သဘာဝဘေးအန္တရာယ်ကြောင့်ပိတ်ထားရတဲ့ကျောင်းတွေကိုဒီလိုစီစဉ်ထားပါတယ်၊ ဒါကြောင့်ခင်ဗျားတို့ကျောင်းတွေလည်း ကလေးတွေပြန်လွှတ်ပေးဖို့ပြောလိုပါတယ်၊ ပြန်လွှတ်ပေးပါ၊ စာတတ်လို့ရှိရင်၊ပညာတတ်လို့ရှိရင်နောင်တစ်ချိန်အတွက်၊ သူတို့ဘဝအတွက်အများကြီး အထောက်အကူရတယ်၊ မဟုတ်ဘူးဆိုရင်တော့ တစ်ချိန်မှာအခက်အခဲဖြစ်လာနိုင်တယ်၊ ခင်ဗျားတို့၊ ကျွန်တော်တို့လူကြီးတွေကတော့ ပညာသင်ကြားလို့မရတော့ဘူး၊ခင်ဗျားတို့ကျွန်တော်တို့ဖြတ်သန်းခဲ့တဲ့လမ်းကြောင်းအတိုင်းပဲ လက်ရှိအခြေအနေမှာ ကျွန်တော်တို့ရှိတယ်၊နောင်ကျလို့ရှိရင် ကျွန်တော်တို့ကလေးတွေကကျွန်တော်တို့ထက်သာအောင်လုပ်ပေးရမယ်၊ ကျွန်တော်တို့ခေတ်ထက်သာအောင် လုပ်ပေးရမယ်၊ ဒါတကယ်မိဘပီသပါတယ်။”

ထို့နောက် ရေဘေးသင့်ပြည်သူများအား သဘာဝဘေးအန္တရာယ်ကို ကြံ့ကြံ့ခံကျော်လွှား၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အားပေးစကားပြောကြားရာတွင် “လက်ရှိအချိန်အခြေအနေမှာတော့ ဒုက္ခသုက္ခရောက်နေတာကိုတော့ ကိုယ်ချင်းစာပါတယ်၊ စိတ်လည်းမကောင်းပါဘူး၊ ကျွန်တော်တို့တတ်နိုင်သလောက် နိုင်ငံတော်ပိုင်းကလည်းလုပ်ပေးပါမယ်၊ ကျွန်တော်တို့နိုင်ငံတင်မဟုတ်ပါဘူး၊ကျွန်တော်တို့အာရှတင်ပဲလားဆိုတော့မဟုတ်ဘူး၊ ဟိုဥရောပနိုင်ငံတွေလည်း ရေကြီးနေကြတာပဲ၊ သဘာဝကြီးကဖြစ်လာတာဖြစ်ပါတယ်၊ သဘာဝဘေးအန္တရာယ် တစ်ကမ္ဘာလုံးမှာဖြစ်နေကြတာဖြစ်တော့ ဒီအပေါ်မှာကျွန်တော်တို့ကကြံ့ကြံ့ခံပြီးတော့မှလူထုရဲ့ကြံ့စည်မှုနဲ့၊လုံ့လ၊ဝီရိယနဲ့ အားထုတ်သွားမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ကျော်လွှားလို့ရမယ်ဆိုတာလေးပြောချင်ပါတယ်၊ ဒီအတွက်မလျှော့တဲ့ဇွဲလုံ့လနဲ့ ဆက်ပြီးလုပ်သွားကြဖို့လည်း၊ အားမွေးသွားကြဖို့လည်း ပြောလိုပါတယ်၊ ဒီမှာအားမွေးသွားကြပါ၊ပြန်ရောက်လို့ရှိရင်လည်း ထိုက်သင့်တဲ့ နေဖို့ထိုင်ဖို့စားဖို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာသာသနဒ့ဗိမာန် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းအတွင်းရှိ ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစဉ်။

သောက်ဖို့ ကျွန်တော်တို့ထောက်ပံ့ပေးပါမယ်၊ ကျွန်တော်ပြီးပြီးရောမလွှတ်ပါဘူး၊ အကုန်လုံးစီစဉ်ပေးပါမယ်။”

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့်စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ ရေဘေးသင့်ပြည်သူများကိုယ်စား ကိုယ်စားလှယ်များက လက်ခံရယူသည်။

ဆက်လက်ပြီး ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးတို့က ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို အသီးသီးထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေဘေးသင့်ပြည်သူများ၏ အခက်အခဲများကိုမေးမြန်းရာ ရေဘေးသင့်ပြည်သူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ယခုကဲ့သို့ မိမိတို့ရေဘေးသင့်ပြည်သူများကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင်လာရောက်ထောက်ပံ့ပေးအပ်ပြီး အားပေးစကားပြောကြားသည့်အတွက် အထူးပင်ကျေးဇူးတင် ဝမ်းမြောက်ရပါကြောင်း၊ ဆက်လက်ဆောင်ရွက်ပေးသွားမည့် အစီအမံများကို ကြားသိရသည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ယခုရေဘေးရှောင်ကယ်ဆယ်ရေးစခန်း၌လည်း နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးကိစ္စများကို တာဝန်ရှိသူများ၏ စီစဉ်ပေးမှုကြောင့် အားလုံး အဆင်ပြေချောမွေ့မှုရှိပါကြောင်း ဖြင့် ပြောကြားသည်။

ၤင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းဖွင့်လှစ်၍ ဆောင်ရွက်ပေးထားမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မင်္ဂလာဗျူဟာသာသနဒ့ဗိမာန် ဧည့်ခန်းမဆောင်၌ တာဝန်ရှိသူများအား တွေ့ဆုံ၍ ယခုဖြစ်ပေါ်ခဲ့သည့်သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကိုအမြန်ဆုံးစာရင်းကောက်ယူ၍ အချက်အလက်များပြုစုဆောင်ရွက်သွားရန်လိုကြောင်း၊အိုးအိမ်များပျက်စီးမှုတွင် လုံးဝပြိုကျပျက်စီးဆုံးရှုံးခြင်း၊ တစ်စိတ်တစ်ပိုင်းပျက်စီးဆုံးရှုံးခြင်း၊ တိုက်အိမ်၊ပျဉ်ထောင်အိမ်၊တဲအိမ်စသည်ဖြင့် ထိခိုက်ပျက်စီးမှုများအလိုက် ဆုံးရှုံးမှုတန်ဖိုးများကို အပိုင်းလိုက်သတ်မှတ်ကာ ပျက်စီးမှုရာခိုင်နှုန်းအလိုက် ထောက်ပံ့မှုများပမာဏသတ်မှတ် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊

**စာမျက်နှာ ၁၈ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းဖွင့်လှစ်၍ ဆောင်ရွက်ပေးထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၁၁ ရက်သာ လိုတော့သည်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

**စာမျက်နှာ ၁၇ မှ အဆက်**

ထိုနည်းတူ သေဆုံးခဲ့ရသူများအတွက်လည်း နိုင်ငံတော်အနေဖြင့် ငွေကြေးထောက်ပံ့ပေးခြင်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်၊ ဝန်ကြီးဌာနအလိုက် ငွေကြေးထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများကိုလည်း ထိခိုက်မှု အနည်းအများအလိုက် ထောက်ပံ့မှုများ ဆောင်ရွက် ပေးသွားရမည်ဖြစ်ကြောင်း၊ ထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး အတွက် စာရင်းကောက်ယူခြင်းများ၊ ငွေကြေးတွက်ချက်ခြင်း လုပ်ငန်းများကို မြန်မြန်ဆန်ဆန်ဖြင့် ဆောင်ရွက်သွားရန်လိုပြီး ထိခိုက်ခဲ့ရသူများကို အမြန်ဆုံး ထောက်ပံ့ပေးအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ရေဘေးသင့် ပြည်သူများအတွက် စေတနာရှင်ပြည်သူများ၊ အဖွဲ့အစည်းများကလည်း မိမိတို့တတ်နိုင်သည့်ဘက်မှ ကူညီပေးခြင်းများ၊ အစားအသောက် ထောက်ပံ့ပေးအပ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်အနေဖြင့်လည်း ကျေးဇူးတင် ဝမ်းမြောက်မိပါကြောင်း၊ သို့သော်လည်း ရေဘေးသင့်ပြည်သူများ အနေဖြင့် သွားလာမှုအနီးအဝေးအပေါ် မူတည်၍ ထောက်ပံ့ရေးပစ္စည်းများညီတူညီမျှရရှိမှုမရှိခြင်း၊ အစားအသောက်များ ထောက်ပံ့ရာတွင် အလှူရှင်များ များပြားကွဲပြားသည့်အတွက် တွဲဖက်၍စားသုံးရန် မသင့်သည်များကို တွဲဖက်စားသုံးမိခြင်း၊ သယ်ယူပို့ဆောင်ရာတွင် သန့်ရှင်းမှုအားနည်းခြင်းတို့ကြောင့် အစာအဆိပ်သင့်မှုတို့သည်လည်း ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းများအလိုက် လာရောက်လှူဒါန်းမှုများကို စိစစ်ဆောင်ရွက်သွားရန်လိုပြီး ကြီးကြပ်ရေးအဖွဲ့များဖွဲ့၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးသွားမည်ဆိုပါက မလိုလားအပ်ဘဲ ထိခိုက်မှုများကို ကာကွယ်နိုင်မည်ဖြစ်ကြောင်းနှင့် စေတနာရှင်အလှူရှင်များကို နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသွားရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းအတွင်းရှိ ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဖြ၀၁)




ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

## အထူးမိုးလေဝသ သတင်းထုတ်ပြန်ချက်

## အပူပိုင်းမုန်တိုင်းငယ် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသများသို့ စတင်ဖြတ်ကျော်ရောက်ရှိနိုင်


**နေပြည်တော် စက်တင်ဘာ ၁၈**


မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက စက်တင်ဘာ ၁၈ ရက် ည ၈ နာရီထုတ်ပြန်သည့် အထူးမိုးလေဝသသတင်းအနေဖြင့် တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာနိုင်ကာ စက်တင်ဘာ ၂၀ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသများသို့ စတင်ဖြတ်ကျော်ရောက်ရှိနိုင်သည်။

အဆိုပါ ဖြတ်ကျော်လာနိုင်သည့် လေပွေလှိုင်း၏အရှိန်ကြောင့် စက်တင်ဘာ ၂၁ မှ ၂၅ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်းများ၊ နေရာကွက်၍ မိုးကြီးခြင်းများ၊ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်ခြင်းမရှိသေးသဖြင့် ခန့်မှန်းချက်များအားလုံးသည် မုန်တိုင်းရွေ့လျားမည့် လမ်းကြောင်းအမျိုးမျိုးပြောင်းလဲနေသည့်အတွက် တွက်ချက်ရရှိသည့်ခန့်မှန်းချက်များကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန် ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်ထားသည်။ (ဖြ၀၁)



**နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရုတ်တရက်ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နယ်မြေခံတပ်ဌာနချုပ် ဆေးခန်း၌ ဆေးကုသမှု ခံယူလျက်ရှိသည့် စစ်သည်များကို ရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။**





ရှေ့ဖုံးမှအဆက်

မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် တောင်ကုန်းတောင်တန်းများပေါ်မှ တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့ပြီး ရေစီးဆင်းရာလမ်းကြောင်းများတစ်လျှောက် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ သတ္တုတူးဖော်ရေးလုပ်ငန်းများကြောင့် တောင်ပြိုမြေပြိုမှုများဖြစ်ပေါ်ခဲ့သကဲ့သို့ တရားဝင်ခွင့်ပြုပေးထားသည့် သစ်ကွင်းများမှ သယ်ယူနိုင်ခြင်းမရှိသေးသည့်သစ်လုံးကြီးများ၊ သစ်လုံးကြီးများ ထုတ်ယူရာတွင် ဖြတ်တောက်ထားသည့် ဖြတ်စများသည်လည်း တောင်ကျရေစီးကြောင်းများနှင့်အတူ မျောပါတိုက်စားခဲ့သောကြောင့် ထိခိုက်ပျက်စီးမှုများပိုမိုများပြားခဲ့ရခြင်းဖြစ်ကြောင်း၊ ထိခိုက်ပျက်စီးဆုံးရှုံးမှုများအတွက် လိုအပ်သည့် ထောက်ပံ့မှုများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

တာဝန်ရှိသူများအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ရေကြီးရေလျှံမှုကြောင့် ပျက်စီးမှုများနှင့် ပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့သည့် လမ်းကြောင်းများရှင်းလင်းခြင်းကို ဦးစွာဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ သွားလာရေးကိစ္စပြီးပါက ဒုတိယဦးစားပေးအနေဖြင့် ရေမီးများရရှိရေးကို ဆောင်ရွက်ပေးသွားရန်လိုပြီး ထိုမှတစ်ဆင့် အခြားပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ မိသားစုဝင်များ၏ နေရေး၊ စားရေးအဆင်ပြေစေရေးအတွက်လည်း စီမံပေးရမည်ဖြစ်ပြီး အခြေခံစားကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ယခုဖြစ်စဉ်ကို သင်ခန်းစာယူ၍ ရုတ်တရက်ရေကြီးရေလျှံမှုများဖြစ်ပေါ်လာချိန်တွင် ရေလမ်းကြောင်းနှင့်မလွတ်ကင်းနိုင်သည့် အဆောက်အအုံများကို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့ပြီး ရေများပြန်လည်ကျဆင်းသွားသည့်အချိန်တွင် နုန်းတင်ကျန်ခဲ့သည့် အထက်တန်းကျောင်း၌ နုန်းများဖယ်ရှားရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

စနစ်တကျသုတေသနပြုလုပ်၍ရွှေ့ပြောင်းဆောက်လုပ်ခြင်းများ ဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့်အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် တက်ရောက်လာကြသည့် စစ်သည်၊မိသားစုများ၏ရေကြီးရေလျှံမှုကြုံတွေ့ခဲ့ရမှုများ၊ အခက်အခဲများကို မေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် အဝတ်အထည်များကို ထောက်ပံ့ပေးအပ်ရာ စစ်သည်၊ မိသားစုများက လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရုတ်တရက်ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နယ်မြေခံတပ်ဌာနချုပ်ဆေးခန်း၌ ဆေးကုသမှု ခံယူလျက်ရှိသည့် စစ်သည်များကို သွားရောက်ကြည့်ရှု၍ ရင်းရင်းနှီးနှီးအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တောင်ကျချောင်းရေများ အလုံးအရင်းဖြင့် စီးဆင်းခဲ့မှုကြောင့် ကျိုးကျပျက်စီးခဲ့သည့် မုန်ချောင်းကူးကွန်ကရစ်တံတားပျက်စီးမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရေစီးကြောင်းနှင့်အတူ သစ်ပင်သစ်လုံးကြီးများ၊ကျောက်တုံးများမျောပါခဲ့ပြီး အရှိန်အဟုန်ဖြင့် ရိုက်ခတ်ခဲ့မှုကြောင့် တံတားပျက်စီးခဲ့မှုများကို တင်ပြကြသည်။ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က

**စာမျက်နှာ ၂၀ သို့**



ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အထက်တန်းကျောင်းကို တွေ့ရစဉ်။

# ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သောဒေသများတွင်သေဆုံးခဲ့သော ဒေသခံပြည်သူများကို နိုင်ငံတော်အစိုးရက ထောက်ပံ့ငွေများပေးအပ်မည်ဖြစ်

**နေပြည်တော် စက်တင်ဘာ ၁၈**

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ချောင်းရေနှင့်မြစ်ရေများ အဆက်မပြတ်မြင့်တက်လာမှုနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ၊ကယားပြည်နယ်၊ကရင်ပြည်နယ်၊ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၅၆ မြို့နယ်မှ ရပ်ကွက်၊ ကျေးရွာများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး လမ်း၊တံတားအချို့ရေတိုက်စားပျက်စီးခြင်း၊လူနေအိမ်၊ရုံး၊ဌာနအဆောက်အအုံ၊ စာသင်ကျောင်း၊အခြားအဆောက်အအုံများကို ရေဝင်နစ်မြုပ်ခြင်း၊ ထိခိုက်ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့သည်။

ထိုကဲ့သို့ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သောမြို့နယ် ၅၆ မြို့နယ်မှ ရပ်ကွက်၊ ကျေးရွာတို့တွင် ယနေ့နံနက် ၉ နာရီထိ ကောက်ယူရရှိသော စာရင်းများအရ ပြည်သူ ၂၆၈ ဦးသေဆုံးခဲ့ပြီး ၈၈ ဦးပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။ ထိုသို့ သဘာဝဘေးဒဏ်ကြောင့် သေဆုံးခဲ့သည့် ပြည်သူများကို တစ်ဦးလျှင် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ငါးသိန်းကျပ်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သုံးသိန်းကျပ် စုစုပေါင်းရှစ်သိန်းကျပ်ကို ကျန်ရစ်သူမိသားစုထံသို့ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့်သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကလည်း သီးခြားထပ်ဆောင်းထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထုတ်ပြန်ထားသည်။

ထို့ပြင် ထိခိုက်ဒဏ်ရာခံစားခဲ့ရမှုအခြေအနေနှင့် အိုးအိမ်များပျက်စီးဆုံးရှုံးရမှုအခြေအနေများအပေါ် မူတည်ကာ လိုအပ်သည့် ထောက်ပံ့ကူညီမှုများကို ဆက်လက်ဆောင်ရွက်ပေးသွားရန် စီစဉ်ထားရှိကြောင်း သတင်းရရှိသည်။ (၅၀၁)






ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့ပြီး ရေများပြန်လည်ကျဆင်းသွားသည့်အချိန်တွင် နုန်းတင်ကျန်ခဲ့သည့်အထက်တန်းကျောင်း၌ နုန်းများတင်ကျန်နေမှုအား ဖယ်ရှားရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုကို တွေ့ရစဉ်။

**စာမျက်နှာ ၁၉ မှအဆက်**

လိုအပ်သည်များမှာကြားကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ဌာနချုပ် အိမ်ထောင်သည်လိုင်းခန်းများအတွင်း တောင်ကျချောင်းရေဝင်ရောက်ခဲ့မှုကြောင့် ပျက်စီးခဲ့မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့ပြီး ရေများပြန်လည်ကျဆင်းသွားသည့်အချိန်တွင် နုန်းတင်ကျန်ခဲ့သည့် အထက်တန်းကျောင်း၌ နုန်းများဖယ်ရှားရှင်းလင်းခြင်းနှင့်သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းတာဝန်ခံ ဆရာ၊ ဆရာမများက ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့အခြေအနေများနှင့် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျောင်းပြန်လည်ဖွင့်လှစ်သင်ကြားပေးနိုင်ရေးအတွက် လိုအပ်သည်များကို အမြန်ဆုံးဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် လမ်း၊ တံတားနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသောခြံများအတွင်းစနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်နှင့် ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမာန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# (၂၁)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး(21st ASEAN Air Chiefs Conference- 21st AACC)သို့ ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် (၂၁)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး သဘောတူဆုံးဖြတ်ချက်များ အတည်ပြုလက်မှတ်ရေးထိုးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၈**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၂၁)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး (21st ASEAN Air Chiefs Conference- 21st AACC)သို့ တက်ရောက်ရန်အတွက် ကမ္ဘောဒီးယားနိုင်ငံ Siem Reap မြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ကမ္ဘောဒီးယားလေတပ်ဦးစီးချုပ် General Soeung Samnang၊ နေ့လယ်ပိုင်းတွင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့် လာအိုလေတပ်ဦးစီးချုပ် (ကိုယ်စား) လာအိုလေတပ်နိုင်ငံရေးမှူး Brigadier General Bounma CHANTHAVONGSA တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံလေတပ်များကြား ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်ရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးဆိုင်ရာ လေ့ကျင့်ခန်းများပူးပေါင်းဆောင်ရွက်နိုင်ရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် နှစ်နိုင်ငံလေတပ်များကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ညနေပိုင်းတွင် အာဆီယံလေတပ်ဦးစီးချုပ်များနှင့် ဇနီးများရောက်ရှိခြင်း အထိမ်းအမှတ် ကမ္ဘောဒီးယားလေတပ်ဦးစီးချုပ်နှင့် ဇနီးက တည်ခင်းဧည့်ခံသော Apsara ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။


ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် Siem Reap မြို့ရှိ Sokha Siem Reap Resorts & Convention Center ၌ ကျင်းပပြုလုပ်သော (၂၁)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး (21st ASEAN Air Chiefs Conference- 21st AACC)သို့ တက်ရောက်ကြသည်။ အာဆီယံလေတပ်ဦးစီးချုပ်များက "Enhancing Information Sharing and Cohesive Cooperation Among ASEAN Air Forces For Peace and Development" ခေါင်းစဉ်အား အသီးသီး ဆွေးနွေးခဲ့ကြသည်။ ထို့နောက် အစည်းအဝေး သဘောတူဆုံးဖြတ်ချက်များ အတည်ပြုလက်မှတ်ရေးထိုးကြသည်။

ငင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၇ ရက် ညပိုင်းတွင် ကမ္ဘောဒီးယားလေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံလေတပ်ဦးစီးချုပ်များနှင့်အတူ တက်ရောက်ခဲ့သည်။

ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဧ၁၁)



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ကမ္ဘောဒီးယားလေတပ်ဦးစီးချုပ် General Soeung Samnang နှင့် နှစ်နိုင်ငံလေတပ်ချင်း တွေ့ဆုံဆွေးနွေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့် နှစ်နိုင်ငံလေတပ်ချင်း တွေ့ဆုံဆွေးနွေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တပ်မတော် အရာရှိကြီးများက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

# နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ချောင်းခြားကျေးရွာတွင် အစာအဆိပ်သင့်မှုဖြစ်ပွား၊ လူနာများကို ဆေးရုံများတွင် ကြပ်မတ်ကုသပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့ ကြက်သွန်ခင်းကျေးရွာအုပ်စု ချောင်းခြားကျေးရွာတွင် စက်တင်ဘာ ၁၇ ရက် ညနေပိုင်းတွင် ကျေးရွာသူ၊ ကျေးရွာသား၊ ကလေး၊ လူကြီးအချို့ အစာအဆိပ်သင့်လက္ခဏာများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါကျေးရွာရှိရေဘေးသင့်ပြည်သူများသည် အလှူရှင်များက လာရောက်လှူဒါန်းသည့် ကြက်သားဒံပေါက်၊ ကြက်သားအာလူးဟင်း၊ ဘဲဥ ခရမ်းချဉ်သီးချက်များကို စားသုံးခဲ့ကြပြီး အစာအဆိပ်သင့်လက္ခဏာများ ဖြစ်ပေါ်ခဲ့ရာ နေပြည်တော်ကျန်းမာရေးဦးစီးဌာနနှင့် တပ်ကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များက အဆိုပါကျေးရွာသို့ရောက်ရှိနေပြီး ကုသခြင်း၊ ဆေးရုံသို့လွှဲပြောင်းခြင်း၊ အသိပညာပေးခြင်းများ ဆောင်ရွက် လျက်ရှိသည်။



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ချောင်းခြားကျေးရွာတွင် အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့သည့်လူနာများကို ကျန်းမာရေးဦးစီးဌာနမှ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များက ကွင်းဆင်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

အဆိုပါလူနာများအနက် တပ်ကုန်း မြို့နယ် ပြည်သူ့ဆေးရုံ(ခုတင်-၁၀၀)တွင် ပြင်ပလူနာဦးရေ ၅၀ နှင့် အတွင်း လူနာအဖြစ် ၅၆ ဦး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်၃၀၀)တွင် အတွင်းလူနာ လေးဦးနှင့် နေပြည်တော်ကလေးရောဂါအထူးကုဆေးရုံတွင် အတွင်းလူနာ အဖြစ်ငါးဦး တက်ရောက်ကုသမှု ခံယူလျက်ရှိပြီး ရောဂါသက်သာကောင်းမွန်လျက်ရှိကြောင်းသိရသည်။ ယနေ့နေ့လယ်ပိုင်းတွင် တပ်ကုန်းမြို့နယ် ပြည်သူ့ဆေးရုံ(ခုတင်-၁၀၀)တွင် ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများမှ ရောဂါသက်သာကောင်းမွန်လာသူ လူနာများသည် ဆေးရုံဆင်းပြီး ၎င်းတို့နေအိမ်အသီးသီးသို့ ပြန်သွားကြပြီးဖြစ်သဖြင့် ဆေးရုံတက်ကုသဆဲလူနာ ကိုးဦးသာ ကျန်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များက ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သို့ပါ၍သဘာဝဘေးဒဏ်ခံစားရသောပြည်သူများကို အစားအသောက်များ လှူဒါန်းရာတွင် အလှူရှင်များအနေဖြင့် ပူပူနွေးနွေးပြင်ဆင်ထားသည့် သန့်ရှင်းသော အစားအသောက်များကို မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့် ပေးပို့လှူဒါန်းကြရန်နှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် ယာယီစခန်းများတွင် လှူဒါန်းထားသော အစားအသောက်များကို ကျန်းမာရေးနှင့် ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်ဆောင်ရွက်ပေးနိုင်ရေး ကျန်းမာရေးဦးစီးဌာနက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (ဧ၁၁)

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားစဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်။

နေပြည်တော် စက်တင်ဘာ ၁၈

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုများဖြစ်ပွားခဲ့ပြီး ချောင်းရေ၊ မြစ်ရေများ မြင့်တက်ကာ မြို့နယ်အချို့ရှိရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်၊ ကျေးရွာများမှ ကူညီရွှေ့ပြောင်းရန် လိုအပ်နေသူများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရွှေ့ပြောင်းပေးခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ရေများပြန်လည်ကျဆင်းသွားသည့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်မြို့နယ်နှင့် ကလောမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၊ မြစ်သားမြို့၊ တံတားဦးမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့အပါအဝင် အခြားမြို့နယ်တို့ရှိ ရပ်ကွက်၊ကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် လမ်း၊ တံတားများ၊ ရပ်ကွက်၊ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နွန်းများ၊သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင်အခြား လိုအပ်သည်များကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့်လိုအပ်သည့် ကျန်းမာရေး အသိပညာပေး ဟောပြောဆွေးနွေးခြင်း၊ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း၊ တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပျက်စီးခဲ့သည့် လမ်း၊တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံး ပြန်လည်ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သောမြို့နယ် ၅၆ မြို့နယ်တွင် ယနေ့နံနက် ၉ နာရီထိ ရရှိသောစာရင်းများအရ လူနေအိမ် ၄၂၇၂ လုံးထိခိုက်ပျက်စီးခဲ့ပြီး ၁၇၇၅၄၈ လုံး ရေဝင်နစ်မြုပ်ခဲ့ကြောင်း၊ ပြည်သူ ၂၆၈ ဦး သေဆုံးပြီး ၈၈ ဦး ပျောက်ဆုံးလျက်ရှိကြောင်းနှင့် ရေဘေးကယ်ဆယ်ရေးစခန်း စုစုပေါင်း ၄၅၇ ခု ဖွင့်လှစ်၍ အိမ်ထောင်စု ၄၃၆၀၉ စု၊ လူဦးရေ ၁၆၈၇၉၈ ဦးတို့ကို ကူညီကယ်ဆယ်ရေးနှင့် လိုအပ်သောထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် ရုံး၊ ဌာနအဆောက်အအုံ အလုံး ၇၀၊ စာသင်ကျောင်း ၉၉၆ကျောင်း၊ ဘာသာရေးအဆောက်အအုံ ၃၁၅ လုံး၊ လမ်း၊ တံတားအချို့၊ လျှပ်စစ်မီးတိုင်နှင့်ဆက်သွယ်ရေးတိုင်များ ရေဝင်နစ်မြုပ်ခြင်း၊ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။ တိရစ္ဆာန်မျိုးစုံစုစုပေါင်း ၁၀၈၃၈၆ ကောင် သေဆုံးခဲ့ပြီး စပါးနှင့်သီးနှံမျိုးစုံ စိုက်ဧက ၆၆၆၁၂ ဧက ရေဝင်နစ်မြုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ရာဂီမုန်တိုင်းနှင့်ဆက်စပ်၍ ရေဘေးများဖြစ်ပွားလျက်ရှိရာ ရေဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများအား ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay QR Code နံပါတ် 70157401001 သို့လည်းကောင်း၊ KBZ Pay QR ကို Scan ဖတ်၍လည်းကောင်း၊ CB Pay ၊ OK$ နှင့် AYA Pay များ၏ QR ကို Scan ဖတ်၍လည်းကောင်း၊ Wave Money ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂) နှင့် (၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း၊ Wave Money QR များကို Scan ဖတ်၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၃။ ဘဏ်များမှလှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း(Account Transfer)နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ နိုင်ငံခြားငွေဖြင့်လှူဒါန်းလိုပါက မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရန်ကုန်မြို့တွင် ငွေစာရင်းအမှတ် (0111284000000063)ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်း/ပြည်ပမှနိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့်-

- SWIFT CODE/BIC – MFTBMMMY
- Beneficiary Name – Natural Disaster Management Fund
- Beneficiary A/C No – 0111284000000063 သို့ လှူဒါန်းနိုင်ပါသည်။

၅။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့်လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှနိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့်-

- SWIFT CODE – MYEBMMMY
- Beneficiary Name – Natural Disaster Management Fund
- Beneficiary A/C No – EDN-600018 သို့လှူဒါန်းနိုင်ပါသည်။

၆။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လွဲလွဲအေး<br>ညွှန်ကြားရေးမှူးချုပ်<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁<br>ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁<br>ဒေါ်ဖြူဖြူဝင်း၊ညွှန်ကြားရေးမှူး<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅<br>၀၉-၄၂၀၇၄၀၁၆၀<br>ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇<br>ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |

၇။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည်-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ် (၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄ x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

# အိန္ဒိယနိုင်ငံမှ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးဆိုင်ရာပစ္စည်းများကို အိန္ဒိယစစ်ရေယာဉ် INS Satpura ဖြင့် မြန်မာနိုင်ငံသို့ပို့ဆောင်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်




အိန္ဒိယနိုင်ငံမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာကယ်ဆယ်ရေးပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H. E. Mr.Shri Abhay Thakur က လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက လက်ခံရယူစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၈**

တောင်တရုတ်ပင်လယ်တွင် ဖြစ်ပွားခဲ့သော တိုင်ဖွန်းမုန်တိုင်းရာဂီ၏ သက်ရောက်မှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံအတွင်းရှိ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးဆိုင်ရာ ပစ္စည်းများကို အိန္ဒိယနိုင်ငံမှ စစ်ရေယာဉ် INS Satpura (F-48)သည် စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဝမ်းပန်းတသာကြိုဆိုကြသည်။

ထို့နောက် အိန္ဒိယစစ်ရေယာဉ်ဖြင့် ရောက်ရှိလာသည့် လူသားချင်းစာနာမှု အကူအညီနှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးဆိုင်ရာ ပစ္စည်းများကို ညပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H. E. Mr.Shri Abhay Thakurက လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူများ၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူးနှင့်အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အိန္ဒိယစစ်ရေယာဉ် INS Satpura တွင် ကူညီကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် ရွက်ဖျင်တဲများ၊ တာပေါ်လင်စများ၊ လူသုံးကုန်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ သန့်ရှင်းရေးပစ္စည်းများ၊ အဝတ်အထည်များ၊ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများပါဝင်၍ စုစုပေါင်းတန်ချိန် ၂၁ တန်ခန့်ဖြစ်ကြောင်းသိရပြီး သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများထံသို့ အမြန်ဆုံးရောက်ရှိစေရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ တင်ဆောင်လာသည့် အိန္ဒိယစစ်ရေယာဉ် INS Satpura သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ျပ၀၁)

## ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး။

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး။

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းဆောင်ရွက်ရေး။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်း ဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၄၅ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၁၅၀ နှင့် ကက်တမင်း ကီလို ၃၀ ဖမ်းဆီးရမိ



ပြစ်မှုကျူးလွန်သူများကို မော်တော်ယာဉ်၊ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၈**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၆ ရက် နံနက် ၇ နာရီခွဲတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် နားခေါ ကျေးရွာအနီး၌ မိုင်းပျဉ်းမှ မိုင်းပုအွန် ဘက်သို့ စိုင်းဦးပေတ မောင်းနှင်ပြီး မနန်း ရှန်အွမ်နှင့် စိုင်းကော်တို့လိုက်ပါလာသည့် TOYOTA SUCCEED မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၁၀၀ သိမ်း ဆည်းရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးဖော် ထုတ်ချက်အရ ယင်းနေ့ နံနက် ၈ နာရီတွင် မိုင်းပျဉ်းမြို့နယ် ယမ်းမိုင်ကျေးရွာရှိ အိုက်ဝန်း၏နေအိမ်မှ အိုက်စ်(မက်သ် အဖက်တမင်း) ကီလို ၅၀ နှင့် ကက်တမင်း ကီလို ၃၀ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၄၅ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၁၅၀ နှင့် ကက်တမင်း ကီလို ၃၀ သိမ်းဆည်းရမိခဲ့ ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများ အား ကျိုင်းတုံမြို့နယ်မှ မိုင်းဖြတ်မြို့နယ် သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ် ကြောင်းသိရှိရသဖြင့် ၎င်းတို့ကိုဥပဒေ အရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား စစ်ဆေးဖော် ထုတ်လျက်ရှိကြောင်း သတင်း ရရှိသည်။ (၅၀၁)

# စမုံဆည်ကျိုး၍ ရွာပေါင်း ၂၀ ကျော် အပျက်အစီးများပြီး လူသောင်းနှင့်ချီ အကူအညီလိုအပ်နေကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်း မြို့နယ်တွင် စမုံဆည်ကျိုးကျ၍ ဆည် အောက်ဘက်ရှိ ကျေးရွာပေါင်း ၂၀ ကျော် ရေဘေးသင့်ခဲ့ရပြီး ရေပြန်ကျချိန်တွင် အပျက်အစီးများသည့်အတွက် အကူအညီ လိုအပ်နေသည်ဟု သတင်းတု၊သတင်းမှား များ ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဆည်မြောင်းဦးစီးဌာနအနေ ဖြင့် ယင်းကဲ့သို့ ဆည်ရေကျိုးဖောက်ခြင်း မရှိကြောင်း၊ ဆည်ရေများပြည့်လျှံ၍ ဖောက်ချရမည့် အခြေအနေဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့တင်ပြပြီး အသိပေး ကြေညာချက်ထုတ်ပြန်ကာ ဒေသခံ ပြည်သူများကို ဘေးလွတ်ရာသို့ပြောင်း ရွှေ့ပြီးမှသာပြုလုပ်ရကြောင်း၊ ထို့ပြင် ရေဘေးသင့်ပြည်သူများကို တပ်မတော် သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင် အလှူရှင်များက ရေဘေးသင့်နေရာများသို့ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည် နေရာချထားရေးလုပ်ငန်းများ နေ့စဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်းကို ၎င်းမြို့ နယ်မှ တာဝန်ရှိသူတစ်ဦး၏ပြောကြား ချက်အရသိရှိရပြီး တရားမဝင်ပြည်ဖျက် မီဒီယာများက မီဒီယာကျင့်ဝတ်များအား ချိုးဖောက်၍ ပြည်သူလူထုစိုးရိမ်ထိတ် လန့်မှုဖြစ်စေရန် လုပ်ကြံရေးသားထား သည့် သတင်းမှားကို ဖြန့်ဝေနေခြင်းဖြစ် ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကျောက်ကြီးမြို့နယ်ရှိ ကျေးရွာများကို တပ်မတော်က ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ရှစ်လအရွယ် ကလေးငယ် တစ်ဦးအပါအဝင် ပြည်သူ သုံးဦး ထိခိုက်ဒဏ်ရာရရှိပြီး ဘုရားကျောင်းနှင့် နေအိမ်များပျက်စီးခဲ့ကြောင်း မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီး မြို့နယ်ရှိ ကျေးရွာများကို တပ်မတော်က ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ရှစ်လအရွယ် ကလေးငယ် တစ်ဦး အပါအဝင် ပြည်သူ သုံးဦး ထိခိုက်ဒဏ်ရာ ရရှိပြီး ဘုရားကျောင်းနှင့် နေအိမ်များ ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက် မီဒီယာများက သတင်းမှားများမဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိ ရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ၎င်းဒေသများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူလူထုနှင့် ပူးပေါင်း၍ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုး ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ ကြောင်း၊ထိုသို့ဆောင်ရွက်နေစဉ် အကြမ်း ဖက်သောင်းကျန်းသူများသည် လုံခြုံရေး တပ်ဖွဲ့ဝင်များကို ဒရုန်းများဖြင့် လာရောက်တိုက်ခိုက်ရာမှ ဗုံးသီးများ သည် အရပ်သားပြည်သူများနေထိုင်ရာ လူနေအိမ်များအပေါ်သို့ ကျရောက် ပေါက်ကွဲခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ပြည်သူအချို့ ထိခိုက်သေဆုံးခဲ့ရကြောင်း၊ ယခုအခါ ပြည်သူလူထုအနေဖြင့် အကြမ်းဖက် သမားများ၏ လူမဆန်သည့်လုပ်ရပ်များ ကို ရွံရှာမုန်းတီးနေပြီး အကြမ်းဖက် အားပေး ပြည်ဖျက်မီဒီယာများ၏ တစ်ဖက်သတ်စွပ်စွဲရေးသားချက်များနှင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များ အား ဖုံးကွယ်ပေးရန်အတွက် သတင်းမှား များဖြင့် ဝါဒဖြန့်မှိုင်းတိုက်နေသည်ကို သိမြင်လာပြီဖြစ်ကြောင်း ဒေသခံပြည်သူ များ၏ ဆက်သွယ်ပြောကြားချက်အရ သတင်းရရှိသည်။ (၅၀၁)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ ထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော် ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်း များကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိ နားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက် ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှ ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့ လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူ ခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်း နိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရ နိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရ နိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက် တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ် သော်လည်း စက်တင်ဘာ ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ် ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန် ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒ ဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “Nway Oo Maung” Facebook အကောင့် ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရေသောက်ကန်ကျေးရွာ နေ ကျော်ရဲအောင်အား ညနေ ၃ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “May.Tz,Htun” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူး မြို့နယ် ပန်းလှိုင်ရပ်ကွက်နေ မေသဇင် ထွန်းအား ည ၇ နာရီခွဲတွင်လည်းကောင်း၊ “Shwe Sin”Facebook အကောင့်ပိုင်ရှင် ဖြစ်သူ ပဲခူးမြို့နယ် ဘုရားကြီးမြို့နေ ရွှေဇင်ထွန်းအား ည ၈ နာရီ ၄၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီး ထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင် ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း များပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ် ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူ များကို ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန် အပ်ပါသည်။

(၅၀၁)

ဝတ္ထုတိုကလျာ

# မေတ္တာပန်းများ ဆူးဖြစ်သွားသည်

ကျွန်းစဉ်မြေစောခက်



(၁)

ဆိုက်ကားတစ်စီး အိမ်ရှေ့မှာလာရပ်တာတွေ့လို့ ကျွန်တော် လှမ်းကြည့်လိုက်တယ်။ ကျွန်တော်နဲ့ တစ်မြို့နယ်ထဲမှာ အတူလုပ်နေကြတဲ့ ဆရာမတွေပါလား။ အချိန်က နွေနေ့လယ်ခင်းကြီး။ သည်လိုအချိန်မျိုးမှာ တောင်ဒဂုံလိုနေရာက တောင်ဥက္ကလာပသို့ ဆိုက်ကားနဲ့လာတာဟာ အထူးအဆန်းကြီးလိုဖြစ်မနေဘူးလား။ ဆိုက်ကားဆရာဟာ မြို့နယ်ကျော်ပြီး လေဆန်တိုးကာ နင်းလာရတာဆိုတော့ ပိုဆိုးတာပေါ့။ ဆိုက်ကားဆရာရဲ့ ပိန်ရှည်ရှည်ပြားချပ်ချပ်ကိုယ်လုံးလေးမှာ ဖားဖိုထိုးသလိုမျိုး အသက်ပြင်းပြင်း ရှူထုတ်နေတယ်။ သဘာဝလွန်အလုပ်မို့ ဆိုက်ကားဆရာကို ကျွန်တော် ကရုဏာသက်စွာကြည့်နေမိတယ်။

ဆရာမကြီးကိုတော့ သုံးခွဘက်မှ တောင်ဒဂုံသို့ ပြောင်းလာတာလို့ ကျွန်တော်သိထားတယ်။ လပတ်အစည်းအဝေးမှာဆုံနေကျမို့ မျက်နှာတန်းမိကြတယ်။ သူနဲ့အတူပါလာတဲ့ ဆရာမကိုတော့ ညောင်ဦးကလို့တော့ သိထားတယ်။ ဆရာမလေးကတော့ ကျွန်တော့်ကျောင်းအုပ်စုထဲနေခဲ့ဖူးလို့ သူ့ကို မဖြူလို့ခေါ်ကြတာလည်း ကျွန်တော်သတိထားမိတယ်။ ကျွန်တော်ကိုယ်တိုင်ပဲ ဝင်းတံခါးကို သွားဖွင့်ပေးလိုက်တယ်။

"ဆရာမတို့ တောင်ဒဂုံမှတ်တိုင်က လိုင်းကားစီးလိုက်ရင် ဒီကိုတန်းရောက်တာပဲ ဘာဖြစ်လို့ဆိုက်ကားနဲ့လာကြတာလဲဗျာ"

"မဟုတ်ဘူးဆရာကြီး ဆိုက်ကားဆရာက ကိုယ့်လူမို့ပါ"တဲ့။ သူတို့အတွက် ကိုယ့်အောက်နိမ့်တဲ့ လူတစ်ယောက်ကို အသုံးချလိုက်တာ လွယ်လွယ်လေးပဲ။ ဟိုလူခံစားနေရတဲ့ ပင်ပန်းမှုကိုကြည့်ပြီး ကျွန်တော့်ရင်ထဲမှာ တော်တော်နာနာကျင်ကျင် ခံစားသွားရတာ။

"ကဲ ဆရာမတို့ ခက်ခက်ခဲခဲလာကြတဲ့ကိစ္စလဲ ပြောပါအုံး"

သူတို့ ဆရာတပည့်နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ဘယ်သူပြောမလဲဆိုပြီး အဖြေရှာနေကြသလိုပါပဲ။ အချိန်တော်တော်လေးကြာမှ တပည့်ဆရာမဆီက အားတုံ့အားနာလေမျိုး မပွင့်တပွင့်ထွက်လာတယ်။

"ဒီလိုပါဆရာကြီး ဒီကဆရာမကြီးမှာ သမီးလေးက ဘွဲ့ယူတော့မယ်လေ။ အဲဒါ ကားငှားရမှာနဲ့ ဝတ်စုံငှားရမှာနဲ့ ဟိုစရိတ်သည်စရိတ်နဲ့ဆို ပိုက်ဆံ ငါးသိန်းလောက်လိုနေလို့ပါ ဆရာကြီး"

သူတို့လာတာ ငွေရေးကြေးရေးကိစ္စဆိုတော့ ကျွန်တော်အံ့ဩသွားတာတော့ အမှန်ပါပဲ။

"မဖြူရေ ဆရာကြီးက ကျောင်းဆရာလေ။ ကျောင်းဆရာတောင် ဆင်ခြေဖုံးရပ်ကွက်လေးက ဆရာပါ။ နောက်ပြီးတော့ ငွေချေးစားနေသူလဲ မဟုတ်ဘူး"

"မဟုတ်ဘူးဆရာကြီး။ ဆရာကြီးဟာ ကိုယ့်ကျောင်းမှာ ကျောင်းဘက်စုံဖွံ့ဖြိုးရေးအတွက် ငွေ ၁၀ သိန်းထိ လှူထားခဲ့တာလေ။ အဲဒါမြို့နယ်ပညာရေးမှူးကတောင် ဒီဆရာကြီးမဆိုးဘူး ကျောင်းအပေါ် တော်တော်စေတနာရှိတယ်။ ပိုက်ဆံလဲ ရှိပုံရတယ်လို့ မှတ်ချက်ပြုထားတယ်လေ ဆရာကြီး။ သမီးဆရာကြီးကိုခင်တာလဲ ပါတာပေါ့ရှင်"

"ဒါက ဒီလိုရှိတယ် မဖြူ။ ဆရာကြီးဟာ ရခိုင်မှာ တာဝန်ထမ်းဆောင်ခဲ့တုန်းက ငါးဟင်းအတွက်ဆို ကိုယ်တိုင်ပဲကွန်ပစ်တယ်၊ ငါးရှာတယ်။ ဟင်းသီးဟင်းရွက်ဆိုလည်း ကိုယ်တိုင်စိုက်တယ်။ ဒါကြောင့် သက်သာမှုရခဲ့တဲ့ချွေးဖိုးလေးတွေ စုထားတာကို အခု ဆရာကြီးကျောင်းမှာ ဘက်စုံဖွံ့ ဖြိုးရေးအတွက် တကယ်လိုအပ်နေလို့ လှူလိုက်တာပါ"

ကျွန်တော် အဲဒီလိုကျိုးကြောင်းဆက်နွယ်တင်ပြလိုက်တော့ သူတို့ ဆရာတပည့်နှစ်ယောက် ခပ်မှိုင်မှိုင်လေးဖြစ်သွားကြတယ်။

"ဒီလိုပါဆရာကြီး သမီးတို့က ဒီပိုက်ဆံကိုအသားလွတ်ကြီးတော့မဟုတ်ဘူး။ သုံးလအတွင်းမှာပဲ အရင်းကောအတိုးကော ပြန်ပေးမှာပါ။ သမီးတို့က လေးကျပ်တိုးပေးပါ့မယ်။ ဆရာမကြီးမှာလဲ အဲဒီလဆိုစုငွေ အလှည့်ကျခံစားခွင့်ရတော့မှာပါ"

ကျွန်တော့်မှာ အတိုးရမည်ဆိုခြင်းထက် ဆရာမကြီး လိုအပ်နေသောအခက်အခဲကို ကူညီလိုသောစိတ်သည် ကျွန်တော်ရင်၌ချက်ချင်းဖြစ်ပေါ်သွား၏။ သည်လိုအခက်အခဲမျိုး ကိုယ်တိုင်လည်းကြုံဖူးသဖြင့် ဆရာမကြီးကို သနားနေမိတယ်။ ဆရာမကြီးမှာ ရှက်ရွာလွန်းလို့ထင်ရဲ့ မျက်ရည်တွေစီးကျနေတယ်။

"ကဲ ကလေးတို့အမေ သမီးပို့ထားတဲ့ ပိုက်ဆံ ငါးသိန်းရှိတယ် မဟုတ်လား"

ကျွန်တော့်အမေးကို အမျိုးသမီးက ခေါင်းညိတ်ပြတယ်။ ကျွန်တော့်သမီးမှာ အင်ဂျင်နီယာဘွဲ့နဲ့ ဆောက်လုပ်ရေးလုပ်နေသူဖြစ်တယ်။ အခု နေပြည်တော်မှာပဲရှိတယ်။ မိဘတွေ ကျန်းမာရေးကိစ္စ၊ ဘာသာရေး၊ လူမှုရေးအလုပ်တွေမှာ ထည့်ဝင်နိုင်အောင်လို့ အခါအားလျော်စွာ ငွေပို့ပေးလေ့ရှိတယ်။

"ဒီလိုလုပ်ဗျာ ကျွန်တော့်မှာလဲ ပိုက်ဆံမရှိပါဘူး။ သမီးလေးဆီက ကျန်းမာရေး၊ လူမှုရေးကိစ္စတွေမှာ လိုအပ်ရင်အသုံးပြုဖို့ပို့ထားတာ ပိုက်ဆံငါးသိန်းတော့ရှိတယ်။ အဲဒါ ကျွန်တော်ပေးလိုက်ပါ့မယ်။ ဆရာမကြီးအခက်အခဲကိုလဲ ကိုယ်ချင်းစာပါတယ်။ မဖြူပြောသလို အတိုးလေးကျပ်ဆိုတာမျိုး မလုပ်ပါနဲ့ဗျာ ရှက်စရာကြီး။ မပြောမကောင်းလို့ ပြောလိုက်ပါ့မယ် ဆရာမကြီးတို့ဆန္ဒရှိရင် နှစ်ကျပ်တိုးလေးတော့ထားပေးပါ့မယ် ဟုတ်ပြီလား"

ကျွန်တော့်အမျိုးသမီးဆီကယူပြီး တစ်သောင်းတန် ရွက်ရေ ၅၀ ကို လှမ်းပေးလိုက်တယ်။ သူတို့ ဆရာတပည့်နှစ်ယောက် ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားတွေကို အလီလီအထပ်ထပ်ပြောပြီး သူတို့ ဆိုက်ကားပေါ်သို့ တက်သွားကြလေရဲ့။

(၂)

တောင်ဒဂုံတစ်မြို့နယ်လုံးမှာ ထက်/လယ်/မူကျောင်း ၄၃ -ကျောင်းရှိတဲ့အထဲမှာ ကိုယ့်ကျောင်းကို ထိပ်ဆုံးမဟုတ်ရင်တောင် တော့(ပ်)တင်း(န်)ဝင်ချင်တဲ့ဆန္ဒကလည်းရှိနေတော့ တစ်ခါတစ်ခါ ကျောင်းပိတ်ရက်တွေမှာတောင် ကျောင်းကို ရောက်နေတတ်တာလေ။ မှတ်မိသေးတယ် ၂၀၀၈ ခုနှစ် နာဂစ်ဖြူလှဲခံရတဲ့နှစ်ပါပဲ။ ရန်ကုန်တိုင်းဒေသကြီးအတွင်းက ကျွန်တော်တို့ တောင်ဒဂုံမြို့နယ်က ကျောင်းတွေလည်း ဒုက္ခသည်စာရင်းထဲ ပါသပေါ့ဗျာ။

အဲဒီလိုနဲ့ လက်ထောက်မြို့နယ်ပညာရေးမှူးဟာ မြို့နယ်အတွင်းက မူလတန်းကျောင်းတွေကို လစဉ်ပုံမှန်ပါပဲ ကျောင်းစစ်ဝင်လေ့ရှိတယ်။ ကျွန်တော့်ကျောင်းကိုရောက်တော့ မပြိုလဲပဲကျန်နေတဲ့ ရုံးခန်းမှာ ခေါင်းအုံးတွေ၊ စောင်တွေ၊ ခြင်ထောင်တွေနဲ့ အိပ်ရာကို သူတွေ့သွားတယ်။ သူတစ်မုဟုတ်ချင်းမျက်နှာတင်းသွားတယ်။

"ဒါက ဘာလုပ်တာလဲ စောင်တွေ၊ ခြင်ထောင်တွေနဲ့"

ကျွန်တော်အေးအေးဆေးဆေးပဲ ပြန်ပြောလိုက်ပါတယ်။

"ဆရာကြီးပဲ လပတ်အစည်းအဝေးမှာ ပြောလိုက်တယ်လေ။ ကျောင်းအုပ်တွေ ကိုယ့်ကျောင်းမှာ ညတိုင်းစောင့်အိပ်ရမယ်ဆိုတာလေ။ ကျွန်တော်တာဝန်ထမ်းဆောင်နေတာပါဗျာ"လို့ပြောလိုက်တော့ သူ့ကွမ်းစားသွားလေးနဲ့ ပြုံးသလိုပြုပြီး ဟိုဘက်လှည့်သွားတယ်။

(၃)

ကျွန်တော် သူတို့ပေးထားတဲ့ကတိအတိုင်း သုံးလပြည့်တဲ့နေ့မှာ သူတို့အလာကို မျှော်ရတော့တာပေါ့။ လအစ တစ်ရက်၊ နှစ်ရက်၊ သုံးရက်ကျော်သွားပြီ သူတို့ပေါ်မလာ။ သီတင်းတစ်ပတ်၊ နှစ်ပတ်၊ သုံးပတ်ပြည့်သွားပေပြီ။ မယ်မင်းကြီးမတို့ ဘယ်ဆီရောက်နေမှန်းမသိ။ ရက်ကျော်တာ တစ်လတိတိပြည့်သွားပေပြီ။ မျှော်သာမျှော်တာ သူတို့ပေါ်မလာခဲ့။ ရှင်းရှင်းပြောရရင် ကျွန်တော် ထိတ်ထိတ်ပျာပျာဖြစ်ရပြီပေါ့ဗျာ။

ဒီတော့ခါ ကျွန်တော်စွန့်စားခန်းဖွင့်ကာ တောင်ဒဂုံသို့ အကြွေးတောင်း ထွက်ခဲ့ပါတော့တယ်။ လိုင်းကားပေါ်ကဆင်းပြီးတာနဲ့ ဆရာမကြီးအိမ်သို့ ဆိုက်ကားနဲ့တန်းဝင်လိုက်တယ်။ ကျွန်တော့်ကို မြင်တော့ ဆရာမကြီးဟာပြုံးရယ်သလိုပြုပြီး အိပ်ခန်းထဲသို့ဝင်သွားတယ်။ သိပ်မကြာဘူးပြန်ထွက်လာတော့ သူ့လက်ထဲမှာ ငွေတစ်ထပ်ကြီးပါလာတယ်။ ကျွန်တော်ပျော်သလိုဖြစ်သွားတယ်။ ဆရာမကြီးက ကျွန်တော့်ကို တစ်ချက်မော့ကြည့်ပြီး ငွေကို တစ်ပုံစီခြားပြီး ကျွန်တော့်ရှေ့ နှစ်ပုံချပေးပါတယ်။ ပထမတစ်ထုပ်ကို ကျွန်တော်ရေကြည့်လိုက်တော့ သုံးသိန်း၊ ဒုတိယခပ်ပါးပါးအထုပ်ကို ရေကြည့်လိုက်တော့ ခြောက်ထောင် ။

"ဒါက ဘယ်လိုလဲဗျာ။ ကျွန်တော် ဆရာမကြီးကို ပေးလိုက်တာ ငါးသိန်းလေ"

"ဟုတ်တယ်ရှင့်။ ဆရာကြီးဆီက ယူလာခဲ့တာ သိပ်မကြာဘူး မဖြူရောက်လာတယ်။ ဆရာကြီးမှာ ပိုက်ဆံအရမ်းလိုနေလို့ ပြန်ယူခိုင်းတယ်ဆိုပြီး နှစ်သိန်း ပြန်ယူသွားတယ်လေ"

ကျားသားမိုးကြိုး ကျွန်တော့်ဦးနှောက်တွေ ဆူဝေသွားတယ်။ ဘယ်လိုပြန်ပြောရမှန်းတောင် မသိတော့ဘူး။

"ဟုတ်ပါတယ် ဆရာကြီး ဒါက အရင်းသုံးသိန်း ဒါက အတိုး ခြောက်ထောင်ပါ”

သူ ကျွန်တော့်ကိုတစ်ချက်ကြည့်တယ်။ ကွမ်းယာလေးကတော့ အံစောင်ထဲထည့်ထားပုံရတယ်။ ဣန္ဒြေမပျက်ဘူး။ သူတို့ ဆရာတပည့်နှစ်ယောက်ဟာ တောင်ဒဂုံမှာ ပြည်ထောင်စုလမ်းမကြီးတစ်ခုသာခြားတာ သိပ်မဝေးဘူး။ ကျွန်တော် မဖြူဆီ ဘဝင်မကျစွာတန်းသွားလိုက်တယ်။ ကျွန်တော်ရောက်သွားတော့ မဖြူဟာ ဝမ်းသာစွာနဲ့ကြိုဆိုရှာတယ်။ ကျွန်တော့်ဆီ ငွေလာချေးတုန်းကထက်တောင် သူ့သွားတွေ ပိုပြီးဖြူဖွေးနေသလိုပဲ။

"ဒီလိုပါဆရာကြီး သမီးတို့ကလေ ခုလို နွေကျောင်းပိတ်ချိန်မှာ ကိုယ့်အညာကိုပြန်တော့ အပြန်မှာ ပုံးရည်ကြီးတွေသယ်လာရင် ဈေးဖိုးရမှာမြင်တာနဲ့ ဆရာကြီး ငွေနှစ်သိန်းကို ဆရာမကြီးဆီက ဆွဲလိုက်တာလေ။ မကြာပါဘူး ဆရာကြီးရယ် အရင်းကောအတိုးကော ပြန်ပေးမှာပါ"

ကျွန်တော့်ရင်ဘတ်ထဲမှာ ဘဝင်မကျစွာနဲ့ ခံစားချက်တွေမြင့်တက်နေတယ်။

"ဒီလိုလုပ်ပါသမီး။ အခု သမီးယူထားတဲ့ ငွေနှစ်သိန်းအတွက် ဆရာကြီးကို ဘာအတိုးမှမပေးနဲ့ပေးစရာမလိုဘူး။ ကိုယ့်ပညာရေးဝန်ထမ်းချင်းပဲလေ။ သမီး ဆရာကြီးဆီကယူထားတဲ့ ပိုက်ဆံနှစ်သိန်းကို တစ်လ တစ်သောင်းစီပဲ လ ၂၀ တိတိဆပ်ပါ။ သမီး ဆရာကြီးဆီလဲ လာပေးစရာလဲမလိုဘူး။ ဆရာကြီးပဲ သမီးဆီ လစဉ်လကုန်နေ့တိုင်း လာယူမယ်နော်"

"အို မဟုတ်တာ ဆရာကြီးရယ်။ သမီး အရင်းကောအတိုးကော ပေးမှာပါ။ ဆရာကြီးတို့အိမ် လာပေးမှာပါ"

စာမျက်နှာ ၂၆ သို့ ➤

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၂၃၅ ဧက စိုက်ပျိုးပြီးစီး



**မုံရွာ စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၂၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက ၁၂၃၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ပဲစင်းငုံဧက ၁၂၃၅၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၂၃၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ အခုလက်ရှိ ပဲစင်းငုံစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးထားကြောင်း သိရသည်။

မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပဲစင်းငုံစိုက်ပျိုးကြသော တောင်သူများကို ရွက်ဖျန်းမြေဩဇာဝယ်ယူမှုသက်သာလျော့ချနိုင်စေရန်အတွက် ယူရီးယားနှင့် လက်ချား ပေါင်းစပ်သုံးစွဲသည့်နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယူရီးယားနှင့် လက်ချား သုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များ ပိုးမွှားကင်းစင်ကာ အပင်ဖြစ်ထွန်းမှုကောင်းကြောင်း သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၂၅ မှအဆက်

သူ့အဆိုကို ကျွန်တော်ဆီးလို့ကာလို့တားလိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက ဆရာထက် တပည့်လက်စောင်းထက်နေပြီလေ။

(၄)

ကဲ လ ၂၀ ရဲ့ ပထမလ ညပါပဲ။ ညနေ ၆ နာရီတိတိ။ ကျွန်တော် တောင်ဥက္ကလာပ ဘေလီတံတားထိပ်မှတ်တိုင်ကနေ လိုင်းကားပေါ် တွယ်တက်စီးလိုက်တယ်။ နိစ္စဓူဝအလုပ်သမားတွေ အလုပ်ကနေ အိမ်ပြန်ချိန်မို့ ကားပေါ်မှာကျိတ်ကျိတ်တိုးပါပဲ။ ဘယ်ပြောကောင်းမလဲ ကျွန်တော့်မှာ ဖယောင်းတိုင်ထုပ်ထဲက ဖယောင်းတိုင်တစ်ချောင်းပါပဲ။ လိုင်းကားပေါ်မှာ ကျပ်ညပ်ပြီး ပါနေခဲ့တယ်။

အဲသလိုနဲ့ တောင်ဒဂုံကားဂိတ် ရောက်လာတယ်။ အဲဒီမှာ သဃ်န်းကျွန်း သုဝဏ္ဏဘက်ပြောင်းစီးတဲ့လူတွေ ခပ်များများဆိုတော့ ကားတော်တော်ချောင်သွားတယ်။ ဒါပေမဲ့ ကျွန်တော်ထိုင်ခုံမရပါဘူး။ လိုင်းကားကြီးဆက်ပြေးတယ်။ တောင်၊ မြောက်လမ်းဆုံ တံတားဖြူမှတ်တိုင်ရောက်လာပါပြီ။ ကျွန်တော့်ရှေ့က နှစ်ယောက်တွဲထိုင်ခုံ လွတ်သွားတယ်။ ကျွန်တော်ဝင်ထိုင်မလို့ ချိန်ချိန်ဆဆလေးလုပ်လိုက်တယ်။ ဟောဗျာ စုတ်ချွန်းချွန်းနှင့် ပြားချပ်ချပ်အတွဲကလေးတစ်တွဲ လက်ချိတ်လျက်ပဲ ပစ်ထိုင်ချလိုက်ကြပါရော့လား။ ကျွန်တော့်မှာ အတော်ပင်ညောင်းနေပြီဖြစ်နေတာကြောင့် နေရာလုသွားကြတဲ့ နှစ်ယောက်ကို ကြည့်ပြီး တော်တော်အမြင်ကတ်သွားတယ်။

ဟော ကျွန်တော်မျှော်လင့်နေတဲ့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့နယ်ပညာရေးမှူး ရုံးရှေ့ မှတ်တိုင်ပါပဲ။

"မဖြူရေ"

မဖြူတို့အိမ်ရှေ့အရောက်မှာ အသံမတိုးမကျယ်လေးနဲ့ ကျွန်တော် လှမ်းခေါ်လိုက်တယ်။

"ဩော်... ဆရာကြီး"

မဖြူဟာ ကျွန်တော့်ဘက်လှည့်ပြီးတာနဲ့ ရယ်ပြပြီးသား ဖြစ်နေပါတော့တယ်။

"ဆရာကြီးရယ် အားနာစရာကြီးဖြစ်သွားပြီ။ ပိုက်ဆံ မနက်ဖြန်မှ ယူတော့နော်တဲ့"

ကျွန်တော့်နားထဲမှာ ငှက်ဆိုးထိုးသံပါပဲ။ အားမနာလိုက်လေခြင်းဆိုတဲ့ခံစားချက်ဟာ ကျွန်တော့်ရင်ဘတ်ထဲ ပျံ့နှံ့သွားတယ်။

"ဒီနေ့ဟာ လစာထုတ်နေ့မဟုတ်လား"

"လစာထုတ်နေ့တော့ဟုတ်ပါတယ်။ ဒါပေမဲ့ ဆရာကြီးရယ် ဟိုဟာဖြတ်၊ သည်ဟာဖြတ်နဲ့ မကျန်တော့တာလေ"

"ဟုတ်ပြီ ဒါဆို မနက်ဖြန် အဆင်သင့်လုပ်ထားနော်"

ကျွန်တော် မကျေမချမ်းပြောတဲ့စကားကို ကျောင်းဆရာမ မဖြူ ခပ်တည်တည်နဲ့ခေါင်းညိတ်ပြတယ်။

(၅)

အဲသလိုနဲ့ ကသီလင်တပါပဲ။ မရတစ်ခါရတစ်ခါနဲ့ စိတ်အဆာကို ခဝါချပြီး ကြွေးမြီတောင်းလာရတယ်ပေါ့။ အဆင်မပြေတဲ့လတွေများလာတော့ ကျွန်တော်လက်သင့်ရာတွေမှာ မဖြူအကြောင်းကို လေ့လာကြည့်မိတယ်။ သည်လိုပဲတဲ့ အခြားလူတကာတွေဆီမှာလည်း ဟိုကဆွဲသည်ကဆွဲဆိုပါလား။ ကျွန်တော့်ဆီက ပိုက်ဆံနှစ်သိန်းကိုလည်း အညာသွားရင်းနဲ့ ပုန်းရည်ကြီးတွေဝယ်လာတယ်ဆိုတာလည်း မဟုတ်ဘူးတဲ့။ ဒါကိုသိတော့ ကျွန်တော်က ဘယ်မှာလဲပုန်းရည်ကြီး မတွေ့ပါလားလို့ ခပ်မာန်မာန်နဲ့မေးလိုက်မိတယ်။ သည်တော့ သူက ဘာပြောသလဲဆိုတော့ ဒီဘက်မှာရောင်းရတာ သိပ်အဆင်မပြေတာနဲ့ သံလျင်ဘက်ပို့ထားတယ်တဲ့ဗျာ။ အံ့ရော။

ကျွေးမွေးမပျက်ဆောင်ရွက်စီမံမည်သော မြန်မာ့ရိုးရာလူမှုရေးကျင့်ဝတ်များကိုကျင့်ကြံပြီး မိဘကိုအလုပ်အကျွေးပြုနေသော သမီး၏ သမ္မာအာဇီဝရငွေလေးကို အဆုံးရှုံးမခံလိုတာကြောင့် ပင်ပန်းဆင်းရဲခံပြီး ကျွန်တော်တောင်းတယ်။

မှတ်မှတ်ရရပြောရရင် ကြွေးမြီတောင်းကာလ ၁၁ လမြောက်နေ့ပါပဲ။ ခါတိုင်းလတွေထက် ကျွန်တော်စောစောသွားလိုက်တယ်။ သူ ရေစည်နားမှာ ဘာလုပ်နေတယ်မသိ လှုပ်လှဲ့လှုပ်လီနဲ့ လှမ်းမြင်လိုက်ရတယ်။ ကျွန်တော်အဲဒီနားရောက်တော့-

"မဖြူရေ ဘာလုပ်နေတာလဲ"

သည်လိုပြောလိုက်တော့မဖြူ လုံချည်ကိုပြင်ဝတ်ပြီး ကျွန်တော့် ကို ရယ်ပြတယ်။

"ဆရာကြီးရေ ဒီလမှာလဲ ပေးနိုင်မှာမဟုတ်ဘူး"

"ဟာ မဟုတ်တာကွာ။ နင်တို့အိမ်မှာ မိသားစု သုံးစုထိရှိတယ်။ အကုန်လုံး အလုပ်အကိုင်လေးတွေနဲ့ပဲ တစ်ယောက်ယောက်ဆီက ဆွဲလိုက်ပေါ့ဟ"

ကျွန်တော်စကားဆုံးတော့ သူ့အိမ်ရှိလူတွေကို တစ်ယောက်ချင်းလိုက်ပြောနေတာတွေ့တယ်။ အကုန်လုံးပဲ ညိတ်တဲ့ဦးခေါင်းမရှိဘူး။ ခါတဲ့ဦးခေါင်းချည်းပဲ။ ကျွန်တော်ကလည်း သည်တစ်ခါတော့ မရရင်မပြန်ဘူးဆိုပြီး ရေနွေးကြမ်းလေးတစ်ခွက်နဲ့ ကျွန်တော်ပေခံနေတယ်။ သည်လိုနဲ့မိုးစုံးစုံးချုပ်ခဲ့ပေါ့။ ကျွန်တော်မပြန်တော့ သူတို့မှာ ထမင်းစားရမှာ ခက်၊ အိပ်ရမှာခက်နဲ့ ခက်ကြီးမျိုးစုံကြုံခဲ့ပေါ့လေ။ နောက်ဆုံးတော့ သူ့အစ်မတစ်ယောက်ဆီက မျက်နှာရှစ်ခေါက်ချိုးနဲ့ ထုတ်ပေးလိုက်တာကြောင့် အဲဒီလအတွက် အကြွေးတစ်သောင်းရလာခဲ့ပါပကောလေ။

(၆)

ကျွန်တော်ဆိုတဲ့လူကလည်း အလုပ်တစ်ခုကိုလုပ်ရင် မဖြစ်မနေကြိုးစားတတ်တဲ့အကျင့်ရှိတယ်။ တော်ရုံနဲ့ ဖွဲလျှော့တတ်တဲ့လူမဟုတ်ဘူး။ ကျွန်တော်ကျင့်သုံးနေတဲ့သီအိုရီအတိုင်းပဲ လကုန်နေ့တိုင်း ညနေချိန် မှောင်ရီပျိုးပလားဆို လှိုင်ရောအဝေးပြေးကားဂိတ်ကလာတဲ့ လိုင်းကားပေါ်တိုးဝှေ့တက်စီးပြီး မဖြူဆီမှာ တစ်လကို တစ်သောင်းတည်းဟူသောအကြွေးကို ကြိုးစားပြီးတောင်းတယ်။ သည်လိုနဲ့ မပြေတစ်လပြေတစ်လနဲ့ အကြွေးတောင်းခရီးကို ခုတ်မောင်းလာလိုက်တာ လပေါင်း ၂၅ လ(နှစ်နှစ်နှင့်တစ်လ)အကြာမှာတော့ ကျောင်းဆရာကျွန်တော် မဖြူဆီကအကြွေးကို ရခဲ့ပါလေတော့တယ်။ ဗုဒ္ဓဘာသာတို့ရဲ့ ဆိုထုံးအတိုင်း ဘဝဝဋ်ကြွေးလို့ပဲ ဆိုရပေမလားပဲနော်။

ခုတစ်ခါမှာ ဖေ့(စ်)ဘွတ်(ခ်)ပေါ်မှာပဲ ပို့(စ်)တစ်ခုတက်လာတယ်၊ "သူတစ်ပါးကိုသနားလို့ ပိုက်ဆံထုတ်ချေးတော့မယ်ဆိုရင် စော်ကားတာခံနိုင်ဖို့ အားမွေးထားပါ"တဲ့။

## စာနာစိတ်ထားအလှများ

- မမျှော်မလင့် ရေတွေမြင့်၍
  သင့်ရာရောက်လာ သည်ချိန်ခါဝယ်
  စာနာစိတ်ထား မေတ္တာများဖြင့်
  စွန့်စားလာရောက် ဖေးကူထောက်သည်
  ဝမ်းမြောက်ဖွယ်ရာ မြင်ကွင်းများ။

- ရေစီးကသန် မိုးကထန်လည်း
  အားမာန်ရဲဝံ့ အသက်စွန့်၍
  စိုးရွံ့စိတ်ကင်း ကယ်တင်ခြင်းကြောင့်
  ဘေးကင်းကြပြီ ဝမ်းသာသည်မှာ
  ကူညီစိတ်ထား အလှများ။

- ခက်ခဲကြုံသူ ကယ်တင်သူနှင့်
  ပြည်သူချင်းချင်း ရိုင်းပင်းခြင်းမှာ
  မြင်ကွင်းအလှ တွေ့မြင်ရသို့
  မြန်မာ့စိတ်ရင်း လှပခြင်းတည်း။

- တပ်မတော်သား ဇာနည်များလည်း
  မနားမနေ စက်တပ်လှေဖြင့်
  ရေပြင်တစ်ကြော စိမ်းစိုတောနှင့်
  မျောလာသည့်သူ မြင်တွေ့သူများ
  ဆယ်ယူကယ်ကာ စောင့်ရှောက်ပါသည်
  ဝမ်းသာဖွယ်ပင် ပုံရိပ်ထင်၏။

- ရေဘေးသင့်ထား ပြည်သူများသို့
  စားရေရိက္ခာ ဝတ်စရာနှင့်
  ကျန်းမာစေသား ဆေးဝါးများနှင့်
  ငွေသားအလှူ များကူညီသည်
  ပီတိရင်မှာ ဖြာလျက်သာ။

- အခက်ခဲမှာ ကူညီလာသည်
  မေတ္တာစိတ်ထား ရှိသူများနှင့်
  တတ်အားသမျှ လှူဒါန်းကြသည့်
  များလှစေတနာ အံ့ဖွယ်ရာကား
  စာနာစိတ်ထား အလှများတည်း။ ။


**ဘုန်းမောင်ဝင်း(ဖျာပုံ)**


တိုပစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



တိုပစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။

# ရေကြီးရေလျှံမှုများကြုံတွေ့နေရသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ

ကမ္ဘာ့အကြီးမားဆုံးမြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရေကြီးရေလျှံမှုများ၊ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခိုက်မှုများကဲ့သို့သော သဘာဝဘေးအန္တရာယ်များကို အမြဲတမ်းဆိုသလို ကြုံတွေ့ရလျက်ရှိပြီး အထူးသဖြင့် မုတ်သုံရာသီတွင် သဘာဝဘေးအန္တရာယ်များ အများဆုံးကြုံတွေ့ရလျက်ရှိသည်။ ပြည်သူများသည် နှစ်စဉ်နှစ်တိုင်း တိုင်းပြည်နေရာအသီးသီးတွင် ရေကြီးရေလျှံမှုများ ကြုံတွေ့ရလေ့ရှိသည်။

သို့သော် ယခုနှစ် ဩဂုတ်လအတွင်းတိုင်းပြည်၏ အရှေ့မြောက်ပိုင်းနှင့် အရှေ့တောင်ပိုင်းခရိုင်များတွင် ဖြစ်ပွားခဲ့သောရေကြီးရေလျှံမှုများသည် ပြည်သူ ၅ သန်းကျော် ထိခိုက်စေလျက်ရှိပြီး မကြာသေးမီနှစ်များအတွင်း ကြုံတွေ့ခဲ့ရသည့်သဘာဝဘေးအန္တရာယ်များအနက် အကြီးမားဆုံးသောဘေးအန္တရာယ်ပင်ဖြစ်သည်။

လွန်ခဲ့သော ၂ နှစ်ဖြစ်သည့် ၂၀၂၂ ခုနှစ်အတွင်း တိုင်းပြည်၏အရှေ့မြောက်ပိုင်းဒေသဖြစ်သည့် Sylhet ဒေသတွင် မကြုံစဖူးသောရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။ ၂၀၂၂ ခုနှစ် ရေကြီးရေလျှံမှုသည် ပြည်သူ ၇ ဒသမ ၂ သန်းအပေါ်သက်ရောက်မှုရှိခဲ့ပြီး လူဒါဇင်ပေါင်းများစွာသေဆုံးခဲ့သည့်အပြင် လူမှုအသိုက်အဝန်းများကို များစွာသောထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်စေခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရာသီဥတုဒဏ်ခံစားနေရသည့် ကမ္ဘာ့အကြီးမားဆုံးသော နိုင်ငံများအနက် မှတစ်နိုင်ငံပင်ဖြစ်သည်။ ပုံမှန်မဟုတ်သောမိုးရွာသွန်းမှုများသည် ရာသီဥတုပြောင်းလဲမှုများအနက်မှ တစ်ခုပင်ဖြစ်ပြီး အနာဂတ်တွင်ပိုမိုကြုံတွေ့ခံစားရတော့မည်ဖြစ်သည်။ ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် မြစ်ချောင်းများ၊ ရေစီးမိခန့်ခွဲမှုနှင့် စားနပ်ရိက္ခာလုံခြုံမှုတို့နှင့် ဆက်နွှယ်သောမဟာဗျူဟာများနှင့် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ရေးတို့အတွက် လေးလေးနက်နက်တွေးခေါ်သုံးသပ်ဆောင်ရွက်သွားရန် အချိန်တန်နေပြီဖြစ်သည်။

**ရေကြီးရေလျှံမှုကြောင့်ဆုံးရှုံးမှုများ**

မကြာသေးမီကဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများ၊ အထူးသဖြင့် Feni၊ Noakhaliနှင့် Cumilla ခရိုင်တို့တွင် ဖြစ်ပွားခဲ့သောရေကြီးရေလျှံမှုများကြောင့် စက်တင်ဘာ ၅ ရက်ထိလူ ၇၁ ဦးသေဆုံးခဲ့ပြီး လူသန်းပေါင်းများစွာသည် အိမ်ခြေယာမဲ့ဖြစ်ခဲ့ရသည်။ ရေကြီးရေလျှံမှုများကြောင့် လူများသေကျေထိခိုက်ခဲ့သည့်အပြင် ကောက်ပဲသီးနှံများ၊ နေအိမ်များ၊ မိလ္လာစနစ်များ၊ ပြည်သူ့ဝန်ဆောင်မှုဆောင်အအုံများ များစွာပျက်စီးထိခိုက်ဆုံးရှုံးခဲ့ရသည်။ မကြာသေးမီကဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် Moulvibazarခရိုင်တွင် လမ်းအရှည် ၅၀၂ ကီလိုမီတာနှင့် တံတား ၁၂ စင်းပျက်စီးဆုံးရှုံးခဲ့သည်။ ထို့ပြင် အိန္ဒိယနိုင်ငံနှင့် နယ်မြေထိစပ်နေသော Akhauraနှင့် Culmillaဒေသတို့တွင်လည်း လမ်းအရှည် ၁၂၅၈ ကီလိုမီတာနှင့် တံတား ၃၂ စင်း ပျက်စီးခဲ့သည်။

တိုင်းပြည်၏ အရှေ့တောင်ပိုင်းခရိုင်များဖြစ်သည့် Feniနှင့် Noakhaliတို့တွင် ရေကြီးရေလျှံမှုကြောင့် ထိခိုက်မှုများစွာဖြစ်ပေါ်စေခဲ့သည်။ အဆိုပါခရိုင် ၂ ခုရှိပြည်သူ ၉၀ ရာခိုင်နှုန်းကျော်သည် ထိခိုက်မှုအများဆုံးခံစားရလျက်ရှိပြီး ဝမ်းပျက်ဝမ်းလျှောနှင့် ကာလဝမ်းရောဂါကဲ့သို့သော ရေနှင့်ဆက်စပ်သည့်ရောဂါများဖြစ်ပွားလာမည့်အန္တရာယ်များ မြင့်တက်လာလျက်ရှိသည်။ ထို့ပြင် ရေကြီးရေလျှံမှုများသည် ပညာရေးအပေါ်တွင်လည်း ဟန့်တားနှောင့်ယှက်မှုဖြစ်ပေါ်စေလျက်ရှိပြီး စာသင်ကျောင်းများစွာကို ရေဘေးခိုလှုံရေးနေရာများအဖြစ် ဖွင့်လှစ်ထားရှိရသည်။ ထို့ကြောင့် ဒေသစီးပွားရေးအပေါ် ဆိုးဆိုးရွားရွားသက်ရောက်လျက်ရှိပြီး ပုံမှန်အခြေအနေပြန်လည်ရောက်ရှိရေးအတွက် ကာလရှည်ကြာ ရှန်းကန်ရဦးမည်ဖြစ်သည်။

၂၀၂၃ ခုနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အရှေ့တောင်ပိုင်းစစ်တကောင်းဒေသတွင် ပြင်းထန်သောရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာပြည်သူလူထုသေကျေထိခိုက်ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်စေခဲ့သည်။ အသစ်တည်ဆောက်ထားသော ရထားလမ်းနှင့်လမ်းတံတားများကဲ့သို့သောပြည်သူ့ဝန်ဆောင်မှုဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်စေခဲ့သည်။ ပြည်သူများစွာသည် ရေကြီးရေလျှံမှုအတွက်



ဒိုဟာဇာရီ-ကော့ဘဇားရထားလမ်းတည်ဆောက်မှုကို ပြစ်တင်ဝေဖန်ခဲ့ကြသည်။ အကြောင်းမှုကား၎င်းရထားလမ်းသည် ရေစီးဆင်းသည့် နေရာများစွာကိုပိတ်ဆို့မှုဖြစ်ပေါ်ခဲ့သောကြောင့်ပင်ဖြစ်သည်။

အလားတူ ၂၀၂၂ ခုနှစ်အတွင်းSylhetဒေသတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ပျက်စီးဆုံးရှုံးမှုစံချိန်တင်မြင့်တက်ခဲ့သည်။ ထို့ကြောင့် ရေဝပ်ဒေသများတွင် စီမံကိန်းရေးဆွဲထားခြင်းမရှိဘဲ လမ်းများနှင့် ဆည်တမံများဖောက်လုပ်မှုအပေါ် ဝေဖန်မှုများ မြင့်တက်ခဲ့သည်။ ထို့ပြင် ယခုနှစ်တွင် အရှေ့တောင်အာရှနိုင်ငံများကဲ့သို့ပင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မကြုံစဖူး အပူချိန်စံချိန်တင်မြင့်တက်ခဲ့သည်။

**ပင်လယ်ရေမြင့်တက်လာခြင်း**

ဘင်္ဂလားပင်လယ်အော်တွင် တည်ရှိနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်းဒေသသည် သေကျေထိခိုက်မှုများပြားသည့် ဆိုင်ကလုန်းမုန်တိုင်းတိုက်ခိုက်မှုကို မကြာခဏကြုံတွေ့ရလေ့ရှိသည်။ ကမ္ဘာလုံးဆိုင်ရာပူနွေးလာမှုကြောင့် ဘင်္ဂလားပင်လယ်အော်ရေမျက်နှာပြင်သည် အခြားသော ပင်လယ်များထက် လျင်မြန်စွာမြင့်တက်လာလျက်ရှိသည်။ ရေကြီးရေလျှံမှုများနှင့် ပင်လယ်ကမ်းခြေတစ်လျှောက်ရှိ ဆည်တမံများ ပျက်စီးဆုံးရှုံးမှုများဖြစ်စေလျက်ရှိသည့် သေကျေထိခိုက်ဆုံးရှုံးမှုများပြားသော ဆိုင်ကလုန်းမုန်တိုင်းများသည် နှစ်စဉ်ကမ်းခြေရှိ လူမှုအသိုက်အဝန်းများအပေါ် ကြီးမားစွာဒုက္ခပေးလျက်ရှိသည်။ အဆိုပါဘေးအန္တရာယ်များသည် နှစ်စဉ်မြင့်တက်လာလျက်ရှိသည်။

၂၀၂၄ ခုနှစ် မေလတွင် ဆိုင်ကလုန်းRemalသည် Sundarbansနှင့် အိန္ဒိယနိုင်ငံအစိတ်အပိုင်းများအပါအဝင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း၏ကမ်းခြေများကိုပြင်းထန်စွာတိုက်ခတ်ခဲ့သောကြောင့် သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ပေါ်စေခဲ့သည်။ မြောက်ပိုင်းရှိကမ္ဘာ့အကြီးမားဆုံးမြစ်ကွန်ရက်များ၏တစ်ခုဖြစ်သည့် Ganges-Brahmaputra- Meghna(GBM)မြစ်စနစ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ခုလုံးကို ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ ၎င်းမြစ်များသည် တိုင်းပြည်ပြင်ပရှိ ဟိမဝန္တာဒေသများနှင့် အိန္ဒိယနိုင်ငံတို့မှ စတင်စီးဆင်းလာခြင်းဖြစ်သည်။

ဆည်တမံများ၊ရေလွှဲများ၊မြစ်တိမ်ကောမှုများနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် ညစ်ညမ်းမှုများသည် မြစ်ဝှမ်းတစ်လျှောက်တွင် နေထိုင်သော လူသန်းပေါင်းများစွာအပေါ် ထိခိုက်ဆုံးရှုံးမှုများစွာဖြစ်ပေါ်စေလျက်ရှိသည်။ ပူပြင်းခြောက်သွေ့သောရာသီတွင် မြစ်များစွာသည် ရေများခန်းခြောက်ပြီး မုတ်သုံရာသီတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်စေလျက်ရှိသည်။ မြစ်များ၏ တစ်ဖက်တစ်ချက်တွင် ဖြစ်ပေါ်လျက်ရှိသော မိုးကြီးမှုနှင့်ညစ်ညမ်းမှုတို့သည် မြစ်ရေစီးမိခန့်ခွဲမှုနှင့် စပ်လျဉ်း၍ အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ်တို့ကဲ့သို့သော အိမ်နီးချင်းနိုင်ငံများကြား ညှိနှိုင်းဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု အားနည်းနေသောကြောင့်ပင်ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည်မြစ်များတိမ်ကောလာမှုနှင့် ပင်လယ်ပြင်မြင့်တက်လာမှုတို့ ဖြစ်ပေါ်လျက်ရှိသည့် အဓိကရာသီဥတု ၂ မျိုး၏ ဖိအားများကြားတွင် တည်ရှိလျက်ရှိသည်။ အဆိုပါရာသီဥတုဖြစ်စဉ် ၂ မျိုးစလုံးသည် ပြောင်းလဲဖြစ်ပေါ်လျက်ရှိပြီး မကြာခဏ သေဆုံးမှုများဖြစ်ပေါ်စေလျက်ရှိသည်။ မြစ်ဝှမ်းဒေသတွင်နေထိုင်သော ပြည်သူများသည် ရေကြီးရေနစ်မှုများနှင့် ရင်ဆိုင်ရလျက်ရှိသည်။ အဆိုပါမြစ်များသည် လူမှုအသိုက်အဝန်းများအသက်ရှင်ရပ်တည်ရေးအတွက် အသက်သွေးကြောပင်ဖြစ်သည်။ သို့သော် ရာသီဥတုပြောင်းလဲမှုအလျင်အမြန်ဖြစ်ပေါ်နေသောခေတ်ကြီးတွင် မြစ်များနှင့် ပင်လယ်၏ချိတ်ဆက်မှုသည် မကြာခဏခြိမ်းခြောက်မှုဖြစ်ပေါ်စေလျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တောင်ပိုင်းဒေသတွင် ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံစားနေရပြီး မြောက်ပိုင်းနှင့် အရှေ့ပိုင်းတွင် ရေကြီးရေလျှံမှုများကြုံတွေ့ရလျက်ရှိသည်။

**စားနပ်ရိက္ခာလိုအပ်ချက်များ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လူဦးရေသန်း ၁၆၀ ကျော်ရှိသည့် ဖွံ့ဖြိုးဆဲနိုင်ငံပင်ဖြစ်သည်။ မကြာသေးမီနှစ်များအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏စီးပွားရေးသည် ဒေသတွင်း၌ အလျင်မြန်ဆုံး တိုးတက်လျက်ရှိသောစီးပွားရေးလုပ်ငန်းများအနက်မှ တစ်ခုအဖြစ်ရပ်တည်လျက်ရှိသည်။ ပြည်သူများသည် နေ့စဉ်စားနပ်ရိက္ခာရရှိရေးအတွက် စိုက်ပျိုးရေးနှင့် ဈေးကွက်တို့အပေါ် အလွန်အမင်းမှီခိုအားထားရလျက်ရှိသောကြောင့် ထိခိုက်လွယ်အုပ်စုများပင်ဖြစ်သည်။

မကြာသေးမီကဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများသည် ဒေသများစွာကို သက်ရောက်မှုရှိခဲ့သည်။ စပါးစိုက်ခင်း ၂၈၁၃၃၃ ဟက်တာ ရေနစ်ပျက်စီးခဲ့ပြီး ခန့်မှန်း အမေရိကန်ဒေါ်လာ ၂၈၅ သန်းတန်ဖိုးရှိသည့် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးခဲ့သဖြင့် ခရိုင် ၂၃ ခုမှ လယ်သမား ၁ ဒသမ ၄၁ သန်းသည် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် ပျက်စီးဆုံးရှုံးမှုများကြောင့် ဆန်ဈေးနှုန်းများမြင့်တက်လာမည်မှာ အသေအချာပင်ဖြစ်သည်။ စားနပ်ရိက္ခာလုံခြုံမှုသည် ကြီးမားသောပူပန်မှုအဖြစ်ဆက်လက်တည်ရှိလျက်ရှိပြီး ရေကြီးရေလျှံမှုနှင့် ဆိုင်ကလုန်းမုန်တိုင်းများကဲ့သို့သော သဘာဝဘေးအန္တရာယ်များသည် စိုက်ပျိုးရေးနှင့်လူနေမှုဘဝတို့အပေါ် ကြီးမားသော ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေလျက်ရှိသည်။

**ကူရာမဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ**

ရာသီဥတုပြောင်းလဲမှုကို ကမ္ဘာလုံးဆိုင်ရာအရေးပေါ်အခြေအနေအဖြစ် ကြေညာထားလျက်ရှိပြီး လူသားတို့၏ကျန်းမာရေးနှင့် ကမ္ဘာကြီး၏ရုပ်ပိုင်းဆိုင်ရာဝန်းကျင်အပေါ် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ပေါ်စေလျက်ရှိသည်။ ကမ္ဘာ့နိုင်ငံများကြား ရေ၊ စားနပ်ရိက္ခာနှင့် မြေထိန်းချုပ်ရေးနှင့်ဆက်နွှယ်သောယှဉ်ပြိုင်မှုနှင့် ပဋိပက္ခများမြင့်တက်လာလျက်ရှိသောကြောင့် ရာသီဥတုပြောင်းလဲမှုသည် နိုင်ငံတကာငြိမ်းချမ်းမှုနှင့် လုံခြုံမှုအပေါ်တွင်လည်း ခြိမ်းခြောက်မှုဖြစ်ပေါ်စေလျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အဆိုပါပဋိပက္ခများအတွင်း ပိတ်မိလျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရေကြီးရေလျှံမှုအပေါ် တုံ့ပြန်ဆောင်ရွက်မှုများရှိသော်လည်း နိုင်ငံရေးပိုင်းဆိုင်ရာပဋိပက္ခများအနေဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာပြဿနာများအပေါ် အချေအတင်ဆွေးနွေးမှုများမရှိသေးပေ။ သို့သော် မိုဟာမက်ယူနွတ်ဦးဆောင်သည့် ကြားဖြတ်အစိုးရအဖွဲ့သည် Syeda RizwanaHasanကို သဘာဝပတ်ဝန်းကျင်၊ သစ်တောနှင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ်ခန့်အပ်ထားသောကြောင့် မြစ်များညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများအပေါ် အရေးယူဆောင်ရွက်သွားမည့် မျှော်မှန်းချက်များ ထွက်ပေါ်လာလျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်ကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများသည် လက်ရှိအချိန်ထိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ စွမ်းအင်နှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုတို့အပေါ် အာရုံစိုက်ဆောင်ရွက်ရလျက်ရှိသည်။ မည်သို့ပင်ဆိုစေ ကမ္ဘာလုံးဆိုင်ရာပူနွေးလာမှုကို ဆက်လက်လျစ်လျူရှုထားမည်ဆိုလျှင် ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာသည့် ပျက်စီးဆုံးရှုံးမှုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် ပိုမိုကြီးမားလာစေမည်ဖြစ်ပေသည်။

**ကိုးကား**

- Heavy Climate Toll on Bangladesh Warrants Attention and Action By The Diplomat.

ဝင်းဇင်(သုတေသန)

# နိုင်ဂျီးရီးယားနိုင်ငံ ဘော်နိုပြည်နယ်တွင် ရေဘေးသင့်ပြည်သူများ ကူးစက်ရောဂါများကိုကုသရန် ဆေးဝါးအခက်အခဲဖြစ်ပေါ်နေ



**အဘူဂျာ စက်တင်ဘာ ၁၈**

နိုင်ဂျီးရီးယားနိုင်ငံတွင် ဩဂုတ်လနှောင်းပိုင်းမှစ၍ ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ဘော်နိုပြည်နယ်တွင် ရေဘေးသင့်ပြည်သူများ ရေလွှမ်းမိုးမှုကြောင့်ဖြစ်ပွားသော ကူးစက်ရောဂါများအတွက် ဆေးဝါးကုသမှုခံယူရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း ကုလသမဂ္ဂဒုက္ခ သည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)မှ စက်တင်ဘာ ၁၇ ရက်က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဩဂုတ်လနှောင်းပိုင်းမှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် နိုင်ဂျီးရီးယားနိုင်ငံအတွင်းရှိ ပြည်နယ် ၃၆ ခုအနက် ပြည်နယ် ၃၀ တွင် ထိခိုက်မှုများဖြစ်ပေါ်ခဲ့ရာ လူဦးရေ တစ်သန်းကျော် ထိခိုက်ခဲ့ပြီး လူ ၂၆၉ ဦးသေဆုံးကာ လူဦးရေ ၆၄၀၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း နိုင်ဂျီးရီးယားအစိုးရက သတင်းထုတ်ပြန်ထားသည်။

ရေကြီးမှုကြောင့် အကျပ်အတည်းဖြစ်ပွားမှုသည် နိုင်ငံအရှေ့မြောက်ဘက်ရှိ မိုင်ဒူဂူမြို့တွင် ပိုမိုဆိုးရွားလျက်ရှိပြီး အဆိုပါဒေသတွင် ရေကြီးမှုကြောင့် လူဦးရေ ၃၀ ကျော် သေဆုံးခဲ့ပြီး လူအများအပြား ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ရာ ယခုအခါ လူအများစုမှာ အစားအစာနှင့် ရေသန့်မရရှိဘဲ ခိုလှုံရေးစခန်းများတွင် နေထိုင်နေကြရပြီး ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာအခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း UNHCR ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရေလွှမ်းမိုးမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသဖြင့် အဆိုပါဒေသတွင် နေထိုင်လျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးဘေးကင်းမှုသာမက အကူအညီပေးရေး အေဂျင်စီများနှင့် အစိုးရအဖွဲ့အစည်းများ၏ ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများ ခက်ခဲနေကြောင်း သိရသည်။

Ref : Xinhua News

Trs : AZH

# နယူးကယ်လီဒိုးနီးယားကျွန်းတွင် တောမီးလောင်ကျွမ်းမှု အရေးပေါ်အခြေအနေသတ်မှတ်



**ဝယ်လင်တန် စက်တင်ဘာ ၁၈**

နယူးဇီလန်နိုင်ငံ နယူးကယ်လီဒိုးနီးယားကျွန်း မြောက်ဘက်ပိုင်းတွင် စက်တင်ဘာ ၁၅ ရက်က စတင်၍ တောမီးလောင်ကျွမ်းနေပြီး တောမီးအရှိန် ပြင်းထန်နေသဖြင့် တောမီးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် ယနေ့တွင် သတ်မှတ်ထားကြောင်း နယူးကယ်လီဒိုးနီးယားကျွန်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် နယူးကယ်လီဒိုးနီးယားကျွန်း၏ အဓိက နယ်မြေတစ်ခုဖြစ်သည့် ဂရန်တာရယ် နယ်မြေအနီးတွင် လောင်ကျွမ်းနေခြင်းဖြစ်ပြီး တောမီးအရှိန်ပြင်းထန်နေသော်လည်း နေအိမ်များသို့ ကူးစက်နိုင်ခြေနည်းပါးသည့်အတွက် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် အမိန့် မထုတ်ပြန်သေးခြင်းဖြစ်ကြောင်း သိရသည်။

"ဒီတောမီးလောင်ကျွမ်းမှုဟာ သဘာဝအလျောက် လောင်ကျွမ်းနေတဲ့တောမီးမဟုတ်ပါဘူး။ ဒေသခံတချို့ရဲ့ မီးပေါ့ဆမှုကြောင့်ဖြစ်ပေါ်လာတဲ့ တောမီးလောင်ကျွမ်းမှုမျိုးဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧက ၁၀၀၀ ကျော် မီးလောင်ကျွမ်းခဲ့ပါတယ်။ တောမီးအန္တရာယ် အရေးပေါ်အခြေအနေ သတ်မှတ်ထားပါတယ်။ တောမီးကို ထိန်းချုပ်နိုင်တဲ့အချိန်ကျရင်တော့ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်စေတဲ့ အဓိကတရားခံကို ရှာဖွေဖော်ထုတ်သွားပါမယ်"ဟု နယူးကယ်လီဒိုးနီးယား မီးသတ်တပ်ဖွဲ့မှ အရာခံဗိုလ် ကီဗင်လက်လာက ပြောကြားခဲ့သည်။

တောမီးအန္တရာယ် အရေးပေါ်အခြေအနေ သတ်မှတ်ထားသည့် ဧရိယာများတွင် ကိုမက်ဒေသနှင့် ကာလာဂိုမန်ဒေသတို့လည်း ပါဝင်နေပြီး တောမီးထိန်းချုပ်နိုင်မှုအခြေအနေပေါ်မူတည်၍ ဘေးလွတ်ရာ ရွှေ့ပြောင်းမိန့်နှင့်ပတ်သက်ပြီး လိုအပ်သလို ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း နယူးကယ်လီဒိုးနီးယားကျွန်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# အီတလီနိုင်ငံက ရုပ်ကြွင်းလောင်စာမှ သန့်ရှင်းသောစွမ်းအင်ကူးပြောင်းရေး ဆောင်ရွက်မည့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ကူညီပေးသွားမည်

**ရောမ စက်တင်ဘာ ၁၈**

အီတလီနိုင်ငံသည် ရုပ်ကြွင်းလောင်စာမှ သန့်ရှင်းသည့်စွမ်းအင်ကူးပြောင်းရေးအတွက် စိတ်ဝင်တစား ဆောင်ရွက်သွားမည့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ကူညီပေးသွားမည်ဖြစ်ကြောင်း အီတလီ ဗဟိုဘဏ်က ထုတ်ပြန်ကြေညာသွားခဲ့သည်ဟု စက်တင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး တိုက်တွန်းသွားမည်ဖြစ်ပြီး ရုပ်ကြွင်းလောင်စာမှ သန့်ရှင်းသည့်စွမ်းအင်ကဏ္ဍသို့ ပြောင်းလဲရေးကုန်ကျမည့်ရင်းနှီးမြှုပ်နှံမှုအတွက် အီတလီဗဟိုဘဏ်အနေဖြင့် ကူညီသွားမည်ဖြစ်ပြီး ကူညီမည့်ဖွံ့ဖြိုးဆဲနိုင်ငံများကို စိစစ်ကာကမ်းလှမ်းသွားမည်ဖြစ်ကြောင်း အီတလီဗဟိုဘဏ်မှ ပြောရေးဆိုခွင့်ရှိသူ ပါနက်တာက ပြောကြားခဲ့သည်။

"ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ စီးပွားရေးနဲ့ ထွန်းသစ်စဈေးကွက်တွေ အသွင်ကူးပြောင်းရေးစီမံချက်တွေကို ငွေကြေးပံ့ပိုးကူညီတာဟာ ဖွံ့ဖြိုးပြီးဈေးကွက်မှာ ရင်းနှီးမြှုပ်နှံတာထက် နှစ်ဆပိုများလိမ့်မယ်"ဟု ပါနက်တာက ပြောကြားခဲ့သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကာဗွန်ထုတ်လွှင့်မှုလျှော့ချရေးကို ဆောင်ရွက်လိုသော်လည်း သန့်ရှင်းသည့်စွမ်းအင်ကဏ္ဍကို အကောင်အထည်ဖော်ရန် ရင်းနှီးမြှုပ်နှံမှုများလိုအပ်နေကြောင်း၊ အီတလီဗဟိုဘဏ်အနေဖြင့် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ရောက်ရှိရေး ပါဝင်ကူညီပေးသွားမည်ဖြစ်ကြောင်း ပါနက်တာက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ထိုင်းနိုင်ငံ ရေဘေးဒဏ်သင့်ပြည်သူများကိုပံ့ပိုးရန် အစိုးရက ဘတ် ၃ ဒသမ ဝ၄ ဘီလီယံ ခွင့်ပြု

**ဗန်ကောက် စက်တင်ဘာ ၁၈**

ထိုင်းနိုင်ငံသည် ရာဂီမုန်တိုင်းတိုက်ခတ်မှုကြောင့် ရေဘေးဒဏ်သင့်ပြည်သူများအတွက် အရေးပေါ်ရန်ပုံငွေပံ့ပိုးပေးသွားရန် ပြည်ထဲရေးဝန်ကြီးဌာနက အစိုးရအဖွဲ့ထံသို့ တင်ပြတောင်းခံခဲ့ရာ အစိုးရက ပံ့ပိုးကြေးငွေအဖြစ် ဘတ် ၃ ဒသမ ဝ၄ ဘီလီယံထိ ခွင့်ပြုပေးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်းနှင့် ရေကြီးရေလျှံမှုကြောင့် နေရပ်ကိုစွန့်ခွာကာ ကယ်ဆယ်ရေးစခန်းများတွင် ရွှေ့ပြောင်းနေထိုင်ရသည့် ဒေသခံဦးရေများပြားနေပြီး မိသားစုပေါင်း ၃၃၈၃၉၁ စုထိ ဘေးလွတ်ရာရွှေ့ပြောင်းထားရသည့် အခြေအနေဖြစ်ကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသည့် ရက်အလိုက်ပေါ်မူတည်၍ ပံ့ပိုးကြေးငွေပမာဏ သတ်မှတ်သွားမည်ဖြစ်ပြီး ရေဘေးအန္တရာယ်ဖြင့် တစ်ရက်မှ ရက်ပေါင်း ၃၀ အတွင်း ရင်ဆိုင်ခဲ့ရသည့် မိသားစုများကို ဘတ် ၅၀၀၀ ပံ့ပိုးပေးအပ်သွားမည်ဖြစ်ပြီး ရက်ပေါင်း ၃၁ ရက်မှ ၆၀ အတွင်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသည့် မိသားစုများကို ဘတ် ၇၀၀၀ ပံ့ပိုးပေးသွားမည်ဖြစ်သည်။

ရက်ပေါင်း ၆၀ အထက် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသော မိသားစုများကို ဘတ် ၉၀၀၀ ထိ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မုန်တိုင်းနှင့် ရေဘေးအန္တရာယ်ကြောင့် နေအိမ်ပျက်စီးမှု ၇၀ ရာခိုင်နှုန်းကျော်ရှိခဲ့သော နေအိမ်များမှ ဒေသခံများကို အပိုပံ့ပိုးကြေးငွေအဖြစ် ဘတ် ၂၃၀၀၀၀ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်။

ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် နယ်စပ်ဒေသများတွင်လည်း အိမ်နီးချင်းနိုင်ငံများမှ တာဝန်ရှိသူများဖြင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးအတွက် ထိုင်းဝန်ကြီးချုပ်က ဘုတ်အဖွဲ့ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# တောင်အာဖရိကနိုင်ငံက ပလတ်စတစ်ညစ်ညမ်းမှုကို ပြန်လည်အသုံးပြုနိုင်သောစနစ်ဖြင့် တိုက်ဖျက်မည်

**ကိပ်တောင်း စက်တင်ဘာ ၁၈**

တောင်အာဖရိကနိုင်ငံသည် ပြန်လည်အသုံးပြုနိုင်သော စနစ်ကို မြှင့်တင်ခြင်းဖြင့် ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်သွားမည်ဖြစ်ကြောင်း အစိုးရ၏ သစ်တော၊ ငါးလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လက်ထောက်ဝန်ကြီးက ပြောကြားခဲ့သည်ဟု စက်တင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

တောင်အာဖရိကနိုင်ငံအနေဖြင့် ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ရေးလုပ်ငန်းများကိုလုပ်ဆောင်ရာတွင် ပြန်လည်အသုံးပြုနိုင်သည့် စွမ်းရည်ကို မြှင့်တင်ခြင်းဖြင့် ဖြေရှင်းဆောင်ရွက်ရန် စက်တင်ဘာ ၁၅ရက်မှ ၁၈ ရက်ထိ "West to Wealth: Solutions for a Sustainable Future" ခေါင်းစဉ်ဖြင့် ကိပ်တောင်းမြို့တွင် ကျင်းပခဲ့သည့် International Solid Waste Association World Congress တွင် သစ်တော၊ ငါးလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လက်ထောက်ဝန်ကြီး ဘာနစ်ဆွာစ်က မိန့်ခွန်းပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံအနေဖြင့် ပလတ်စတစ်ညစ်ညမ်းမှုနှင့် ပင်လယ်ရေထွက်ပစ္စည်းများ ညစ်ညမ်းမှုကို တိုက်ဖျက်ရန် စီစဉ်လုပ်ဆောင်လျက်ရှိပြီး ပလတ်စတစ်အမှိုက် စီမံခန့်ခွဲရေးနှင့် ပလတ်စတစ်ညစ်ညမ်းမှု ပပျောက်ရေးအတွက် ပြန်လည်အသုံးပြုနိုင်သည့် ပလတ်စတစ်ထုတ်ကုန်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်လျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်မှစ၍ ပလတ်စတစ်အိတ်များ ပြန်လည်အသုံးပြုနိုင်ရေးနှင့်ပတ်သက်၍ ၅၀ ရာခိုင်နှုန်း အသုံးပြုနိုင်ရေးသတ်မှတ်ခဲ့ပြီး ၂၀၂၇ ခုနှစ်အရောက်တွင် ရာနှုန်းပြည့် ပြန်လည်သုံးစွဲနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘာနစ်ဆွာစ်က ဆက်လက်ပြောကြားခဲ့သည်ဟုသိရသည်။

Ref : Xinhua News

Trs : AZH

# ရေညှိအမျိုးအစားများနှင့် အသုံးဝင်ပုံ

နှင်းအိ(ရာမညမြေ)



ရေညှိဆိုတာ ပင်လယ်ထဲမှာ သဘာဝအတိုင်းဖြစ်ပေါ်တဲ့အရာတွေပဲဖြစ်ပါတယ်။ Seaweed လို့ခေါ်တဲ့ရေညှိတွေက အမျိုးအစားအများကြီးရှိကြပြီး အစိမ်းရောင်၊ အညိုရောင်၊ အနီရောင်တို့ဖြစ်ကြပါတယ်။ စားလို့ရတဲ့ရေညှိအမျိုးအနွယ်တွေက အများကြီးပါ။ ဘယ်ရေညှိအမျိုးအစားမဆို ကျန်းမာရေးအတွက် အထောက်အကူပြုကြပါတယ်။ ရေညှိက ကုန်းပေါ်မှာစိုက်တဲ့ ဟင်းသီးဟင်းရွက်တွေနဲ့ မတူဘဲ ထူးခြားတဲ့အာဟာရတွေကို ပေးစွမ်းနိုင်ပါတယ်။ ကျန်းမာစေတဲ့ ဓာတ်စာအဖြစ် ထည့်သွင်းစားသုံးဖို့လဲ သင့်တော်တယ်လို့ အာဟာရပညာရှင်တွေက အကြံပြုထားကြပါတယ်။ ရေညှိမှာ အိုင်အိုဒင်းဓာတ်၊ ဗီတာမင်အေ၊ ဗီတာမင် B12၊ ဗီတာမင်စီ၊ သံဓာတ်၊ မဂ္ဂနီစီယမ်နဲ့ ကယ်လ်စီယမ်ဓာတ်တွေ ပါဝင်ပါတယ်။ ဒါကြောင့် ဆေးဝါးအဖြစ်ထုတ်လုပ်တဲ့နေရာမှာ နာမည်ကြီးပြီး ဆေးတောင့်၊ ဆေးမှုန့်၊ နှစ်မျိုးစလုံးထုတ်လုပ်နိုင်ပါတယ်။

**ရေညှိစားသုံးပုံ**

အနီရောင်ရေညှိအမျိုးအစားဖြစ်တဲ့ Nori ကိုတော့ ရေညှိထမင်းလိပ်ပြုလုပ်တဲ့အခါမှာ အသုံးပြုကြသလို ခေါက်ဆွဲပြုတ်၊ ထမင်းစတာတွေအပေါ်မှာလဲ နှမ်းနဲ့ရောဖြူးပြီး စားကြပါတယ်။ ဒါ့ပြင် ဟင်းသီးဟင်းရွက်အသုပ်တွေမှာလဲ ထည့်သွင်းစားသုံးနိုင်ပါသေးတယ်။

ရေညှိတွေကို အဆာပြေသရေစာမုန့်တွေအဖြစ် ပြုလုပ်ကြပါတယ်။ ရေညှိကြော်၊ ရေညှိဟင်းခပ်မှုန့်တွေအပြင် ရေညှိမုန့်ခြောက်တွေကိုလဲ ထုတ်လုပ်နိုင်ပါတယ်။ အခြောက်ခံ၊ အမှုန့်ကြိတ်ပြီး အာဟာရဖြည့်စွက်ဆေးတွေအဖြစ်လဲ ပြုလုပ်ကြပါတယ်။ ရေညှိကို ဝါးစားရတာ မကြိုက်တဲ့သူတွေအတွက် အမှုန့်ကြိတ်ပြီး ဖျော်ရည် ဒါမှမဟုတ် စွပ်ပြုတ်ထဲထည့်ကာ စားသုံးနိုင်ပါတယ်။ စားဖိုမှူးတွေရဲ့ ဆန်းသစ်တီထွင်မှုတွေနဲ့ ရေညှိရေခဲမုန့်ကို နိုင်ငံတချို့မှာ စားသုံးနေကြပြီ။ ဂျပန်နိုင်ငံရဲ့ မီဆိုဟင်းရည်ထဲမှာ ရေညှိကိုအသုံးပြုပြီး ကိုရီးယားနိုင်ငံရဲ့ ထမင်းလိပ်နဲ့ ဆူရှီတွေမှာလဲ ရေညှိကိုအသုံးပြုကြပါတယ်။

**ရေညှိအမျိုးအစားများနှင့် အသုံးဝင်ပုံ**

ရေညှိတွေဟာ အမျိုးအစားများစွာရှိကြပြီး တစ်ခုနဲ့တစ်ခု မတူကြသလို စားသုံးတဲ့အခါရရှိမဲ့ ကျန်းမာရေးအကျိုးကျေးဇူးတွေကလဲ မတူညီကြပါဘူး။ ရေညှိအမျိုးအစားပေါင်း ၃၀ လောက်ရှိကြပါတယ်။ မြန်မာလို "ရေမှော်"လို့လဲ ခေါ်ကြပါတယ်။ နာမည်ကြီးရေညှိတွေကတော့ -

**၁။ Algin ရေညှိ**

ရေညှိကိုအခြေခံပြီး ထောင်ချီတဲ့စားသောက်ကုန်တွေ ပြုလုပ်လေ့ရှိကြပါတယ်။ Alginလို့ ခေါ်တဲ့ ရေညှိအမျိုးအစားကတော့ ပျော့ပျောင်းတာမို့ သွားတိုက်ဆေး၊ ခေါင်းလျှော်ရည်နဲ့ဆေးဝါးထုတ်လုပ်တဲ့နေရာမှာ အသုံးပြုကြတဲ့အပြင် ရေခဲမုန့်မှာလဲ ထည့်စားလို့ရတဲ့ရေညှိအမျိုးအစားက Algin ပဲ ဖြစ်ပါတယ်။

**၂။ Nori ရေညှိ**

Nori လို့ခေါ်တဲ့ ရေညှိအမျိုးအစားကတော့ သေးငယ်ပြီး အခြောက်ခံရောင်းကြပါတယ်။ ထမင်းလိပ်တွေလုပ်တဲ့အခါမှာ အသုံးပြုကြပါတယ်။ အမိုင်နိုအက်စစ်နဲ့ ဂလူတမိတ်ဓာတ်ပါဝင်ပြီး ချိုတဲ့အရသာရှိတာမို့ကြိုက်နှစ်သက်တဲ့ဟင်းတွေနဲ့ တွဲဖက်စားသုံးနိုင်ပါတယ်။

**၃။ Spirulina စိမ်းပြာရေညှိ**

ရေညှိအမျိုးအစားတွေထဲမှာ စိမ်းပြာရေညှိအဖြစ် နာမည်ကျော်ကြားတာကတော့ စပီရူလိုင်းနား (Spirulina) ပဲ ဖြစ်ပါတယ်။ စပီရူလိုင်းနားဟာ အာဟာရဓာတ်အကြွယ်ဝဆုံး စားစရာတွေထဲမှာပါဝင်ပါတယ်။ အာကာသထဲကိုသွားရတဲ့ အာကာသယာဉ်မှူးတွေအတွက် အာဟာရဓာတ်တွေ ပေးစွမ်းနိုင်တဲ့ ရေညှိတစ်မျိုးပါ။ စပီရူလိုင်းနားရေညှိခြောက် တစ်ဇွန်း ဒါမှမဟုတ် တစ်ပြားမှာ ပရိုတင်းများစွာ ပါဝင်တဲ့အပြင် အမိုင်နိုအက်စစ်၊ ဗီတာမင်များစွာ၊ သတ္တုဓာတ်နဲ့ လျှပ်လိုက်ရည်တို့ ပါဝင်ပါတယ်။ စပီရူလိုင်းနားဆိုတာက ပင်လယ်ရေမှော်လို အပင်တစ်မျိုးဖြစ်ပြီး ကြည်လင်သန့်ရှင်းတဲ့ ပတ်ဝန်းကျင်ရှိ ရေကန်တွေ၊ မြစ်တွေမှာပေါက်ရောက်ပေမဲ့ နိုင်ငံတိုင်းမှာမရှိပါဘူး။ စပီရူလိုင်းနားက မက္ကဆီကိုနိုင်ငံရှိ တက်ကိုကိုကန်(Lake Texcoco)၊ ချက်နိုင်ငံရှိ ချက်ရေကန် (Lake Chad) နဲ့ ဘိုဒူရေကန် (Lake Bodou)၊ ရောင်ဘူရေကန်၊ ကင်ညာနိုင်ငံရှိ နာကူရူးရေကန်(Lake Nakuru) နဲ့ အယ်လီမန်တီရှားရေကန် (Lake Elementeitia)၊ အီသီယိုးပီးယားနိုင်ငံရှိ အရာဂွတ်ဒီရေကန် (Lake Arangudiadi) နဲ့ ကီလိုတီးစ်ရေကန်(Lake Kilotes)၊တရုတ်နိုင်ငံရှိ ချန်ကိုင်းရေကန်(Chenghai Lake)တွေမှာ ထွက်ရှိနိုင်ပါတယ်။

မြန်မာနိုင်ငံမှာလဲ စပီရူလိုင်းနားထွက်တဲ့ နေရာရှိပြီး အားလုံးကတော့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာပါ။ ဘုတလင်မြို့နယ်ရှိ တွင်းတောင်၊ ကနီမြို့နယ်အတွင်းရှိ တောင်ပျောက်အင်းနဲ့ တွင်းမအင်း၊ စစ်ကိုင်းမြို့နယ်ရှိ ရေခါးအင်းတို့ပဲဖြစ်ပါတယ်။ ဒီလိုမျိုးရှားပါးပြီး သဘာဝအတိုင်းထွက်တဲ့ စိမ်းပြာရေညှိဟာ အလှအပနဲ့ ကျန်းမာရေးအတွက် အလွန်အကျိုးရှိတဲ့အပြင် အာဟာရဓာတ်နဲ့ အသားဓာတ်များစွာပါဝင်ပါတယ်။ စပီရူလိုင်းနားဟာဆိုရင် ကမ္ဘာပေါ်မှာ နာမည်အကြီးဆုံး ဖြည့်စွက်အားဖြည့်စာ တစ်မျိုးလဲဖြစ်ပါတယ်။ ဦးနှောက်နဲ့ ခန္ဓာကိုယ်ကို ပံ့ပိုးပေးနေတဲ့ အာဟာရဓာတ်များစွာနဲ့ အင်တီအောက်စီးဒင့်တွေပါဝင်နေလို့ပဲဖြစ်ပါတယ်။

စပီရူလိုင်းနား တစ်ဂရမ်မှာဆိုရင် ပရိုတင်း၊ ဗီတာမင်ဘီ၊ ကယ်လ်စီယမ်နဲ့ အိုင်းယွန်း (သံဓာတ်)တွေဟာ အခြားအစားအစာတွေနဲ့ ယှဉ်ရင် ပါဝင်မှုပိုများပါတယ်။ ပရိုတင်းဓာတ်တွေလဲအများကြီးပါဝင်တာကြောင့် အစာချေဖျက်တာကို ကူညီပေးနိုင်တဲ့အပြင် ကိုလက်စထရောကိုလဲ တိုက်ထုတ်ပေးနိုင်ပါတယ်။ ဒါ့ပြင် စပီရူလိုင်းနားဟာ ခန္ဓာကိုယ်ထဲမှာရှိတဲ့ ဟဲဗီးမက်တယ်ဓာတ်တွေကို တိုက်ထုတ်ပေးနိုင်တဲ့အစွမ်းရှိပြီး ကလိုရီဖီးလ်ပါဝင်မှုမြင့်မားတာကြောင့် သွေးတွင်းမှာရှိတဲ့ အဆိပ်တွေကို ဖယ်ရှားကာ ကိုယ်ခံအားကို မြင့်တက်စေပါတယ်။ စပီရူလိုင်းနားမှာ ပရိုတင်းနဲ့ GLA လို့ခေါ်တဲ့ အက်စစ်ဓာတ်အများကြီးပါဝင်ပါတယ်။ GLA ဆိုတာ ရောင်ရမ်းမှုကို ကာကွယ်ပေးနိုင်တဲ့ အက်စစ်ဓာတ်ပဲဖြစ်ပါတယ်။ GLA ဓာတ်က မိခင်ရဲ့နို့မှာပါရှိတတ်ပြီး အစားအစာတွေမှာ ပါဝင်မှုနည်းတာကြောင့် ရှားပါးဓာတ်လို့တောင်ပြောလို့ရပါတယ်။

စိမ်းပြာရေညှိမှာဆိုရင်တော့ GLA ဓာတ်အပြင် အိုမီဂါ-၃၊ အိုမီဂါ-၆၊ အိုမီဂါ-၉ တွေလဲ ပါဝင်ပါတယ်။ အင်တီအောက်စီးဒင့်လဲ ပါဝင်တာမို့ဆဲလ်တွေပျက်စီးခြင်းမှ ကာကွယ်ပေးပြီး ရောင်ရမ်းမှုကို ဆန့်ကျင်တဲ့ အစွမ်းထက်ဖိုင်ကိုစိုင်ယာနင်ဓာတ်လဲ ပါဝင်နေပါတယ်။စပီရူလိုင်းနားက ခန္ဓာကိုယ်တွင်းအင်တီအောက်စီးဒင့်ပမာဏကိုတိုးလာနိုင်တာ၊ သွေးပေါင်ချိန်ကို လျော့ကျစေနိုင်တာ၊ သွေးတွင်းသကြားဓာတ်ကို ထိန်းချုပ်ပေးတာ၊ကိုလက်စထရောကိုကျစေနိုင်တာ၊ အသည်း ကျန်းမာရေးအတွက်အထောက်အကူပြုတာ၊ အဝလွန်တာမဖြစ်စေဖို့ကာကွယ်ပေးတာ စတာတွေကိုသက်သာပျောက်ကင်းစေနိုင်ပါတယ်။ စပီရူလိုင်းနားသောက်သုံးတာဟာ လူတော်တော်များများမှာ အန္တရာယ်ကင်းပေမဲ့ အချို့လူတွေမှာတော့ ခန္ဓာကိုယ်မှာ အဖုအပိမ့်တွေ ထွက်လာတာ၊ ခေါင်းကိုက်တာ၊ ကြွက်သားတွေနာကျင်တာ၊ ချွေးထွက်လွန်တာ၊ အိပ်မပျော်တာ စတာတွေဖြစ်တတ်ပါတယ်။ အဲဒါမျိုးတွေ ဖြစ်လာပြီဆိုရင်တော့ နီးစပ်ရာဆရာဝန်ရဲ့ အကြံပြုချက်ကို ရယူပြီးမှသာ ဆက်လက်သောက်သုံးရန်သင့်မသင့် ဆုံးဖြတ်သင့်ပါတယ်။

**၄။ Dulse ရေညှိ**

Dulse လို့ခေါ်တဲ့ ရေညှိအမျိုးအစားကတော့ ဆလတ်ရွက်နဲ့တူပြီး အနီရောင်အဆင်းရှိပါတယ်။ Dulse ရေညှိအမျိုးအစားဟာ ရေအောက်ကခူးပြီးပြီးချင်း အခြောက်ခံရပြီး ရေညှိပွင့်ခြောက် ဒါမှမဟုတ် အမှုန့်ကြိတ်ပြီး ပေါင်ဒါမှုန့်အဖြစ်နဲ့ မြင်တွေ့ရတတ်ပါတယ်။

**၅။ Wakame ရေညှိ**

အညိုရောင်ရေညှိအမျိုးအစားဖြစ်တဲ့ Wakame ရေညှိဟာ ထင်ရှားကျော်ကြားပြီး အရွက်သုပ်ထဲမှာ ထည့်စားလို့ရသလို ထမင်းလိပ်နဲ့ စွပ်ပြုတ်တွေထဲထည့်ပြီး အစားများပါတယ်။ Walame အမျိုးအစားရေညှိကိုတော့ အခြောက်ခံရောင်းပေမဲ့ စားခါနီးမှာ ရေထဲခဏခဏစိမ်ပေးဖို့ လိုအပ်ပါတယ်။ ဒါမှသာ ရေညှိထဲကပ်နေတဲ့ ဆားတွေလျော့ပါးသွားပြီး လိုအပ်တဲ့အာဟာရဓာတ်တွေ ရရှိနိုင်မှာဖြစ်ပါတယ်။

**၆။ Kombu ရေညှိ**

Kombu ရေညှိကို အစားအသောက်တွေမှာ ဟင်းခတ်မှုန့်အဖြစ် အသုံးပြုကြပါတယ်။ မီဆိုဟင်းရည်တွေမှာ ဟင်းခတ်အမွှေးအကြိုင်အရသာအနေနဲ့ ထည့်သွင်းစားသုံးကြပါတယ်။ Kombu ရေညှိမှာ ဂက်စ်တွေကို ဖြိုခွဲနိုင်တဲ့ အင်ဇိုင်းများစွာ ပါဝင်တယ်လို့ တွေ့ရှိထားပါတယ်။

**၇။ Chlorella ရေချိုရေညှိ**

ရေချိုရေညှိ Chlorella ကလဲ အာဟာရဓာတ်များစွာ ကြွယ်ဝပါတယ်။ ဒါပေမဲ့ သူ့နံရိုမှုရင်းအတိုင်းဆို မာကျောပြီး အစာခြေဖို့ ခက်ခဲတာကြောင့် ဒီရေညှိကို ဆေးဝါးအဖြစ်သာ တွေ့ရတတ်ပါတယ်။ ခန္ဓာကိုယ်ရဲ့ အဆိပ်အတောက်တွေကို ဖယ်ရှားနိုင်တဲ့ အစွမ်းသတ္တိတွေရှိပါတယ်။

**ရေညှိရဲ့ကျန်းမာရေးကောင်းကျိုးများ**

ရေညှိမှာ အိုင်အိုဒင်းဓာတ်၊ အမျှင်ဓာတ်၊ ဗီတာမင်၊ သတ္တုဓာတ်၊ ပရိုတင်းနဲ့ ဖက်တီး အက်စစ်တွေ ပေါကြွယ်ဝပါတယ်။ သိုင်းရွိုက်လို့ခေါ်တဲ့ လည်မျိုးကျန်းမာရေးအတွက်ကတော့ အိုင်အိုဒင်းဓာတ်က မရှိမဖြစ် လိုအပ်တာပါ။ သိုင်းရွိုက်ပြဿနာဖြစ်ပြီဆိုရင် ကိုယ်အလေးချိန်တက်လွယ်တာ၊ အဝလွန်တာနဲ့လည်ပင်းကြီးရောဂါတွေကို ဖြစ်စေနိုင်ပါတယ်။ နောက်ဆက်တွဲဆိုးကျိုးအနေနဲ့ အိုင်အိုဒင်းမလုံလောက်မှုကြောင့် ကိုယ်ဝန်ဆောင်ချိန်မှာ သန္ဓေသားရဲ့ဦးနှောက်နဲ့ အရိုးကျန်းမာရေးကို ထိခိုက်စေပြီး ကိုယ်ဝန်ပျက်ကျတဲ့ထိ ဖြစ်စေနိုင်ပါတယ်။

ကမ္ဘာပေါ်ရှိ လူဦးရေရဲ့ သုံးပုံတစ်ပုံဟာ တစ်နေ့တာအတွက်လုံလောက်တဲ့ အိုင်အိုဒင်းပမာဏ မီလီဂရမ် ၁၅၀ ကို မရရှိကြပါဘူး။ ဒီလိုမျိုးအတွက်ဆိုရင် ရေညှိဟာ သတ္တုဓာတ်တွေကြွယ်ဝဖို့အတွက် အကောင်းဆုံး ဖြည့်စွက်အစားအစာဖြစ်ပါတယ်။ အိုင်အိုဒင်းအတွက် ရေညှိကိုစားသုံးမယ်ဆိုရင် ဆရာဝန် ညွှန်ကြားချက်နှင့်အညီ စားသုံးသင့်ပါကြောင်း ရေးသားလိုက်ရပါတယ်။

**ကိုးကား**


- မြန်မာ့စွယ်စုံကျမ်း အတွဲ(၆)
- ငါးလုပ်ငန်းစာစဉ် အတွဲ(၁)၊ အမှတ်(၄)
- Fish Base of Myanmar
- Inland Fisheries of Myanmar


❖ရေညှိအမျိုးအစားတွေထဲမှာ စိမ်းပြာရေညှိအဖြစ် နာမည်ကျော်ကြားတာကတော့ စပီရူလိုင်းနား (Spirulina) ပဲ ဖြစ်ပါတယ်။ စပီရူလိုင်းနားဟာ အာဟာရဓာတ်အကြွယ်ဝဆုံးစားစရာတွေ ထဲမှာပါဝင်ပါတယ်။ အာကာသထဲကိုသွားရတဲ့ အာကာသယာဉ်မှူးတွေအတွက် အာဟာရဓာတ်တွေ ပေးစွမ်းနိုင်တဲ့ ရေညှိတစ်မျိုးပါ။ စပီရူလိုင်းနားရေညှိခြောက် တစ်ဇွန်း ဒါမှမဟုတ် တစ်ပြားမှာ ပရိုတင်းများစွာပါဝင်တဲ့အပြင် အမိုင်နိုအက်စစ်၊ ဗီတာမင်များစွာ၊ သတ္တုဓာတ်နဲ့ လျှပ်လိုက်ရည်တို့ ပါဝင်ပါတယ်။ ❖

# ဆေးပညာဘွဲ့ရဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး)ဗိုလ်လောင်းများ ခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန် ပေါင် ၁၀၀ ထက်မနည်းရ။ ပေါင် ၁၃၀ ထက် မကျော်ရ။

(ဃ) **(M.B.B.S)** သို့မဟုတ် **(B.D.S)** ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ်(မူရင်း)အား တင်ပြနိုင်ရမည်။

၂။ သက်ဆိုင်ရာ တက္ကသိုလ်မှ **(Grading Certificate)** အမှတ်စာရင်းပါရှိရမည်။

၃။ မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံ ပူးတွဲတင်ပြရမည်။

၆။ တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၇။ လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူဖြစ်ရမည်။

၈။ လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး အောက်တိုဘာလ ၃၁ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၉။ သတ်မှတ်အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များအား တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**







## သားအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်(၂၅၄)နေ ဦးမောင်မောင်ဌွေး+ဒေါ်မိုးသီတာ တို့၏သား **မောင်ဝေလွင်ဖြိုး ၉/ခအဇ(နိုင်)၀၄၃၉၃၆** သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးမောင်မောင်ဌွေး (၉/မနတ(နိုင်)၀၄၈၆၀၁)**

**ဒေါ်မိုးသီတာ (၉/မကန(နိုင်)၀၃၄၂၀၂)**

## အမည်ပြောင်း

မိုးကုတ်မြို့၊ ကျပ်ပြင်ဈေး (၁၄)ရပ်နေ ဦးဗိုလ်ဝင်း၏ သမီး မကျော့ခိုင်ဝင်း အား မစန်းစန်းလင်း ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မစန်းစန်းလင်း (၉/မကန(နိုင်)၀၉၇၁၆၀)**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဘောဘုံ-အမက မှ ကျောင်းအုပ်ကြီး ဦးကျော်လင်း (ဘ) ဦးအောင်၏မွေးသက္ကရာဇ်အမှန်မှာ အခြေခံပညာအထက်တန်းအောင်လက်မှတ်အရ ၂၃-၂-၁၉၆၄ ဖြစ်ပါကြောင်း။ ၂၃-၂-၁၉၆၄

## ပျောက်ဆုံးကြောင်း

သိန်းနီမြို့၊ ရပ်ကွက်(၁)နေ မလွဲလွဲဝင်း (ဘ) ဦးဝမ်ဆီဟိုက် (၁၃/သနန(နိုင်)၀၄၈၃၃၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-951768) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၆၃၅၂၂၉၄၄

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ မိသားစုတစ်စု၊ နိုင်ငံတစ်နိုင်ငံ ကောင်းမွန်စေရေးအတွက် မိသားစုဝင်များ၊ နိုင်ငံသူ၊ နိုင်ငံသားများကသာ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် မိသားစုကို ချစ်သည့်စိတ်၊ နိုင်ငံကို ချစ်သည့်စိတ်များ ရရှိကြစေရေး မိမိတို့အနေဖြင့် အမျိုးသားရေးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်ကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)မှ အဖွဲ့ဝင်များကို တွေ့ဆုံစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာသာသနာ့ဗိမာန်ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများကို သွားရောက်အားပေး၊ ထောက်ပံ့ရေးပစ္စည်းများပေးအပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာသာသနာ့ဗိမာန် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းအတွင်းရှိ ပြည်သူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာသာသနာ့ဗိမာန် ရေဘေးရှောင် ကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများကို သွားရောက်အားပေးစကားပြောကြားပြီး ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေဘေးရှောင်ပြည်သူများကို အားပေးစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ သမိုင်းတစ်လျှောက် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်များတွင် ယခုတစ်ကြိမ်တွေ့ကြုံရမှုသည် အကြီးမားဆုံးဖြစ်ကြောင်း၊ မိမိ ပုဂံ-ညောင်ဦးခရီးစဉ်မှ အပြန်တွင် **စာမျက်နှာ ၁၆ ကော်လံ ၁** ☆

**Central Hotel**

*YANGON*

အမှတ် - (၃၅၃ ~ ၃၅၇) ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ၊ ပန်းဘဲတန်းမြို့နယ် ၊ ရန်ကုန်မြို့

ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇



⛫ ပြင်ပအစည်းအဝေးပွဲများ

⛫ နှစ်ပတ်လည် အခမ်းအနားပွဲများအား ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..